

ဂါထာ
မဂ္ဂဇင်း
မေတ္တာအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်းသာ အကျိုးရှိ၏။ ဂလာတိ ၅း၆
အသင်းတော်တွင်းကန့်သတ်



ပထမနှစ်ကျောင်းသူ ကျောင်းသားများ



ဒုတိယနှစ်ကျောင်းသူ ကျောင်းသားများ

F-1A

# ဥယျောဇဉ်

လူတို့၏သဘောသဘာဝအရ အသက်အရွယ်ကြီးရင့်လာသည့်အခါ ထင်ပေါ်ကျော်ကြားမှုများ မေးမှိန်သွားပြီး ဩဇာအာဏာသည်လည်း လျော့နည်းသွားတတ်သော်လည်း သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှာမူကား ဘုရားရှင်အတွက်အစေခံရန် မာန်အပြည့်ဖြင့် နုပျိုဆဲဖြစ်ကြောင်းကို သတိထားမိပါသည်။ ဘုရားသခင်၏ကျေးဇူးတရားများကိုလည်း ရေတွက်မိပါသည်။ ဘုရားသခင်ပြုတော်မူသော ကောင်းချီးမင်္ဂလာများကိုလည်း လိုက်လိုက်လဲ့လဲ့ ချီးမွမ်းထောမနာပြုမိပါသည်။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏သက်တမ်းသည် (၂၀၁၀) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်ပါသည်။ ဖြတ်သန်းလာခဲ့သော နှစ်ပေါင်းများစွာအတွင်း ဘုရားသခင်သည် တစ်နေ့မှခွင့်ရက်မယူဘဲ ဓမ္မတက္ကသိုလ်ကိုကြည့်ရှုမစခဲ့ခြင်းကိုလည်း တမြည့်မြည့်ခံစားနိုင်မည်ဖြစ်ပါသည်။ ခံစားသင့်သည်ဟုလည်း ထင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏တန်ခိုးတော်အားဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြသော အမှုတော်ဆောင်ကြီးများကို ခက်ခဲကြမ်းတမ်းမှုကြားမှ သူ၏တန်ခိုးတော်ဖြင့် ရဲရင့်စွာ လျှောက်လှမ်းစေခဲ့ပါသည်။ အခက်အခဲကြားထဲမှ ဘုရားသခင်ကိုအားကိုးပြီး ဂုဏ်တော်ချီးမွမ်း၍ ဘုရားသခင်ဘုန်းတော်ထင်ရှားစေရန် ကြိုးစားနိုင်ခဲ့ခြင်းကို အံ့ဩစရာအဖြစ် မှတ်တမ်းတင်ရပေမည်။

ယခုနှစ် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ဆောင်ပုဒ်မှာ "မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏" (ဂလာတိ ၅း၆) ဖြစ်ပါသည်။ ဤကျမ်းချက်သည် စိန်ခေါ်ချက်တစ်ရပ်လည်း ဖြစ်ပါသည်။ သခင်ယေရှုက သူ၏နောက်လိုက်များကို မိမိလုပ်ဆောင်နေသောအမှုတော်ကိုယုံကြည်လက်ခံရန် မေတ္တာဖြင့် ပြုပြင်ခဲ့ပါသည်။ မေတ္တာအားဖြင့် တည်ဆောက်ပေးခဲ့ပါသည်။ သို့သော်လည်း ရှင်ပြန်ထမြောက်သော ခရစ်တော်ကိုမြင်တွေ့မှ ပေတရု၏အသက်တာပြောင်းလဲသွားခဲ့ပါသည်။ သခင်ယေရှု၏ မေတ္တာအားဖြင့် ပြုပြင်ပေးသောယုံကြည်ခြင်းကိုရရှိကြသော တပည့်တော်များတို့သည် အသက်တာ၌ ကြင်နာတတ်ခြင်း၊ သည်းခံတတ်ခြင်း၊ ခွင့်လွှတ်တတ်ခြင်း ပါရမီများအားဖြင့် အသင်းတော်ကိုတည်ဆောက်ခဲ့ကြပါသည်။ ယနေ့ ကျွန်တော်တို့ခေတ်တွင်လည်း ထိုလမ်းစဉ်ကို မျက်ခြေမပြတ်ဘဲ ဘုရားသခင်ကို အကြွင်းမဲ့ယုံကြည်ခြင်းဖြင့် ကြိုးစားအားထုတ်ကြရန်သာဖြစ်ပါသည်။

အမှုတော်မြတ်၌

**ဘုန်းတော်ကြီးဒေါက်တာရှိမုန်ဘဘင်ထူး**
ကျောင်းအုပ်ကြီး
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်




# ကြာယံ မဂ္ဂဇင်း

သန့်ရှင်းသောကကားတိုင်ဓမ္မတက္ကသိုလ်
နှစ်လည်မဂ္ဂဇင်း(၂၀၀၇-၂၀၀၈)


ဥယျာဇဉ် ၁
စကားပလ္လင် ၄
ကျေးဇူးတင်လွှာ ၅

ကဗျာ
စစ်မှန်သောရှာလှမ် ၆ မေဝါမိုး
နှင်းဆီနီသူရဲကောင်း ၇ ၂ နယ်တူ
စိတ်နှလုံး ၈ စောထူးထူး
နှစ်သစ်ပထမစာမျက်နှာ ၉ လုကာ (HCY)
လိုက်ခဲ့ပါပြီ သခင့်နောက်တော် ၁၀
လှေငယ် ၁၁ ဂျိုးဇက်
သူကြောင့် ၁၂ အာဒမ်
ဘယ်လောက်နီးနီးအဝေးကြီး ၁၃ ဒေါ်စည်စည်လျှာဘိုးကဲ
ဒီနေ့ ၁၄

ကာတွန်း ၁၅ လင်းယုန်ဖြူ

ရင်တွင်းစကား ၁၆

၂၀၀၇-၂၀၀၈ ကျောင်းသူ/ကျောင်းသားစာရင်း ၂၀
Lecturers

































ဆောင်းပါး
သစ္စာဝတ်ဖြေပြီး မေတ္တာရှင်ကိုခိုလှုံပါ ၂၂ မန်းစံစီငွေး
ဘုရားသခင်ထံမှ ယိုစီးလာသော မေတ္တာ ၂၄ ဘီလူးသခင်
မင်္ဂလာတရားတော် ၂၆ ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ
အဝေးကို ထွက်ပြေးသူ ၃၀ စောရီးရှီ (ကေတု)
ချစ်ခြင်းမေတ္တာကိုးစားခြင်းနှင့်ယုံကြည်ခြင်း ၃၅ ဆရာမဒေါ်တင်တင်မြ
မင်္ဂလာရှိသောသူ၏သဘောထားနှင့် ဝိသေသလက္ခဏာများ ၃၈ ကိုရယ် (သတ္တ)
ရှားဖြူကွင်းကျေးရွာ ခရီးသွားမှတ်တမ်း ၄၁ ဘီလူးသခင်
အမှုတော်ဆောင်ခြင်းတွင် လက်တွေ့သဘောတရား ၄၄ သာသနာပိုင်ဒေးဗစ်သန်းလွင်
ကျေးဇူးပါပဲသံလွင်စင်ရော် ၄၆ ဆလိုင်းဗင်ယာမိန်
ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် ခရစ်ယာန်ဘဏ္ဍာစိုး ၄၈ ဦးအောင်လှထွန်း
ကျောင်းအုပ်ကြီး၏မိန့်မှာချက် ၅၄ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘင်ထူး
ရန်ကုန်သာသနာပိုင်ကြီးရွေးချယ်ခြင်းနှင့် ပတ်သက်၍ ၅၆ စီနူး
ကမ္ဘာ၏အသွင်ပြောင်းလဲခြင်းမှသည် ၆၀ မရန်ခွန်ဆိုင်း
အတွေးကိုယ်စီ ၅၉ နော်ဝေး
အနားယူဖို့ ကြိုတင်ပြင်ဆင်ရန် လိုအပ်ခြင်း ၆၃ ဆလိုင်းရှိမုန်
အမှုတော်မြတ်ထမ်းဆောင်ရန် အသစ်ပြုပြင်ဖို့ လိုအပ်ခြင်း ၆၇ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘင်ထူး
အလိုအပ်ဆုံးအရာ ၇၀
နေ့စဉ်အသက်တာသည်းခံခြင်းဖြင့် လျှောက်လှမ်းပါ ၇၂ မေဖြူစင်
လက်ဝါးကပ်တိုင်တော်ခေတ် ၇၅ စောကြည်ဖြူ

ဝတ္ထု
အတ္တရဲ့ နိဂုံး ၇၆ ဟေမာန်
မျှော်လင့်လျက်ပါမောင် ၈၀ နွေဦးမေ
ကျွန်တော်ရဲ့ ကောင်းကင်ဘုံလေး ၈၄ စောချစ်နိုင်






# စကားပလ္လင်

မြန်မာအဘိဓာန်ထဲတွင် မဂ္ဂဇင်းဆိုသည်မှာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စသည့် အကြောင်းအရာမျိုးစုံပါဝင်သော လစဉ်ထုတ်စာစောင်ဟု ဖော်ပြထားပါသည်။ ဝန်ခံစရာတစ်ခုမှာ ရှာလုပ်မဂ္ဂဇင်းကို လစဉ်မထုတ်နိုင်ခဲ့ပေ။ တစ်နှစ်တစ်ခါ၊ နှစ်စဉ်သာ ထုတ်နိုင်ပါသည်။

ကျွန်ုပ်၏အတွေ့အကြုံ၊ ဗဟုသုတ၊ အရည်အချင်းအရ မည်သို့မျှ အယ်ဒီတာ မဖြစ်သင့်ပေ။ သို့သော် ဘုရားသခင်က ဤတာဝန်ကိုပေးအပ်ခဲ့သောကြောင့် ဝမ်းသာပီတိ အမှန်ဖြစ်ခဲ့ရပါသည်။

ဤ ဓမ္မရသမဂ္ဂဇင်းတစ်အုပ်လုံးအား မေတ္တာဖြင့် တည်ဆောက်ထားသောကြောင့် စာဖတ်ပရိသတ်များ၏စိတ်နှလုံးထဲတွင် တွေးစရာလေးတစ်ခု၊ ထိမိတာလေးတစ်ခုခုရှိခဲ့မည်ဆိုပါက ဤဓမ္မရသမဂ္ဂဇင်းကို ထုတ်ဝေရကျိုးနပ်ပါကြောင်း ...။

ရှာလုပ်မဂ္ဂဇင်းကိုယ်စား

**စောမာနယ်ထူး**

အယ်ဒီတာ






Rev. Dr. Simon Be Bin Htu
(Principal)
B.Sc, M.Div, M.Th, D.Min


Rev. Dr. Samuel San Myat Shwe
(Dean of Studies)
B.Th, Ph.D


Saya John Thet Lwin
(Lecturer & Librarian)
B.A. B.Th, M.Div


Rev. Mark Saw Maung Doe
(Lecturer)
B.A, B.D, MTS


Rev. Reginald Bennett
(Lecturer)
B.Sc, B.Th, B.R.E, M.Th


Sayagyi U Saw Aung Hla Htun
(Lecturer)
B.Engg (Met.), M.E (Met)


Rev.Saw Shee Sho
(Lecturer)
B.Th, B.A, B.R.E, M.T.S, Th.M




Rev. Smith Ngul Za Thawng
(Lecturer)
B.Sc, B.R.E, M.Th. (F.D.C.S)


Rev. Salai David
(Lecturer)
B.A (Geo), B.Th. M.A.C.S


Sayama Daw Wai Wai Myint
(Lecturer)
B.A, MTS (Ass: Librarian)


Sayama May Mya Tun
(Lecturer)
B.Sc, B.R.E, Cert. W.A


Sayama Kareng Tawng
(Lecturer) M.A, B.R.E


Sayama Sheila May Mya Nyein
(Lecturer) B.Sc, B.Ed



Sayama Saga Hkawng Tawng
(Lecturer)
B.Sc, B.R.E, M.A. CE



အားသစ်လောင်းဘုန်းတော်ကြီးများ














2007-2008 King&Queen



Dancer Team



၂၀၀၆-၂၀၀၇ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်မှ ဘွဲ့ရရှိသူများ




ဘွဲ့နှင်းသဘင်အခမ်းအနား






ကျောင်းသူကျောင်းသားများ၏

# လှုပ်ရှားမှုဓာတ်ပုံများ









ဝက်ချောင်းရွာတွင် သင်တန်းပေးစဉ် အမှတ်တရ






# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံခရစ်တော်အသင်းတော် (အင်္ဂလိကန်အသင်းတော်) ၏ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ နှစ်စဉ်ထုတ်ဝေသော ရှာလုပ်မဂ္ဂဇင်းကို ယခုနှစ် (၂၀၀၇-၂၀၀၈) စာသင်နှစ်တွင်လည်း ဆက်လက်ထုတ်ဝေခွင့်ရသောကြောင့် ဘုရားရှင်၏ ကြီးမားလှသောကျေးဇူးတော်ကို ချီးမွမ်းမိပါသည်။

♦ ရှာလုပ်မဂ္ဂဇင်းကို အစမှအဆုံးတိုင် တာဝန်ယူဆောင်ရွက်ပေးသော ကျွန်မတို့၏ ကျောင်းအုပ်ကြီး ဒေါက်တာရှိုမုန်ဘီဘင်ထူး၊

♦ စေတနာမွန်ဖြင့် စာမူရေးသားပေးကြသော သာသနာပိုင်ချုပ်ကြီး ရှမွေလမန်းစံစီဌေး နှင့်တကွ စာပေပညာရှင်များ၊

♦ ငွေကြေးအားဖြင့်သော်လည်းကောင်း၊ သတိတရဆုတောင်းခြင်းဖြင့်သော်လည်းကောင်း ပံ့ပိုးပေးကြသော ညီအစ်ကိုမောင်နှမများ၊

♦ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ ကျောင်းသူ/သားများ၊

♦ ရှာလုပ်မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှပါဝင်ကူညီပေးကြသော ဆရာ၊ ဆရာမများနှင့်တကွ ဓမ္မမိတ်ဆွေအပေါင်းတို့ကို ခရစ်တော်၏နာမတော်၌ အထူးကျေးဇူးတင်ရှိပါသည်။

ဘုရားသခင်၏သားသမီး တစ်ဦးတစ်ယောက်စီတိုင်းကို ဘုရားရှင် ကောင်းချီးပေးပါစေ၊ ငြိမ်သက်ခြင်းနှင့်အတူ ပျော်ရွှင်မှုများစွာကို ခံစားရရှိကြပါစေဟု ရှာလုပ်စာပေ မိသားစုကိုယ်စား မေတ္တာပို့သလိုက်ပါသည်။

ကျေးဇူးတင်လျက်

အမှုတော်မြတ်၌

နော်ကညောဖော

(သဘာပတိ)

## စစ်မှန်သော ရှာလုပ်

မေဝါမိုး (၁၄-၇-၂၀၀၇)



♦ လူသားတိုင်း ငြိမ်သက်ခြင်းရဖို့တွက်
ဒေါသအမျက်ကင်းစွာ
ယေရှုကြွရောက်လာ ...။

♦ သခင်ကြွချိ အရှေ့ဆီမှ
ရောင်နီထွန်းပေါ်
ခရစ်တော်ယေရှုလူထုအံ့ကြား
တမန်တော်များနှင့်
ဟောကြားသတင်းကောင်း
ကြားရသူအပေါင်းမှာ
ထောင်သောင်းချီ၍ နာကြားကြ ...။

♦ အပြစ်ရှိသောလူသားတွေတွက်
ငြိမ်သက်ခြင်းဆုကျေးဇူး
အထူးထူးသော လူသူထံ
ပြည့်ဝစွာခံစားစေဖို့
အမှန်တကယ်ရောက်ရှိလာခဲ့ပေ့ါ ...။






## နှင်းဆီနီသူ့ရဲ့ကောင်း

J နငယ်တူ

♦ အာရှေ့ရှရဲ့ နိုင်ငံမှာ
သူ့ (သေတာ) လောက် လှသူမရှိပါ
ဘုရင်ကြီးက သဘောကျ
သွားရည်တမြမြ ...။


♦ မိဘလပ်လည်းအားမငယ်ပါ
ဟာမန်အပေါ်နိုင်ခဲ့တာ
အတုယူကြ၊ လေးစားကြ
ရဲစွမ်းသတ္တိရှိသဗျ ...။

♦ သူ့ရဲ့ကောင်းကြီးသေတာ
လူမျိုးတော်ကို ကယ်ခဲ့တာ
ပေးကြ၊ ဆပ်ကြ၊ စို့ဘဝ
(ဘုရားသခင့်) နိုင်ငံတော်အတွက်ဗျ ...။



♦ ဂုဏ်ပြုထိုက်တဲ့သေတာ
Feminist ဖို့ အင်အားပါ
သူလိုမိန်းမသား၊ ကမ္ဘာမှာရှား
ဟေး လား မောင်/မယ် ယို့ ဝါး ...။

၂၀၀၆/ ၂၀၀၇ Feminist Theology Class
၁။ နန့်ခက်ခိုင်ဦး
၂။ မဲဂရက်မိုင်းရာ
၃။ မိုင်တင်မိုးလွင်
၄။ စောပန်းရွှေ
၅။ ခရစ္စတိုဖာကျော်ဒိုမူး
၆။ ဂျိမ်းစ်ဟိန်းလတ်ရာဇာ
Presented on Aug 9th, 06.



## စိတ်နှလုံး

စောထူးထူး

တစ်လှမ်းလှမ်းတိုင်း
နှလုံးသားမှာ တဆစ်ဆစ်
အက်ကွဲကြေမွနေပါစေ
တစ်လှမ်းပြီးတစ်လှမ်း
လှည့်မကြည့်ကြေး
မျက်ရည်ဝဲမိပေမယ့်
မျှော်လင့်ချက် အတက်လေးနဲ့
နူးညွတ်တဲ့အထိ သည်းခံပေမယ့်
အတွက်ကိုဖျောက်မရ
စွဲလန်းတမ်းတခြင်းက
ဒုက္ခနဲ့ လှလှ
ဒါပေမဲ့ တစ်နေ့တော့
စစ်သူကြီးထက် မြင့်မြတ်တော့မှာ ...။





## နှစ်သစ်ပထမစာမျက်နှာ

လုကာ (H.C.Y)

အသက်တစ်နှစ်ကြီးသွားတယ်
အသိတရားကတော့
တစ်ခုတောင် ကပ်မပါလာဘူး ...။

စိတ်ရောကိုယ်ပါ
ဖြူစင်ဖို့ကြိုးစားရင်း
အဖြူတွေ အရောင်ပြောင်းလို့ ...
ဘယ်မှာလဲ မေတ္တာ ...
ငါ့မှာလည်းမရှိဘူး ...။

စပျစ်ရည်ဂါလံ့ပေါင်းများစွာ
ပွဲတော်မုန့်ပိသာချိန်ပေါင်း
ဘယ်ရောက်ကုန်ပြီလဲ ...
ဘယ်ပျောက်ကုန်ပြီလဲ ...
(အားနာပါဦး)


အမုန်းတွေသော့ခတ်
သမာဓိတွေ ညှော်နံ့ထွက်လို့
ဓားသွားထက်နေရတဲ့ ဝှာဏ္ဍာတွေ
အခုထိ လေးတုန်းပဲ ...
အခုထိ တွေးတုန်းပဲ ...။



အခုထိလည်း
နှစ်သစ်ရဲ့နံနက်ခင်းအောက်
ငွေကြေးရဲ့ ဖြားယောင်းခြင်းနောက်
ကောက်ကောက်ပါအောင်လိုက်တုန်းပဲ။ ။



F-2A




## လိုက်ခဲ့ပါပြီ .. သခင့်နောက်တော်

ခရစ်တော်ခေါ်သံ နားခံ
ကားတိုင်ထမ်းလို့ လိုက်ခဲ့
အတွေးထဲမှာ နီးသလိုလို
လှမ်းလိုက်တဲ့ခြေလှမ်း
မဆုံးနိုင်တဲ့ ကားတိုင်ခရီး
ကြည့်လေဝေးလေ ကြည့်ဝေးလေ
ပုခုံးပေါ်က ကားတိုင်လည်း
ဘယ်သောခါမှ ရောက်နိုင်လိမ့်
ချိန်ဆမရ ဤကားတိုင်ခရီး
ထမ်းရင်း နားရင်း လှမ်းသွားရင်း
ခွန်အားယူကာ ကားတိုင်ထမ်းလို့
ရှေ့ဆက်လှမ်းဖို့ ကြိုးစားစို့ ...။







## လှေငယ်

ဂျိုးဇက်

လှိုင်းတံပိုးရဲ့ တွန်းကန်မှုတွေ
လေမုန်တိုင်းရဲ့ တိုက်ခိုက်မှုတွေကြား
လှေငယ်ရယ် နင် ဘယ်ဆီကမ်းပါး
ဘယ်သောင်ပြင်နားမှာလဲ ...။

လောကသမုဒ္ဒရာ
ရေပြင်ကျယ်ကြီးမှာ လေပြင်းစေရာအတိုင်း
နင် ဒီလိုပဲ မျောလွင့်သွားတော့မှာလား ...။

ဒုက္ခလှိုင်းဒဏ်၊ အန္တရာယ်ကျောက်ဆောင်တွေကြား
နင့်ဘဝ ပျက်စီးသွားမှာ စိုးတယ် ...။

လေမုန်တိုင်းထန် လှိုင်းဒဏ်ကြီးစေ
လေဆန်ကိုကျော်တက်
လှော်တက်ဖြင့် ပဲ့ကိုင်
ကမ်းပါးဆီ အရောက်ဆိုက်နိုင်ပါစေ။ ။

## သူ့ကြောင့်

အာဒမ်

ဇာတိမတူ ... နယ်မြေခြားလည်း
ခင်မင်ရတာ သူ့ကြောင့်။

မတူမိဘ မွေးဖွားခဲ့လည်း
ဆုံစည်းရတာ သူ့ကြောင့်။

သူစိမ်းမဆန် ဖြူစင်ရိုးသားစွာနဲ့
ခင်မင်ရတာ သူ့ကြောင့်။




အေးအတူပူအမျှ ခံစားနေလည်း
ခင်မင်ရတာ သူ့ကြောင့်။

အခက်အခဲတွေ ကြုံနေရလည်း
ခင်မင်ရတာ သူ့ကြောင့်။

တစ်နယ်ဆီပြန်လို့ ဝေးကွာသွားလည်း
ခင်မင်တော့မှာ သူ့ကြောင့်။







## ဘယ်လောက်နီးနီး - အဝေးကြီး

ဒေါ်စည်စည်လျာဘိုးကဲ

ပကတိ တံခါးက
ဝင်ထွက်သွားလာခြင်းကို
အတားအဆီးပြုတယ်။

မေတ္တာတရားခေါင်းပါးလို့
အမုန်းတရားပွားရင်
အဆုံးတရားစီရင်ရတတ်တယ်။

ကရုဏာတရားမဖက်ရင်
ရက်စက်မှုအပေါင်း သရဖူဆောင်းတတ်တယ်။

မုဒိတာတရားကိုသဘောမပေါက်ရင်
ဝမ်းမြောက်ဝမ်းသာကြည်နူးမှုတရား ပျောက်တတ်တယ်။

ဥပေက္ခာတရား၏ကောင်းကံဆိုးကံကို
ပကတိသဏ္ဍာန်အမှန်မသိရင်
ဘယ်လောက်နီးနီး အဝေးကြီး။


## ဒီနေ့



ဒီနေ့
ဒီရေ
ဒီလှိုင်း
ဒီမှန်တိုင်းကြားမှာ
ဒီလှေလေးနဲ့
ဒီလိုပဲ လှော်နေကြတော့မှာလား
ဒီလူတစ်စုရယ် . . .။
ဒီနေ့တော့ နေဝင်လုပြီ။
ဒီလူတစ်စုရယ်
ဒီနေ့တော့ နေဝင်လုပြီ
ဒီရေ
ဒီလှိုင်း
ဒီမှန်တိုင်းကြားထဲ
ဒီလှေပေါ်မှာ
ဒီလိုပဲ ရပ်နားကြစို့။
ဒီနေ့အပြင်
ဒီလို . . . ဒီလို
ဒီလို . . . ဒီလို
ဒီလိုနေ့မျိုးတွေ
ဒီလိုပဲ . . . ရှိဦးမယ်ထင်ရဲ့။ ။









အမည် - ဆလိုင်းနောကာ
မွေးသက္ကရာဇ် - ၄.၇.၁၉၈၈
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်သတေဖန်
သာသနာပိုင် - စစ်တွေသာသနာပိုင်

"အချိန်ဟူသည့်ဆုလဒ်ကို အကောင်းဆုံးသုံးရန် ဘုရားပေးထားတာ။ တိုတောင်းလှသော ဘဝအသက်တာကို ကျရာကဏ္ဍမှ ဘုရားအတွက် ဆက်ကပ်ပါတော့မည်။"



အမည် - မာကုမျိုးကျော်လင်း
မွေးသက္ကရာဇ် - ၁၅.၁၁.၁၉၈၇
နေရပ် - ဟုမ်းကျေးရွာ၊ လောင်ခွန်းမြေ
လူမျိုး - ချင်း
နယ် - စစ်တွေ၊ ရှင်လုကာ ဘုန်းကြီးပိုင်နယ်

"ဝိညာဉ်ရေးအသက်တာအတွက် နိမ့်ချခြင်း၊ ပိုင်ဆိုင်ရန်ပြင်းပြမှုစိတ်အင်အားသည် လူသား၏မှတ်ကျောက်တစ်ခုပင်ဖြစ်သည်။"



အမည် - စောဂေးလ်ဘတ်
မွေးသက္ကရာဇ် - ၈.၅.၁၉၈၃
လူမျိုး - ကရင် (စကော)
အသင်းတော် - ရှင်ပေါလုကသိဒြယ်၊ တောင်ငူမြို့
သာသနာပိုင်နယ်- တောင်ငူသာသနာပိုင်နယ်

"ငါ ဆိုတဲ့ အတ္တ ဖုံးလွှမ်းစိုးမိုးနေရင် ဘယ်သောအခါမျှ ကိုယ်တော်ကိုမတွေ့..."



အမည် - မိုင်ခင်နွယ်နွယ်ထွန်း
မွေးသက္ကရာဇ် - ၁၉.၇.၁၉၈၈
လူမျိုး - ချင်း (ခူမီး)
ဘုန်း/ပိုင် - ရှင်ယောဟန်ဘုန်းကြီးပိုင်နယ် (ပလက်ဝ၊ စစ်တွေ)

"အရာရာတိုင်းအတွက် ကျေးဇူးတော်ကိုချီးမွမ်းဖို့ မမေ့ပါနဲ့"



အမည် - နော်အက်ကနက်(စ်)
မွေးသက္ကရာဇ် - ၄.၅.၁၉၈၆
လူမျိုး - ကရင်
ဘုန်း/ပိုင် - ဘားအံသာသနာပိုင်နယ်၊
ရှင်မဿဲအသင်းတော်၊ မော်လမြိုင်မြို့

"မျှော်လင့်ချက်ရှိသူမှုသည် အဖဘုရားမှဖြစ်၍ မျှော်လင့်ချက်တစ်ခုမကထားရှိ၍ အသက်ရှင်ရန် ကြိုးစားအားထုတ်ရပေမည်။"







အမည် - ဂျိုးဇက်နော်ဆန်း
မွေးသက္ကရာဇ် - ၁၀.၁၁.၁၉၈၆
လူမျိုး - ကချင် (ဂျိန်းဖေ)
အသင်းတော် - ရှင်ပေါလုအသင်းတော် (ဆားမော်)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်

"အရာခပ်သိမ်းမတည်မြဲနိုင်သော်လည်း ဘုရားသခင်၏မေတ္တာသည် အစဉ်သဖြင့် တည်မြဲနေကြောင်း..."



အမည် - နော်အယ်ဝါး
မွေးသက္ကရာဇ် - ၂၉.၇.၈၁
ဘုန်း/ပိုင် - တောင်ငူ၊ သံတောင်ကြီးရှင်ဂျေ့ဂျက်

"သုညဟာ ဘာတန်ဖိုးမှမရှိပါ။ ဒါပေမဲ့ သုညရဲ့ရှေ့မှာ အပြည့်ကိန်းကို အစားထိုးသွင်းလိုက်ခြင်းဖြင့် တန်ဖိုးပို၍ ကြီးမြတ်သွားပါသည်။ ထို့ကြောင့် ဘုရားရှင်ရဲ့အမှုတော်၌ သုညဘဝဖြင့် အသက်ရှင်ပြီး ကျွန်ုပ်တို့အသက်တာကို ဘုရားရှင်ထံ အပ်နှံကြပါစို့။"



အမည် - စောဘီယာမီ
မွေးသက္ကရာဇ် - ၂၅.၇.၈၁
လူမျိုး - ကရင်
အသင်းတော် - ရှင်ဂျေ့ဂျက်၊ သံတောင်ကြီး
သာသနာပိုင်နယ်- တောင်ငူသာသနာပိုင်နယ်

"ဘုရားရှင်အတွက် ကျွန်တော်ဟာ ရုပ်သေးတစ်ရုပ်သာဖြစ်ပါတယ်။ စေလိုရာစေခိုင်းပြီး အသုံးပြုတော်မူပါ အရှင်ဘုရား"



အမည် - သောမတ်(စ်)ဘရန်မိုင်
မွေးသက္ကရာဇ် - ၂၅.၈.၁၉၈၈
လူမျိုး - ကချင်
အသင်းတော် - ရှင်ယာကုပ်အသင်းတော် (ကသာ/မိုးတာကြီး)
သာသနာပိုင် - မန္တလေး

"အသက်ရှင်စဉ်အခါ အလင်းရှိသောအရိပ်နှင့် အလင်းမဲ့သောအရိပ်ကို သိဖို့ နှုတ်ကပတ်ကျမ်းစာတော်မြတ်ကို လေ့လာကြပါစို့။"



အမည် - ဂျိုးဇက်ဟွေကက်
မွေးသက္ကရာဇ် - ၁၃.၉.၁၉၈၈
လူမျိုး - ခူမီး (ချင်း)
အသင်းတော် - ရှင်ပေတရုအသင်းတော်
သာသနာပိုင် - စစ်တွေသာသနာပိုင်နယ်

"ဘုရားသခင်ဟာ လူသားတိုင်းကိုချစ်တော်မူတယ်။ ဒါကြောင့် ကျွန်ုပ်တို့လည်း ပြန်လည်ချစ်တတ်ဖို့ရန်နှင့် အလိုတော်အတိုင်းအစေခံဖို့ရန်လိုတယ်။"



အမည် - စောအိမောလေး
မွေးသက္ကရာဇ် - ၂၁.၆.၁၉၇၆
လူမျိုး - စကောကရင်
အသင်းတော် - ရှင်သတေဖန်အသင်းတော် (လားဝါး)
သာသနာပိုင် - ဘားအံသာသနာပိုင်နယ်
"တိုတောင်းလှသောလူ့သက်တမ်းမှာ သူတစ်ပါးအတွက် အကျိုးရှိစွာ အသက်ရှင်လိုပါသည်"။



အမည် - စသန်းလွင်
မွေးသက္ကရာဇ် - ၁၄.၁၂.၇၅
လူမျိုး - ပိုးကရင်
အသင်းတော် - ရှင်မာရိအသင်းတော် (တူးချောင်း)
သာသနာပိုင် - ရန်ကုန်သာသနာပိုင်
"ဘုရားသခင်ဟာ ကျွန်တော်တို့ စုံစမ်းမှုနဲ့အန္တရာယ်ဒုက္ခတွေ ကြုံရတဲ့အခါ ဘေးနားမှာအမြဲဖေးမကူညီနေပါတယ်။"

❖ ❖ ❖ ❖

I In this academic year, the college enrolls with (7) Faculties, (7) adjunct Lecturers.

A. Faculties
1. Revd, Dr. Simon Be Bin Htu - Principal
2. Revd, Dr. Samuel San Myat Shwe - Dean of Studies
3. Saya John Thet Lwin - Dean of Students
4. Revd, Dr. Mark Saw Maung Doe - Lecturer
5. Revd, Reginald Bennett - Lecturer
6. Sayama Saga Hkawng Tawng - Lecturer
7. Revd, Saw Shee Sho - Lecturer

B. Adjunct Lecturers
1. Sayagyi Saw Aung Hla Tun
2. Sayama Christina May Mya Tun
3. Sayama Kareng Tawng
4. Sayama Sheila Mya Mya Nyein
5. Sayama Wai Wai Myint
6. Revd, Salai David
7. Revd, Smith Ngul Za Thawng





C. Faculty who are pursoing futher study.
(1) Revd, Mark Saw Maung Doe (OCMS, Oxford)
(2) Revd, Dr. Simon Be Bin Htoo (Trinity Bristol)
(3) Revd, Mahn Zaw Lwin (VCT, Canada)
(4) Saya Saw Wai Moo (EDS, USA)
(5) Sayama Nant Mary Hnin Hnin Aye (VTS, USA)
(6) Sayama Naw Myatt Hsu Mon (VTS, USA)

III. There are (48) students. (28) male and (20) female.

A. Enrollment by class

| Years | Male | Female | Total |
|---|---|---|---|
| First Year | 9 | 3 | 12 |
| Second Year | 8 | 3 | 11 |
| Third Year | 5 | 4 | 9 |
| Final Year | 6 | 10 | 16 |

B. Enrollment by Diocese
Yangon
Mandalay
Taungoo
Myitkyina
Sittway
Hpa-an

III. STAFF

A. Office
1. Sayama Naw Mar Tha
2. Nant Thandar Win

B. Library
1. Saya John Thet Lwin (Librarian)
2. Sayama Wai Wai Myint (Assistant Librarian)
3. Naw Mercy

C. Others
1. U Saw Mya Thinn (Driver)
2. S' Aung Thein (Gardener)
3. Nant Yee Yee Win (Cook)

❖ ❖ ❖ ❖

# ၂၀၀၇-၂၀၀၈ ပညာသင်နှစ်ကျောင်းသူ/ကျောင်းသားစာရင်း

## ပထမနှစ်

(၁) နော်အက်ကနက်(စ်) - ဘားအံ
(၂) စောဘီယာမိ - တောင်ငူ
(၃) စောအိမောလေး - ဘားအံ
(၄) ဆလိုင်းနောကာ - စစ်တွေ
(၅) နော်အယ်ဝါး - တောင်ငူ
(၆) စောဂေးလ်ဘတ် - တောင်ငူ
(၇) နော်ဆန်း - မြစ်ကြီးနား
(၈) ခင်နွယ်နွယ်ထွန်း - စစ်တွေ
(၉) မျိုးကျော်လင်း - စစ်တွေ
(၁၀) အိုက်ပွေ့ကက် - စစ်တွေ
(၁၁) စသန်းလွင် - ရန်ကုန်
(၁၂) ဘရန်မိုင် - မန္တလေး

## ဒုတိယနှစ်

(၁) စောဘဲရီထူး - တောင်ငူ
(၂) ဆလိုင်းဇော်မော်ဦး - ရန်ကုန်
(၃) ဂျီ မူးကပေါ် - တောင်ငူ
(၄) စအိုက်ဇက်ကျော် - ရန်ကုန်
(၅) လပ်ခိုဂင်း - မန္တလေး
(၆) နုနုအောင် - စစ်တွေ
(၇) ရွယ်နန် - မြစ်ကြီးနား
(၈) ဆိုင်းလတ် - မြစ်ကြီးနား
(၉) မွေဆီး - စစ်တွေ
(၁၀) အိုက်သိန်းလင်း - စစ်တွေ
(၁၁) နော်ဝါဝါချို - ရန်ကုန်





## တတိယနှစ်

(၁) လျှင်းပီးနိမ် - မန္တလေး
(၂) စောထိစိုး - တောင်ငူ
(၃) စောယာကုပ် - ဘားအံ
(၄) ကျင်ဇဆွန် - မန္တလေး
(၅) နော်ကညောဖော - တောင်ငူ
(၆) စောမာနယ်ထူး - မန္တလေး (တွဲ - ကျောင်းသားခေါင်းဆောင်)
(၇) လျှင်နေကြောင် - မန္တလေး
(၈) မိုင်ရိရိမော် - ရန်ကုန်
(၉) စောသာဒူး - ဘားအံ

## စတုတ္ထနှစ်

(၁) မိုင်အေးအေးသင်း - ရန်ကုန်
(၂) ဆလိုင်းဗင်ယာမိန် - စစ်တွေ
(၃) စောဘွယ်ဘီထူး - တောင်ငူ (ကျောင်းသားခေါင်းဆောင်)
(၄) နန့်နှင်းနုထွေး - ရန်ကုန်
(၅) ဆလိုင်းဘုထန်ပိုင် - စစ်တွေ
(၆) နော်ဂျူးနာ - မန္တလေး
(၇) နော်ဆဲဂေးဝါးဖော - တောင်ငူ (အမျိုးသမီးခေါင်းဆောင်)
(၈) နော်လဲ့လဲ့ရွှေ - တောင်ငူ
(၉) မိုင်လုဒီယာ - စစ်တွေ
(၁၀) စောမြတိုး - ရန်ကုန်
(၁၁) နန့်စုစုမြိုင် - ရန်ကုန်
(၁၂) စိုင်းနေအောင် - ရန်ကုန်
(၁၃) ဆိုင်းနုပန် - မြစ်ကြီးနား
(၁၄) နန့်ဝင်းဝင်းမော် - ရန်ကုန်
(၁၅) နော်ရှိုင်းနင်းမွန်း - ရန်ကုန်
(၁၆) စိုင်းသူအောင် - ရန်ကုန်

# သစ္စာတတ်ဖြေပြီး မေတ္တာရှင်ကိုခိုလှုံပါ

မန်းစံစီငွေး



၂၀၀၇-၂၀၀၈ စာသင်နှစ်အတွက် သန့်ရှင်းသော ကားတိုင်ဓမ္မတက္ကသိုလ်မှ ခံယူဆောက်တည်မည့်ဆောင်ပုဒ်မှာ "မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်းသာ အကျိုးရှိ၏" (ဂလာတိ ၅း၆) ဖြစ်ပါသည်။ အလွန်ရဲရင့်သတ္တိရှိသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်ကြီးရှင်ပေါလုက ဘုရားသခင်ထံမှဆုကျေးဇူးအမျိုးမျိုး ထုနဲ့ထည်နဲ့ ဘယ်လိုရရ၊ မေတ္တာမပါရင် အချည်းနှီးပဲလို့ ဆိုထားတာဖြစ်ပါတယ်။ လုပ်ရင်းကိုင်ရင်းနဲ့ အချည်းနှီးဖြစ်တယ်လို့ သိလာလေလေ ဘုရားသခင်ကို ပို၍ အားကိုးလာဖို့ဖြစ်လာနိုင်တယ်။

ကျမ်းစာကျောင်းရောက်တာနဲ့ နာခံခြင်း၊ စင်ကြယ်ခြင်း၊ ငြိုးခြံခြင်း ဆိုတဲ့ပါရမီသုံးပါးကို မရအရ လေးနှစ်အတွင်း အစွမ်းကုန်ကြိုးပမ်းရတော့တာပါပဲ။ အဲဒီအချိန်မှာ ပြုအပ်ရာကိုမပြုဘဲ မပြုအပ်ရာကိုပြုခြင်း၊ ဝိညာဉ်သဘောအားကြီးပေမယ့် ခန္ဓာခွန်အားချို့တဲ့အားနည်းတတ်တဲ့ခံစားမှုက ပြုလေများလေပါပဲ။ ဆရာသမားများလည်း မတတ်နိုင်၊ အချင်းချင်းလည်း မကူညီနိုင်ဖြစ်လာပါတယ်။ ဆောက်တည်ရာမရခြင်း၊ ငြိမ်သက်မှု





မရခြင်း၊ တရားဓမ္မမှာမွေ့လျော်မှုမပြုနိုင်ခြင်း ဆိုတဲ့ ခံစားမှုတွေ ရောပြွမ်းနေတော့တာပါပဲ။ ဒီအချိန်မှာ သူ့အမှုကိုဆောင်ရွက်ဖို့ သူ့တရားဓမ္မကို လေ့လာလိုက်လျှောက်ကျင့်ကြံမှသာဖြစ်နိုင်မည်ဆိုတာ ရေးရေးမျှ သိလာနိုင်တဲ့အချိန်ပါပဲ။

အရှင်ဘုရားက ကျွန်ုပ်တို့တစ်ဦးစီအပေါ် ဘယ်လောက်မေတ္တာထားလဲဆိုတာ ပြန်လည်စဉ်းစားရမှာပဲ။ ထိုအရှင်သခင်သည် ဘုရားရဲ့ဘုန်း၊ ဂုဏ်ကိုစွန့်ပြီး ကျွန်သဏ္ဌာန်၊ လူ့ရုပ်ပုံကိုဆောင်ကာ ကားတိုင်ပေါ်မှာ သွေးသွန်းခြင်းဖြင့် ကျွန်ုပ်တို့ကို အမွေစားအမွေခံဖြစ်တဲ့ ဘုရားရဲ့သားသမီးဘဝကို ရရှိစေပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ဆိုတာကို သိရှိခံယူလာလေလေ၊ ထိုအရှင်ရဲ့ မေတ္တာထုထည်က ကျွန်ုပ်တို့အသက်တာမှာ ကြီးမားလေလေဖြစ်မှာ အမှန်ပါပဲ။ ကျမ်းစာကျောင်းတက်စ (၁၉၆၀) ခုနှစ်က အဖြစ်အပျက်ကို အမှတ်ရစေပါတယ်။ (၁၀)တန်းသုံးကြိမ်ဖြေသော်လည်းမအောင်တဲ့ လယ်သမားသား၊ တောသားလေးက၊ ဘီးရှော့ရှာဘန်နဲ့ ဘီးရှော့မောင်ဖေ (ကျောင်းအုပ်ကြီး) တို့ရဲ့ကျေးဇူးကြောင့် (၁၇) နှစ်မပြည့်သေးသော်လည်း ကျောင်းဝင်ခွင့်ရခဲ့ပါတယ်။ (၁) နှစ်ပြီးတော့ (၁၀) တန်းဖြေခွင့်ပြုတာနဲ့ ဖြေလိုက်တာ အောင်မြင်သွားလို့ ရန်ကုန်တက္ကသိုလ်တက်ခွင့်ရပါတယ်။ တက္ကသိုလ်ပြီးမှ ကျမ်းစာကျောင်း (၂) နှစ် ပြန်တက်ပြီးတော့မှ ပြင်ဆင်မှုများ ပြီးဆုံးပါတယ်။

မာန်မာနနဲ့ မိမိကိုယ်ကိုအထင်ကြီးမှုက ထုထည်မသေးပါဘူး။ သာသနာပိုင်ချုပ်ဖရန့်စစ်အာမြရဲ့ သတိပေးစကားက ခေါင်းနဲ့နံရံတိုက်မိသလိုဖြစ်ခဲ့ရပါတယ်။ "ဘုရားသခင်ရဲ့အလိုကို အဆီးအတားမဖြစ်ဖို့ သတိထားပါ" လို့ ဆုံးမပါတယ်။ သာသနာပိုင်ဘိသိက်ပေးတော့ သာသနာပိုင်ချုပ် ဒေါက်တာအန္ဒြေမြဟန်က တစ်ဖန် လမ်းညွှန်မှုပေးပြန်ပါတယ်။ "မိမိကိုယ်နှင့် သိုးတော်စုတစ်ခုလုံးကို သတိနှင့်ကြည့်ရှုပါလို့မှာပါတယ်။ အသက်တာတစ်လျှောက်လုံးမှာ ထာဝရဘုရားသခင်က မိမိနှင့်မိသားစုကို မေတ္တာဖြင့် မည်မျှကျေးဇူးပြုပြီး ပြုပြင်ကြောင်းကို ရေတွက်လို့မကုန်နိုင်ပါ။ ထိုယုံကြည်မှုကိုကြိုးစားခံယူရင်း ငါတတ်လို့၊ ငါတော်လို့၊ ငါ့ကြောင့် ဆိုတဲ့အတ္တစိတ်ကလည်း မကုန်မခမ်းပါပဲ။ အသက်တာမှာ မရေမတွက်နိုင်လောက်တဲ့ နိမိတ်လက္ခဏာတွေဖြစ်ပွားခဲ့တာကို မသိချင်ယောင်ဆောင်ပြုမိတဲ့အပြစ်အတွက် ဘုရားသခင်ခွင့်လွှတ်ဖို့ အထပ်ထပ်တောင်းပန်ရမှာပါပဲ။

ဤနေရာမှာ ခသ (၄) ရာစုက သန့်ရှင်းသူရှင်ဩဂတ်စတင်းရဲ့ စကားစုက "မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏" ဆိုတဲ့ ခံယူကျင့်သုံးမှုကို ပိုမိုနိုင်မာစေတယ်လို့ ယုံကြည်ခံယူတဲ့အတွက် ဝေမျှလိုက်ပါတယ်။

For you I am a Bishop,
With you I am a Christian,
The first is an office, accepted,
The second is a gift, received.
One is danger;
The other is safety.
If I am happier to be redeemed with you,
than, to be pleaced over you,
Then I shall, as The Lord Commanded,
be more fully your servant.

နိဂုံးအနေနဲ့ ဝန်ခံစရာတစ်ခုရှိပါတယ်။ သာသနာပိုင် ဘိသိက်ခံစဉ် ကတိသစ္စာထဲမှာ နောက်ဆုံးဝန်ခံရတဲ့အချက်က "အကူအညီအမအစလိုသော တစ်မိုးတရုံနှင့်ဆင်းရဲသူများ၊ ခိုကိုးရာမဲ့သူများအား ခရစ်တော်အတွက် နူးညံ့သိမ်မွေ့စွာ ကရုဏာထားဆက်ဆံပါမည်လား" ဖြစ်ပါတယ်။ သေသေချာချာဝန်ခံခဲ့ပေမယ့် (၁၆) နှစ်အတွင်း အလစ်ဟင်းဆုံးကတိ ဖြစ်ခဲ့ပါတယ်။

အမှုတော်ဆောင်ရန်အတွက် ပြင်ဆင်နေစဉ်၊ အမှုတော်မြတ်ထမ်းဆောင်နေစဉ် ဘုရားသခင်ရဲ့သားသမီးများဖြစ်ကြောင်းကို မေတ္တာသဘောသက်ရောက်တဲ့ ကိုယ်ကျိုးပယ်ပြီး အများအကျိုးသယ်ပိုးတဲ့ အသက်ရှင်မှုပြုဖို့ အထက်ပါဆောင်ပုဒ်က မရိုးနိုင်သောစိန်ခေါ်သံဖြစ်ပါတယ်။


စိတ်အားကြီးပေမယ့် ကိုယ်ခန္ဓာအားနည်းလွန်းတဲ့ ကျွန်ုပ်တို့ကို ဘုရားသခင်ကယ်မသနားပါလို့ အော်ဟစ်ဆုတောင်းနေရုံမှလွဲ၍ အခြားနည်းလမ်းမရှိတော့ပါ။❑

မေတ္တာတော်သည် လူတိုင်းအတွက် မရှိမဖြစ် သောအရာဖြစ်သည်။ ဘုရားကို ယုံကြည်ကိုးကွယ်သူ မှန်သမျှ လောကတွင် အသက်ရှင်နေရာကာလပတ်လုံး အရေးကြီးဆုံးအာဟာရဖြစ်ပါသည်။ မေတ္တာတရားမှမရှိ သောသူ၏ အသက်တာကို ကြည့်လိုက်မည်ဆိုလျှင် "အပွေးမြင်အပင်သိ" ဆိုသလို ပေါ်လွင်ထင်ရှားလှပါသည်။ မေတ္တာတရားကင်းမဲ့သောသူသည် တစ်ကိုယ်ကောင်းဆန် သော အသက်တာအားဖြင့်သာ လောကကိုလျှောက်လှမ်း နေသူဖြစ်ပါသည်။ အတိုချုပ်ပြောရရင် မေတ္တာမရှိသူသည် အတ္တသမားဖြစ်ပါသည်။ အတ္တသမားဆိုတာ ရှိတဲ့သူဆီ ကလည်း ယူတယ်၊ မရှိတဲ့သူဆီကလည်း ယူတယ်။ ငါ သိတယ်။ ငါတတ်တယ်၊ ငါချမ်းသာတယ်။ ဘယ်သူ သေသေ ငေတမာရင်ပြီးရောဆိုတဲ့ မာန်မာနအပေါ်မှာသာ အသက်ရှင်ခြင်းဖြစ် ပါတယ်။

ခရစ်ယာန်တွေရဲ့ အပြုအမူတွေကတော့ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း ဤသုံးပါး တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ် သည်ဟု ဖော်ပြထားပါသည် (၁ ကော ၁၃း၁၃)။ ထို့ကြောင့် ယုံကြည်တိုင်းသည် မေတ္တာဟာ ဘုရားသခင်၏နိုင်ငံတော်တွင် အရေးကြီးဆုံးသော အာဟာရတစ်ခုဖြစ်ပါသည်။ ၎င်းယိုစီးလာခြင်းသည် ဘုရားသခင်နှင့်လူ ပြန်လည် မိတ်သဟာယဖွဲ့နိုင်ရန်အတွက် ပြင်ဆင်ခြင်းဖြစ် ပါသည်။ ယနေ့ ကျွန်ုပ်တို့ကိုးကွယ်နေသောဘုရား သခင်သည် သိကျွမ်းခြင်း (intelligence)၊ ခံစား ခြင်း(Emotion feeling)နှင့် လိုအင်ဆန္ဒ (volition will) ဟူ၍ ဂုဏ်အင်္ဂါရပ်များ ရှိသည်ဖြစ်ရာ သူ၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသော လူသားများ ဖြစ်သောကြောင့် ဘုရားသခင်နှင့်လူသားများ၊ မိတ်သဟာ ယဖွဲ့ရာ၌ အပြန်အလှန် ဆက်သွယ်မှုများ ရှိကြပါသည် (ကမ္ဘာ ၃း၉)။ ထိုနည်းတူစွာ လူသားများလည်း မေး၍ ဘုရားသခင်က ဖြေကြားရသောအချိန်လည်း ရှိပါသည် (တမန် ၂၂း၁၀-၂၀)။ ရှောလုက ဘုရားသခင်ကိုမေးသော မေးခွန်းဖြစ်ပါသည် (Who are you Lord?)။ သခင် .. ကိုယ်တော်သည် အဘယ်သူနည်း။ တမန်တော်ရှင်ပေါလု သည် တစ်ချိန်က ပညတ်တရားကိုအားထုတ်သော ယုဒ ဘာသာကို စွမ်းစွမ်းတမံဦးဆောင်လှုပ်ရှားခဲ့သော ရှောလု ဖြစ်ပါသည်။ ခရစ်ယာန်များကို ဖမ်းဆီးရန်အတွက် ဒမသက်မြို့ကိုသွားရာလမ်း၌ ပြောင်းလဲသောအခါ မေး သောမေးခွန်းဖြစ်ပါသည်။ ဤကဲ့သို့သော သိလိုသောစိတ်၊ နားလည်လိုသောဆန္ဒ၊ ကြောက်ရွံ့ရှိသေသောသဘောဖြင့် မေးသောကြောင့် ဘုရားသခင်က "သင်ညှဉ်းဆဲသော နာဇရက်မြို့သား ယေရှု ဖြစ်သည်" ဟူ၍ ပြန်ပြောကြားခဲ့ ပါသည်။

# ဘုရားသခင်ထံမှ ယိုစီးလာသော မေတ္တာ

ဘီလူးသခင်(ခေတ္တ-ရန်ကုန်)







ရှောလုသည် လူ ဟောင်းစိတ်သဘော ပျောက်ကွယ်သွားပြီး လူသစ်ဖြစ်ကာ ရှောလုမှ ပေါလုအသွင်အဖြစ် ပြောင်းလဲလာပါသည်။ ယခင် ရှောလု သည် ပညတ်တရားအပေါ်မှာ အခြေခံသောကြောင့် မေတ္တာ တရားမရှိပါ။ ပညတ်တရား (အကျင့်) မှ ကျေးဇူးတော်၏ မေတ္တာတရားကို အခြေခံသော ခရစ်ယာန် ဘာသာသို့ လုံးလုံးလျားလျား ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ခရစ်ယာန် ဘာသာတရားသည် ပညတ်တရား (Law) ကို ကျင့် စောင့်သောဘာသာတရားမဟုတ်ပါ။ မူဝါဒတစ်ခု (policy)၊ ဝါဒတစ်ခု (ideology) (သို့) ဒဿနိက ဆိုင်ရာနိယာမ (Philosophical theories) များကိုယုံ ကြည်လက်ခံလျက် လိုက်လျှောက်ကျင့်စောင့်ခြင်းလည်း မဟုတ်ပါ။

ခရစ်ယာန်ဘာသာသည် သေခြင်းမှ ရှင်ပြန် ထမြောက်လျက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသက်ရှင်လှုပ်ရှားနေသော ခရစ်တော်ဘုရားနှင့် ကိုယ် တိုင်ကိုယ်ကျ မိတ်သဟာယဖွဲ့ခြင်း၊ မေတ္တာတရားအား ဖြင့်သာဖြစ်သည်။ မေတ္တာတရားကင်းမဲ့နေသောအပြစ်နှင့် နစ်မွန်းနေသောလူသားတို့သည် မိမိတို့၏ကောင်းမှုကုသိုလ် ကြောင့်မဟုတ်ဘဲ ခရစ်တော်၏မေတ္တာတော်အားဖြင့် ပြီးပြည့်စုံသောဘုရားသခင်ကိုသာ မှီခိုကိုးစားခြင်းအား ဖြင့်သာ ကယ်တင်ခြင်းကို ရရှိနိုင်မည်ဖြစ်သည်။


(စာရေးဆရာအင်နီးက) ခရစ်ယာန်ဘာသာ သည် ကြိုးစားသောဘာသာတရား မဟုတ်ပါ။ ကိုးစားသော ဘာသာတရားဖြစ်သည်ဟုဖော်ပြခဲ့ပါသည်။ ခရစ်တော်ကို မှီခိုမှသာလျှင် အလိုတော်အတိုင်း အသက်ရှင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် တမန်တော်ရှင်ပေါလုသည် ယုဒ ဘာသာ (Judasim)၊ ပညတ်တရား (Law) အကျင့်ကို စွန့်ပစ်လျက် မေတ္တာတရားကိုအခြေခံသော ကျေးဇူးတော် တရားနောက်သို့လိုက်ပြီး ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားဖြင့် ခရစ်တော်၏ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ဝေငှခဲ့ ပါသည်။ (ဖိ ၁း၂၁) ငါအသက်ရှင်သည့်အရာမှာ ခရစ် တော်ဖြစ်၏။ သေလျှင်မူကား သာ၍အကျိုးရှိ၏ဟု ကြေညာ ခဲ့ပါသည်။

ထို့ကြောင့် စစ်မှန်သောခရစ်ယာန်များသည် မေတ္တာတရားအားဖြင့် အစပြုရပါမည်။ မေတ္တာတရား အားဖြင့် အစမပြုဘဲ လုပ်ဆောင်သောလုပ်ငန်း၊ သာသနာ ပြုခြင်းများသည် အောင်မြင်မည်မဟုတ်ပါ။ ထို့ကြောင့် မေတ္တာသည် ဘုရားသခင်၏နိုင်ငံတော်နှင့် မိမိ၏ဘဝ အသက်တာတစ်ခုလုံးတွင် အရေးပါအရာရောက်သော အာဟာရစွမ်းအားကြီးတစ်ခုဖြစ်ပါသည်။ ထိုစွမ်းအားကြီး ဖြစ်တဲ့ မေတ္တာကို ကျွန်ုပ်တို့ကိုးကွယ်သော ယေရှုခရစ် တော်ဘုရားထံမှ ယိုစီးလာသောမေတ္တာလက်ဆောင်ဖြစ် ပါသည်။ ထို့ကြောင့် မေတ္တာတရားဟူမူကား စိတ်ရှည် တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်း မရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ့်အကျိုးကိုမရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသော အမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ဝမ်းမြောက် တတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းအရာတို့ကို သည်းခံတတ်၏။ မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။ ပရောဖက် ဉာဏ်သော်လည်းကောင်း၊ အမျိုးမျိုးသောဘာသာစကား ကိုပြောနိုင်သောအခွင့်သော်လည်းကောင်း၊ သိပ္ပံအတတ် သော်လည်းကောင်း ကွယ်ပျောက်လိမ့်မည် (၁ကော ၁၃း၄-၈)။

ထို့ကြောင့် ...

- မေတ္တာတရားကို မချိုးဖဲ့မိစေနဲ့။
- မေတ္တာတရားရဲ့မျှော်လင့်ခြင်းကို မနင်းခြေမိပါစေနဲ့။
- မေတ္တာတရား၏ယုံကြည်ခြင်းကို မတိုက်စားမိပါစေနဲ့။
- မေတ္တာတရား၏ငြိမ်သက်ခြင်းကို ဆွေးရိအောင်မပြုပါစေနဲ့။
- မေတ္တာတရားရဲ့အသိတရားကို ပျက်စီးအောင်မပြုမိပါစေနဲ့။
- ဘုရားသခင်ထံမှ ယိုစီးလာသောမေတ္တာတရားကို ယိုယွင်း မှုမဖြစ်စေဘဲ ဝိညာဉ်တော်ရဲ့လမ်းပြမှုကို ခံယူပြီးအသက် တာကိုဆက်ကပ်လျက် လျှောက်လှမ်းကြပါစို့။ ❑

၁။ သမ္မာကျမ်းစာထဲတွင် မင်္ဂလာတရားတော်ကို ဧဝံဂေလိကျမ်းနှစ်ခုဖြစ်သော ရှင်မဿဲနှင့် ရှင်လုကာတို့ထဲတွင်တွေ့ရှိရသည် (မဿဲ ၅း၃-၁၂၊ လုကာ ၆း၂၀-၂၆)။ တူညီသောအကြောင်းအရာဖြစ်သော်လည်း တင်ပြထားကြသည့်ပုံစံများတွင် ကွာခြားမှုများရှိကြသည်။ တူညီသော အရင်းအမြစ်တစ်ခုတည်း (Q) အပေါ်တွင် ကွာခြားကြကြောင်းတွေ့ရသည်။ မဿဲထဲတွင် တောင်ပေါ်ဒေသနာ (၅း၇)၏








နိဒါန်းအနေဖြင့် တွေ့ရသည်။ လုကာထဲတွင်မူ မြေပြန့်ဒေသနာ (၆) တွင် ပါရှိသည်။ လုကာထဲတွင် "အမင်္ဂလာ" နှင့်ပတ်သက်သော အကြောင်းအရာများကို ထူးခြားစွာထည့်ထားသည်။ (9 Beautitudes in Matthew, 4 Beatitudes and 4 Woes in Luke)

(*Makarios*- **Blessed, happiness**- which is the result of God-given salvation)

၂။ မင်္ဂလာရှိခြင်းကို **ဂရိလောက**တွင် နားလည်ပုံမှာ နတ်ဘုရားများနှင့် ဆက်စပ်နေသည်။ လူသားများကဲ့သို့ အားနည်းခြင်း၊ ဒုက္ခအခက်အခဲများမရှိသည့်နတ်ဘုရားများ၏ သဘာဝထဲတွင် ပါဝင်ခံစားနေရသည့်အခြေအနေကိုဆိုလိုသည်။ လူသားတစ်ဦးအနေဖြင့် ထိုကဲ့သို့ ဘုရားများသာလျှင် ပိုင်ဆိုင်နိုင်သည့် အခွင့်ထူးများကို ရရှိထားသည့်အခြေအနေမျိုးဖြစ်သည်။ လောကဆိုင်ရာပျော်ရွှင်မှုများဖြစ်သည့် ချစ်ဖွယ်ကောင်းသောသတို့သမီးကိုပိုင်ဆိုင်ခြင်း၊ အကောင်းဆုံးသော ရင်သွေးများရရှိထားခြင်း၊ ကိုယ်ကျင့်တရားကောင်းမြတ်ခြင်း၊ ပညာရှိခြင်း၊ ချမ်းသာခြင်း၊ ဂုဏ်ရှိခြင်း၊ ကျော်ကြားခြင်း စသည့်အရာများကိုပိုင်ဆိုင်နေသည့်အခြေအနေဖြစ်သည်။ ရုပ်သဘောကိုအခြေခံသော ပျော်ရွှင်မှုမျိုးဖြစ်သည်။ (Blessed with good fortune)

၃။ **ဓမ္မဟောင်းကျမ်း**ထဲတွင် မင်္ဂလာရှိခြင်း (ဘုရားပေးသောပျော်ရွှင်မှုနှင့် ပြည့်ဝခြင်း) ကို ချီးမွမ်းဖွယ်ကောင်း၍ ဘာသာတရားဆိုင်ရာအကျင့်၊ အပြုအမူတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်၊ လူအုပ်စုများတို့ကို ရည်ညွှန်း၍ သုံးနှုန်းထားသည်။ ပျော်ရွှင်သောအသက်တာပိုင်ဆိုင်လိုလျှင် ထိုပုဂ္ဂိုလ်များ၏ ပါရမီနှင့်ပြည့်ဝသောအသက်တာကို နမူနာယူ၍ ကြိုးစားအသက်ရှင်ရမည်။

၄။ **သခင်ယေရှု**၏ အမှုတော်ဆောင်ခြင်းတွင် တွေ့ရသော မင်္ဂလာရှိခြင်းသည် သခင်ယေရှုအားဖြင့် စတင်ဖြစ်ပေါ်လာသော ဘုရားသခင်နိုင်ငံတော်မှပေးသော ဝမ်းမြောက်ခြင်းနှင့် ဆက်စပ်နေသည်။ သခင်ယေရှု၏သတင်းစကားကို နာခံသောသူများ၊ တုံ့ပြန်သောသူများအားလုံးတွင် မင်္ဂလာရှိသောအခြေအနေသည် နောက်ဆုံးသောအချိန်ကာလနှင့် ဆက်နွယ်မှုရှိသည်။ တစ်နည်းအားဖြင့် ဘုရားသခင်ပေးမည့် ပျော်ရွှင်မှုသည် နောင်ဘဝ၌သာလျှင်ရရှိနိုင်မည့် အဓိပ္ပာယ်ဖြစ်သည်။ လောကနားလည်မှု ပျော်ရွှင်မှုကင်းမဲ့သောသူများအား ဘုရားသခင်က ပျော်ရွှင်မှုပေးမည် ဆိုသည့်သတင်းစကားဖြစ်သည်။

၅။ ခရစ်ယာန်တစ်ဦးအနေဖြင့် ဘုရားသခင်ထံမှကောင်းချီးမင်္ဂလာများကို အစဉ်ရေတွက်အသက်ရှင်နေသည်။ များသောအားဖြင့် ဘဝအသက်တာ၏ကောင်းမွန်သောအပိုင်းများကို ရည်ညွှန်း၍ သုံးနှုန်းလေ့ရှိသည်။ ဆုတောင်းခြင်းကြောင့် ရရှိသောကောင်းချီးများရှိသကဲ့သို့၊ မမျှော်လင့်ဘဲရရှိသော ကောင်းချီးများ၊ ဘုရားသခင်အတွက်ဆက်ကပ်ခြင်းအားဖြင့် ရရှိသောကောင်းချီးမင်္ဂလာများ စသည်ဖြင့်အမျိုးမျိုးဖော်ပြကြသည်။ တစ်နည်းအားဖြင့် ကောင်းချီးရသောအသက်တာကို ကောင်းမွန်စွာအသက်ရှင်ရသောအသက်တာနှင့်ထပ်တူပြုကြသည်။ ဘဝအခြေအနေဆိုးရွားလာလျှင် ကောင်းချီးမခံစားရသောအသက်တာအဖြစ်သက်မှတ်ကြသည်။ တစ်နည်းအားဖြင့် ဘုရားသခင်၏ဆုံးမခြင်း၊ အပြစ်ပေးခြင်းဖြစ်မည်ဟုလည်း ယုံကြည်ကြသည်။

၆။ မင်္ဂလာတရားတော်ထဲတွင် မင်္ဂလာရှိသောသူများကို ဖော်ပြရာ၌ ဆင်းရဲသူများ၊ ဆာလောင်မွတ်သိပ်သူများ၊ ငိုကြွေးမြည်တမ်းသူများ တို့ပါဝင်သည်။ လောကအမြင်အရကြည့်လျှင် ပျော်ရွှင်သောအခြေအနေ၌ရှိသူများမဟုတ်ပေ။ ယခုခေတ်အနေဖြင့် သတ်မှတ်လျှင် ကောင်းချီးခံစားနေကြရသူများမဟုတ်ပေ။ ဒုက္ခရောက်နေကြသူများသာဖြစ်သည်။ သူတစ်ပါး၏အကူအညီလိုအပ်နေသူများဖြစ်သည်။ လူ့အသိုင်းအဝိုင်းအတွင်း ပြဿနာတစ်ခုအဖြစ် သတ်မှတ်ခြင်းခံရမည့်သူများသာဖြစ်သည်။ တစ်နည်းအားဖြင့် လိုအပ်ချက်ရှိနေသူများသည် ဘုရားသခင်ရှေ့တွင် မင်္ဂလာရှိသူများဖြစ်ကြောင်းတွေ့ရသည်။ ဤနေရာ၌ ဘုရားသခင်အားလိုအပ်ခြင်းမရှိသောလူသားများ၏သဘောသဘာဝသည် စစ်မှန်မှုရှိ၊ မရှိ မေးစရာဖြစ်လာသည်။ ဘုရားသခင်အားလိုအပ်မှုမရှိသော ကောင်းမွန်သောအသက်တာကို မင်္ဂလာရှိသည်

ဟုပြော၍ ရနိုင်မည်လော၊ ဓမ္မဟောင်းထဲတွင် ဘုရားသခင်သည် ဆင်းရဲသူများ၊ ဒုက္ခရောက်သူများဘက်တွင် အစဉ်ရပ်တည်ခဲ့သည်။ သခင်ယေရှုသည်လည်း ထိုသူတို့နှင့် ပေါင်းဖော်ခဲ့ကြောင်းတွေ့ရသည်။

၇။ ဂရိမူရင်း၌ ဆင်းရဲခြင်းဟုဆိုရာတွင် သာမန်ဆင်းရဲသည့်သဘောမကဘဲ သူတောင်းစားကဲ့သို့ ပိုင်ဆိုင်ရာမဲ့၊ အခြေအနေမဲ့၊ အနာဂတ်မဲ့ဖြစ်နေသည့်သဘောကိုဆိုလိုသည်။ လုကာအရ ထိုကဲ့သို့အခြေအနေမျိုးရှိနေခြင်းကို ရည်ညွှန်းကြောင်း နားလည်ရသည်။ မဿဲအရ ထိုကဲ့သို့သောသူတစ်ဦး၏စိတ်သဘောသဘာဝရှိသူကို ပြောသည်။ ငိုကြွေးမြည်တမ်းခြင်းဟု ဆိုရာတွင် ကြီးမားသော စိတ်ထိခိုက်မှုကြောင့် ငိုကြွေးမြည်တမ်းသည့်သဘောဖြစ်ကြောင်း မူရင်းဂရိအရ နားလည်ရသည်။ ၎င်းမှနေ၍ မိမိအမှား၊ အားနည်းချက်၊ အပြစ်တို့ကို ပြန်လည်တွေမြင်ကာ ဘုရားသခင်ထံပြန်လည်ဦးတည်ရန် ဖြစ်သည်။ ဆာမွတ်သူသည်လည်း ဦးတည်ရန်ဖြစ်သည်။ ဆာမွတ်သူသည်လည်း မိမိ၏အသက်အန္တရာယ်ကို ထိခိုက်ပျက်စီးစေနိုင်သော အခြေအနေမျိုးဖြစ်သည်။ ဖော်ပြခဲ့သောသူအားလုံးတို့သည် လူ့သဘာဝအသက်တာ၌ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဝိညာဉ်ပိုင်းတို့၌ လိုအပ်နေသူများဖြစ်ကြသည်။ မိမိတို့ဘဝဖြစ်တည်မှုအတွက် ဆက်လက်ရပ်တည်နိုင်ရန်အတွက် အခက်အခဲရှိနေသူများဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေတွင် ဘုရားကို လုံးလုံးလျားလျားမှီခိုအားထားကာ လွတ်မြောက်ရာလမ်းကို ရှာဖွေအသက်ရှင်ကြသူများဖြစ်သည်။ အဓိကကျသည့်မေးခွန်းမှာ လူတစ်ဦးသည် ဘုရားကို လိုအပ်သည့်အနေအထားတွင်ရှိပါသလား။ သို့မဟုတ် ဘုရားသည် သူ့အတွက် အပိုအလျှံမရှိလျှင်လည်း ဖြစ်သည့်အခြေအနေတွင်ရှိနေပါသလား ဟူ၍ဖြစ်သည်။ သခင်ခရစ်တော်၏အမှုတော်ဆောင်ခြင်းကိုကြည့်လျှင် ဆင်းရဲသူများ၊ ငိုကြွေးသူများနှင့် ဆာမွတ်သူများအထဲတွင် ဘုရားသခင်၏သတင်းစကား၊ ကူညီမှု ပို၍ထိရောက်ကြောင်း တွေ့ရသည်။

၉။ ရှင်မဿဲကို အခြေခံ၍ကြည့်လျှင် ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ပိုင်းဆိုင်ရာရည်ရွယ်ချက်ဖြင့် မင်္ဂလာတရားတော်ကို







ဖော်ပြထားကြောင်း တွေ့ရသည်။ စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်း၊ ဖြောင့်မတ်ခြင်းကို ဆာလောင်ခြင်း၊ သနားကရုဏာရှိခြင်း၊ စိတ်နှလုံးဖြူစင်ခြင်း၊ ရန်ဘက်ပြုခြင်းကို ငြိမ်းစေခြင်း စသည့်အရည်အသွေးများသည် ခရစ်တော်ကို ယုံကြည်သူများအနေဖြင့် ပိုင်ဆိုင်ရမည့်အရာများဖြစ်သည်။ ဤအရည်အသွေးများသည်လည်း ဘုရားသခင်၏သဘောသဘာဝထဲတွင် တွေ့မြင်နိုင်သောအရာများဖြစ်သည်။ စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်းဟုဆိုရာတွင် တစ်စုံတစ်ဦးသည် နှိမ့်ချသောစိတ်ရှိခြင်း၊ မိမိ၏စိတ်ကို ချုပ်တည်းနိုင်ခြင်း၊ စသည့်သဘောသဘာဝများရှိနေသည့်အနေအထားကို ပြောသည်။ ထိုကဲ့သို့သောစိတ်သဘောဖြင့် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း၊ အသက်တာကိုတည်ဆောက်ဖွယ်ဖြစ်စေမည့်သဘောဖြင့် အသက်ရှင်ခြင်းဖြင့် လောကတွင် ဘုရားသခင်ပေးမည့် ကောင်းကင်နိုင်ငံတော်ဆိုင်ရာကတိတော်များ၊ ဆုကျေးဇူးများကို ခံစားရရှိရန်ဖြစ်သည်။ ခရစ်ယာန်များအတွက်ဖြောင့်မတ်ခြင်းသည် ဘုရားသခင်အားဖြင့်သာ ရရှိနိုင်သည်။ ခရစ်တော်အားဖြင့် ဖြောင့်မတ်ခြင်းသဘောသဘာဝကို အတိုင်းအတာတစ်ခုအထိ ရရှိထားပြီဖြစ်သော်လည်း ထိုဖြောင့်မတ်ခြင်းသဘောသဘာဝ ပိုမိုပြည့်စုံလာရန်အတွက် ဘုရားသခင်၏ကူညီမစမှုဖြင့် ဆက်လက်ကြိုးစားအသက်ရှင်ရမည်ဖြစ်သည်။ သနားကရုဏာရှိခြင်းသည်လည်း ဘုရားသခင်ပိုင်ဆိုင်ထားသော အရည်အသွေးတစ်ခုဖြစ်ပြီး လောကလူသားများနှင့်ပေါင်းသင်းဆက်ဆံမှုတွင် မရှိမဖြစ်ပါဝင်သောအရာတစ်ခုဖြစ်သည်။ ထိုအရည်အသွေးကိုလည်း ယုံကြည်သူခရစ်ယာန်များအနေဖြင့် စံနမူနာယူ၍ လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံမှုကို တည်ဆောက်ရန်ဖြစ်သည်။ သခင်ယေရှုသင်ကြားပေးခဲ့သော ပဋ္ဌနာတော်ကြီးတွင် ဘုရားသခင်သည် ကျွန်တော်၊ ကျွန်မတို့၏ အပြစ်ကိုလွှတ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦးပြစ်မှားမိသောအပြစ်များကို ဖြေလွှတ်ရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ စိတ်နှလုံးဖြူစင်ခြင်းသည်လည်း အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ အထူးသဖြင့် သခင်ခရစ်တော်အမှုတော်ဆောင်ခြင်းတွင် တွေ့ရသည့် အတွင်းသဘောဖြူစင်သန့်ရှင်းခြင်းကို ဆိုလိုသည်။

## ခရစ်ယာန်ယုံကြည်ခြင်းသည် လောကစံနှုန်းများနှင့် အပေးအယူပြုလုပ်ရန်မဖြစ်နိုင်သော အခြေအနေ၊ ထူးခြားသည့်သဘောသဘာဝကို တွေ့ရသည်။

ဤနည်းအားဖြင့် ဘုရားသခင်နှင့် နီးကပ်စွာအသက်ရှင်ရသောအခွင့်ရရှိသည်။ ငြိမ်းချမ်းခြင်းဟုဆိုရာတွင် စစ်ဖြစ်ပွားခြင်းများမရှိသောအခြေအနေကိုသာ ရည်ညွှန်းသည်မဟုတ်ပေ။ အဖက်ဖက်မှကောင်းမွန်သော အခြေအနေတစ်ခုကိုရရှိရန် ကြိုးစားသည့် အနက်အဓိပ္ပာယ်ရသည်။ ဘုရားနှင့်သော်လည်းကောင်း၊ လူလူချင်းသော်လည်းကောင်း မှန်ကန်သောပေါင်းသင်းဆက်ဆံမှုကို တည်ဆောက်နေခြင်းဖြစ်သည်။ ဤသို့ဖြင့် ဘုရားသခင်နှင့် သဏ္ဍာန်တူသောသဘောသဘာဝကို ဖော်ပြအသက်ရှင်ရန်ဖြစ်သည်။


၉။ ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံရသူများသည် မင်္ဂလာရှိသည်ဟုဆိုရာ၌ ခရစ်ယာန်ယုံကြည်ခြင်းနှင့် အသက်ရှင်ခြင်းတို့၏ ခက်ခဲခြင်း၊ မလွယ်ကူခြင်း၊ ကားတိုင်ထမ်းရခြင်း စသည့်အခြေအနေကို ညွှန်ပြနေသည်။ ခရစ်ယာန်ယုံကြည်ခြင်းသည် လောကစံနှုန်းများနှင့်အပေးအယူပြုလုပ်ရန် မဖြစ်နိုင်သောအခြေအနေ၊ ထူးခြားသည့်သဘောသဘာဝကိုတွေ့ရသည်။ ခရစ်ယာန်ဖြစ်ရခြင်းသည်လည်း အပေါ်ယံနာမည်ခံသဘောမျိုးမဟုတ်ဘဲ ခံယူချက်၊ ယုံကြည်ချက်နှင့်နောက်လိုက်တပည့်တော်စစ်ဖြစ်ခြင်းသဘောသဘာဝများပါဝင်သည်။ လောကနှင့်ခြားနားသည့်သဘောဆောင်ခြင်းဖြင့် လောကအတွက်အလင်းဖြစ်ရန် ဖြစ်သည်။ ❑

"နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူ မဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့" (ရှင်ယာကုပ် ၁း၂၂)။

ကျွန်တော်တို့သည် ဘုရားသခင်၏ခေါ်သံ၊ စကားသံကိုကြားရန် ကျွန်ုပ်တို့အတွက် အလွန်ခက်ခဲပါသည်။ သမ္မာကျမ်းစာထဲတွင် ဘုရားသခင်သည် ယောနကို ခေါ်သည့်အခါ ယောန ချက်ချင်းလုပ်ဆောင်ခဲ့ပါသလား။ ဘုရားသခင် သူ့ကိုခေါ်သည့်အခါ၊ စကားပြောသည့်အခါ ဘာကြောင့် ငြင်းဆန်ထွက်ပြေးရပါသနည်း။ ကျွန်တော်တို့သည် ယောန ဘာကြောင့်ထွက်ပြေးရသည်ကို တိတိကျကျ မပြောနိုင်ပါ။ သို့သော် သမ္မာကျမ်းစာမှ ဖြစ်နိုင်သည့်အခြေအနေ (၄) ချက်ဖြင့် ဖော်ပြနိုင်ပါသည်။ ဥပမာအားဖြင့် "A" (၄) လုံးဖြစ်သော Afraid, Attachments, Arrogance, Alternatives ဟူ၍ အကြောင်းပြချက် လေးချက်အားဖြင့် ဖော်ပြနိုင်ပါသည်။

### "Afraid" ကြောက်ရွံ့ခြင်း

ယောနသည် နိနဝေမြို့သို့ သွားသောအခါ ကြောက်ရွံ့စရာ အဖြစ်အပျက်များနှင့် တွေ့ကြုံရမည်။ ကျွန်တော်တို့ ကိုယ်တိုင် သေချာစွာပြန်စဉ်းစားကြည့်လျှင် ယောန တွေ့ကြုံရသောအခြေအနေမှာ အလွန်ခက်ခဲသည်ဟုဆိုနိုင်ပါသည်။ ဘုရားသခင် စေခိုင်းသည့်အတိုင်း ယောန လုပ်ဆောင်လျှင် နိနဝေမြို့သားများ မည်ကဲ့သို့ တုံ့ပြန်နိုင်သနည်း။ ယောန၏ ဟောပြောသွန်သင်မှုသည် ဘုရားသခင်ထံမှ အမှန်တကယ်သတင်းစကားဖြစ်သည်ကို နိနဝေမြို့သားတို့ယုံကြည်နိုင်မည်လော။ သို့မဟုတ် ၎င်းတို့က ယောနကိုဆန့်ကျင်ကြမည်လော။ ထို့



## အဝေးကို ထွက်ပြေးသူ

ဇော်ဂျီးရှိ (ကော)





ကြောင့် ယောနအတွက် ကယ်တင်ခြင်းသတင်းကောင်း ဝေမျှမှုသည် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင်စေခိုင်းခြင်းအတွက် ယောနတွင် ကြောက်ရွံ့မှုရှိနေမည်မှာ သေချာပါသည်။

### "Attachment" သံယောဇဉ်

လူတစ်ဦးတစ်ယောက်သည် မိမိနေရပ်မှ တခြားတစ်နေရာသို့ သွားရောက်နေထိုင်ခဲ့လျှင် မိမိနေအိမ်ကို သတိရမည်မှာ သေချာပါသည်။ ထိုနည်းတူပင် ယောနသည် မိမိ၏အရပ်ဒေသ၊ မိမိ၏မိသားစု၊ အပေါင်းအသင်း၊ ဆွေမျိုးများကိုမခွဲနိုင်၍ နိနဝေမြို့သို့မသွားလိုခြင်းဖြစ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့ မိမိအမှုတော်ထမ်းဆောင်ရမည့်နေရာတွင် သံယောဇဉ်အတွယ်အတာများကို ဖြတ်တောက်၍ ဘုရားသခင်နှင့်မိတ်သဟာယပြု၍ ဘုရားသခင်ကို ကိုးစား၍ ဘုရားသခင်ကိုသတိပြုရန် အလွန်အရေးကြီးပါသည်။

### "Arrogance" မောက်မာခြင်း

ယောနသည် ဘုရားသခင်ကိုသိ၍ ဘုရားသခင်၏ ခေါ်သံကိုကြားသောသူဖြစ်ပါသည်။ သို့သော် ယောနသည် မာန်၊ မာနတို့နှင့်ပြည့်နေသောသူတစ်ယောက် ဖြစ်ပါသည်။ ဘုရားသခင်အပေါ်ယုံကြည်ခြင်းနှင့် သင်္ဘောသားများ၏မေးမြန်းချက်ကို မိမိအဖြစ်အနေဖြင့် ပြန်လည်ရှင်းပြရခြင်းကိုဂုဏ်ယူနေသည် (၁း၉)။ ငါးကြီးဗိုက်ထဲကဒုက္ခကိုသိရသောအခါ မိမိ၏ခံနိုင်ရည်အပေါ် ဂုဏ်မောက်နေသည်။ သူ၏ အမှန်တရားအတွက် ဘုရားသခင်ကိုပင် စောဒကတက်ခဲ့သည်။ ယောန၏အကြီးဆုံး မောက်မာမှုမှာ နိနဝေမြို့သားတို့အား ဘုရားသခင်၏အပြစ်ဒဏ်မှလွတ်မြောက်ခြင်းကို အလိုမရှိခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်ထံမှ နိနဝေမြို့သားတို့အား ပြင်းထန်စွာတရားစီရင်လိုခြင်းဆန္ဒပင် ဖြစ်ပါသည်။ ဤကဲ့သို့ ဖြစ်ပျက်နေမှုများကြောင့် ယောနသည် အညံ့ခံသောနယ်ပယ်တွင် ရုန်းကန်နေရသောအဖြစ်ဖော်ပြရာရောက်ပါသည်။ ယောနသည် ဘဝတစ်ခုလုံးကို ဘုရားသခင်ထံတွင် ဩဇာမခံခဲ့ပေ။

### "Alternative" ဒွိဟဖြစ်ခြင်း

ယောနသည် မိမိကိုယ်ကို ဘုရားသခင်ထက် ပိုသိသည်ဟုခံယူသည်။ နိနဝေမြို့သားတို့အား ဘုရားသခင်ပေးမည့်အပြစ်များကို ခံယူရမည်ဟုယူဆသည်။ နိနဝေမြို့သားတို့အား သွားရောက်၍သတိမပေးလျှင် ဘုရားသခင်သည် ၎င်းတို့အား ဒဏ်ခတ်ခြင်းမှလွဲ၍ တခြားရွေးစရာမရှိဟု ယုံကြည်သည်။ (ယောန ၄း၂) တွင် "အို ထာဝရဘုရား၊ ကိုယ်တော်သည် ကျေးဇူးပြုတတ်သောသဘော၊ သနားတတ်သောသဘော၊ စိတ်ရှည်သောသဘော၊ ကရုဏာနှင့်ကြွယ်ဝသောသဘော၊ ပေးလတ္တံ့သောဘေးဒဏ်မှပြောင်းလဲသောသဘောရှိသောဘုရားဖြစ်တော်မူ၏။ နေရင်းပြည်၌ရှိစဉ် အကျွန်ုပ်အောက်မေ့သည်မဟုတ်လော။ ထို့ကြောင့် တာရှုမြို့သို့ ကြိုးစားရင်းသွားပါပြီ" ဟု ဖော်ပြထားပါသည်။ ခဏကြာသော် မိမိ၏ယူဆချက်များကို ဘုရားသခင်ထံမှချန်ထားကာ စိတ်ဆိုးလာပြီး "သို့ဖြစ်၍၊ အို ထာဝရဘုရား အကျွန်ုပ်အသက်ရှင်ရခြင်းထက် သေရခြင်းသည် သာ၍ကောင်းသောကြောင့် အကျွန်ုပ်အသက်ကို ရုပ်သိမ်းတော်မူပါ ဟုတောင်းလျှောက်သော်" ဟု (ယောန ၄း၃) တွင် ဖော်ပြထားပါသည်။ ဘုရားသခင်က နိနဝေမြို့သားအပါအဝင် လူသားအားလုံးတို့အား မေတ္တာရှိကြောင်း၊ ချစ်ကြောင်းကို ယောန မစဉ်းစားမိပါ။ အကယ်၍ ဘုရားသခင်၏စေခိုင်းချက်ကို ယောနမခံယူလျှင် ဘုရားသခင်သည် အခြားသူတစ်ဦးကိုအသုံးပြု၍ နိနဝေမြို့သားများအား သတိပေး၍ လွတ်မြောက်စေမှာဖြစ်ပါသည်။ ကျမ်းတစ်ခုလုံးတွင်ပြန်ကြည့်ပါက ယောနအဓိကထားသည့်အရာမှာ ဘုရားသခင်သည် သူ့အား အသုံးပြု၍ နိနဝေမြို့သားများကို သွားရောက်တရားဟောစေခြင်းဖြင့် ၎င်းတို့ပြောင်းလဲစေခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်က ယောနအား မိမိဘယ်သူလဲ၊ မိမိဘာလုပ်နေသလဲ၊ ဘုရားသခင်ခေါ်သံကိုနာခံ၍ လက်တွေ့လုပ်ဆောင်ခြင်းကို အလိုရှိပါသည်။

### ကျွန်ုပ်တို့သည် အဝေးသို့ ထွက်ပြေးနေသောသူများ ဖြစ်နေပါသလား။

ဤမေးခွန်းသည် မေးသင့်သောမေးခွန်း ဖြစ်ပါ

# ဘုရားသခင်စေခိုင်းသည့်အရာကို မလုပ်ဘဲ၊ ယောနသည် အဝေးသို့ ထွက်ပြေးခဲ့သည်။ လူသားတစ်ဦးဖြစ်၍ ....





သည်။ တစ်ခါတစ်ရံ ရုပ်ခန္ဓာကိုယ်အားဖြင့်ရှိနေသော်လည်း စိတ်အာရုံသည် အဝေးသို့ရောက်တတ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်၊ အိမ်၊ အဖွဲ့အစည်းတို့၌ မရှိမဖြစ်ပါဝင်ရမည့်သူများဖြစ်ပြီး ခက်ခဲသောပြဿနာ အခြေအနေများပေါ်ပေါက်လာခြင်းကိုတွေ့ရမည်ဖြစ်၍ လျစ်လျူရှု၍ မရနိုင်ပါ။ ဘုရားသခင်စေခိုင်းသည့်အရာကိုမလုပ်ဘဲ၊ ယောနသည် အဝေးသို့ထွက်ပြေးခဲ့သည်။ လူသားတစ်ဦးဖြစ်၍ ဘုရားသခင် တစ်စုံတစ်ရာကိုပြုစေလိုသည့်အတွက် ခေါ်သည့်အခါတွင် စိတ်မပါခြင်း၊ တွန့်ဆုတ်ခြင်းရှိနေခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အောက်ဖော်ပြချက်နှစ်ချက်အားဖြင့် ကျွန်ုပ်တို့၏အသက်တာများကို သတိထားရမည် ဖြစ်သည်။

### ၁။ ဘုရားသခင်အထူးခေါ်တော်မူခြင်း

ယောနကဲ့သို့ ဘုရားသခင်စကားပြောခြင်း၊ ဖွင့်ပြခြင်းကိုသိရှိသူ နည်းပါးပါလိမ့်မည်။ သို့သော် ဘုရားသခင်သည် လူတစ်ယောက်စီတိုင်းအတွက် အထူးအစီအမံ ရှိပြီးသားဖြစ်ရမည်။ (ယေရမိ ၂၉း၁၁) ဖော်ပြချက်အရ "ငါသည် သင်တို့ကိုအကျိုးနည်းစေခြင်းငှာ ကြံစည်သော အကြံအစည်မဟုတ်ဘဲ၊ သင်တို့သည် မျှော်လင့်သော အကျိုးကိုရမည့်အကြောင်း ငြိမ်ဝပ်စေခြင်းငှာသာ သင်တို့အဖို့ ကြံစည်သောအကြံတို့ကို ငါသိ၏။" ဘုရားသခင်သည် ကျွန်ုပ်တို့အား ပျက်စီးစေခြင်းငှာ စမ်းသပ်၍မလုပ်ဆောင်ပါ။ လူတစ်ယောက်စီတိုင်းကို သူ့နေရာနှင့်သူ အသုံးပြု၍ အထူးခေါ်တော်မူခြင်းဖြင့် စိန်ခေါ်နေပါသည်။ ထို့ကြောင့် ဘုရားသခင်၏အကြံအစည်ကို ပို၍ သိရှိရန်ရှာဖွေရပါမည်။

### ၂။ နာခံရန်အတွက် စိတ်ပါဝင်စားမှုမရှိခြင်း

သမ္မာကျမ်းစာဖော်ပြချက်အရ ဘုရားသခင်၏စကားကိုနားထောင်ရန်လိုသကဲ့သို့ လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ (ရှင်ယာကုပ် ၁း၂၂) "နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူဖြစ်ကြလော့"။ ဘုရားသခင်သည် မိမိ၏စကားကိုနာခံ၍ လုပ်ဆောင်စေချင်သည်။ ရှေ့သို့တိုး၍လုပ်ဆောင်စေရန်



F-5A



ကျွန်ုပ်တို့ကို စိန်ခေါ်နေပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်ရန် အသင့်ရှိပါသလား။ ယောနကဲ့သို့ ချက်ချင်းလုပ်ဆောင်ရန် တွန့်ဆုတ်နေပါသလား။

## ဘုရားသခင်ကျွန်ုပ်တို့အား ခေါ်ယူခြင်းကို ရှာဖွေသိရှိရန် အချက်ငါးချက်

ယနေ့တွင် ဘုရားသခင် ကျွန်ုပ်တို့အား မည်သည့်အရာကို လုပ်ဆောင်စေချင်သည်တို့ကို ရှာဖွေသိရှိရန် ယောနအကြောင်းက ထောက်ပြနေပါသည်။ ယောန (JONAH) ဟူသော စကားလုံးငါးလုံးအားဖြင့် ပုံဖော်ပြလိုပါသည်။

*J is for Jesus (ခရစ်တော်အတွက်)*

ယောနသည် ဘုရားသခင်၏စကားတော်ကိုကြား၍ နားထောင်ခဲ့သည်။ သို့သော် သူကြားခဲ့သော်လည်း အဆုံးတိုင်အောင်မနာခံခဲ့ပါ။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏စကားကို မည်ကဲ့သို့ နားထောင်ရမည်နည်း။ ထိုအရာကို ကျွန်ုပ်တို့အချိန်ဖြုန်းနေပါသလား။ ကျွန်ုပ်တို့အများစုသည် ဘုရားသခင်စကားပြောနေသည်ကို အချိန်တိုင်း သံသယရှိနေကြသည်။ ဘုရားသခင်အမှန်တကယ် ရှိသလား။ ကျွန်ုပ်တို့ကို အမှန်တကယ်စကားပြောနေပါသလား။ သူ၏စကားကို အမှန်စင်စစ် ကြားမိကြရဲ့လား။ ထိုမေးခွန်းများကို ကျွန်ုပ်တို့ ပြန်လည်စဉ်းစားရန် လိုပါသည်။ နှိမ့်ချခြင်းဖြင့် ဘုရားသခင်ကိုမှီခိုရမည်။ ကျွန်ုပ်တို့ ဘုရားသခင်နှင့် ဆက်သွယ်မှုပြုသည့်အခါ တစ်ဦးချင်းဆုတောင်းခြင်း၊ သမ္မာကျမ်းစာလေ့လာခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် အခြားသောခရစ်ယာန်များနှင့် မိတ်သဟာယဖွဲ့ခြင်းတို့ကို ပိုမိုလုပ်ဆောင်နိုင်မှသာလျှင် ဘုရားသခင်၏အသံတော်ကို ရှင်းလင်းစွာ သိရှိနားလည်နိုင်မည် ဖြစ်သည်။

ထိုကဲ့သို့လုပ်ဆောင်ရာ၌ ခရစ်တော်ကို ပုံစံနမူနာယူသင့်သည်။ ကျွန်ုပ်တို့အသင်းတော်၌လည်း ထိုကဲ့သို့ လုပ်ဆောင်နေပါသလား။ သို့မဟုတ် နေ့စဉ်အသက်တာ၌ ကျင့်သုံးနေပါသလား။

*O is for others (သူတစ်ပါးအတွက်)*

သင်္ဘောပေါ်တွင် ယောနရှိနေသောအခါတွင် ဒုက္ခပြဿနာများဖြစ်ရခြင်းမှာ မည်သည့်အတွက်ကြောင့်နည်း။ ထိုအခါ ယောနသည် မိမိကြောင့် ထိုပြဿနာကြုံတွေ့လာရသည်ကို ဝန်ခံခဲ့သည် (ယောန ၁း၉)။ ဟေဗြဲအမျိုးသားဖြစ်၏။ ရေမြေကို ဖန်ဆင်းတော်မူသော ကောင်းကင်ဘုံ၏အရှင်ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်သောသူဖြစ်၏ဟုဆိုခဲ့သည်။ ထိုသို့ ယောနသည် မိမိဘုရားသခင်ထံမှ အဝေးသို့ထွက်ပြေးလာခဲ့ကြောင်း၊ လူအများရှေ့တွင် အမှန်တရားကိုလက်ခံခဲ့သည်။

ကျွန်ုပ်တို့သည် အဖွဲ့အစည်း၊ အသင်းတော်၌ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေကြပါသည်။ တစ်ဦးတည်း သီးသန့်နေရန် မည်သည့်အခါမျှ မရည်ရွယ်ခဲ့ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အသင်းတော်နှင့် အဖွဲ့အစည်းများတွင် ပါဝင်စေပြီး ထိုနေရာ၌ ကျွန်ုပ်တို့တစ်ဦးကိုတစ်ဦး ယုံကြည်၍ ကူညီခိုင်းပြီး ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာ၌ မိမိ၏ခေါ်တော်မူခြင်းကို စမ်းသပ်နေပါသည်။ ကျွန်ုပ်တို့အသက်တာတစ်ခုလုံးအတွက် ဘုရားသခင်ခေါ်တော်မူခြင်းကို ကြိုးစားလုပ်ဆောင်ရန် အားထုတ်ကြပါသလား။ ထိုကဲ့သို့ လုပ်ဆောင်သည့်အခါတွင် အခက်အခဲနှင့်ကြုံတွေ့ရမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အန္တရာယ်နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ မိမိအတွက်သာလျှင် စဉ်းစားခြင်း၊ မေးခွန်းထုတ်ခြင်း၊ နားထောင်လျှင် အကျိုးရှိရန် ခက်ခဲပါလိမ့်မည်။

*N is For Now (ယခုအချိန်)*

ယောန (Ninevah) မှာ သွားတရားဟောဖို့ ခိုင်းခံရတယ်။ ဒါပေမဲ့ Story ရဲ့ 48 verses ထဲက verse တစ်ခုမှာပဲ တရားအမှန်ဟောတာပါတယ်။ ဒီလိုဆိုရင် အချိန်အားလုံးရဲ့ ၉၈% မှာ သူဟာ ဘုရားသခင်အတွက် အကျိုးမရှိဘူး။ ဘုရားသခင်ရဲ့စိတ်ဝင်စားမှုကို မခံရဘူးလားလို့ ဆိုလိုတာလား၊ မဟုတ်ပါ။ ၉၈% သောအချိန်မှာ ဘုရားသခင်က ယောနကိုစောင့်ရှောက်နေတယ်ဆိုတာကို ပြပါတယ်။ သူ့ရဲ့လိုအပ်မှုကို ဂရုစိုက်ပေးတယ်။ ယောနကို

ဘုရားသခင် သူ့ကိုယ်တိုင်နှင့် ပိုတူလာအောင် သင်ကြားပေးနေသည်။

*A is for Accept (လက်ခံဖို့)*

ဘုရားသခင် ကျွန်ုပ်တို့ကို စကားပြောသည်ကို ကြားလျှင် ပြောသည့်အရာကိုလက်တွေ့လုပ်ဆောင်ရမည်။ ဘုရားသခင်၏ခေါ်တော်မူခြင်းကို လက်ခံရန်အတွက် ကျွန်ုပ်တို့သည် ယောနကဲ့သို့ ချည်နှောင်ထားသည့်အချက် (၄)ချက်ဖြစ်သည့် (1) Afraid, (2) Attachments, (3) Arrogance, (4) Alternatives တို့ကိုဖယ်ရှားရန် လိုအပ်သည်။ ဘုရားသခင် ကျွန်ုပ်တို့ကို တစ်စုံတစ်ရာ စေခိုင်းသည့်အခါ ကျွန်ုပ်တို့ကို ရွေးချယ်ရခြင်း၏ရည်ရွယ်ချက်နှင့် အကြောင်းပြချက်ရှိပါသည်။ "သင်တို့သည် ငါ့ကို ရွေးကောက်သည်မဟုတ်၊ ငါသည် သင်တို့ကို ရွေးကောက်သဖြင့် သင်တို့သည် သွား၍ တည်ကြည်သောအသီးကို သီးမည့်အကြောင်းနှင့် ငါ့နာမကိုအမှီပြု၍ ခမည်းတော်မှာ တောင်းသမျှတို့ကိုရမည့်အကြောင်း သင်တို့ကို ငါခန့်ထား၏" (ယော ၁၅း၁၆)။

*H is For Honour (ရိုသေသမှု)*

ဘုရားသခင်ကို နာခံ၍ စတင်လုပ်ဆောင်လျှင် မကြာခဏ အံ့ဩဖွယ်ကောင်းသောအရာများကို ဘုရားသခင် လုပ်ဆောင်ပေးမည်။ ယောန ဘုရားသခင်စကားကို နာခံသည့်အခါ နိနဝေတစ်မြို့လုံး မည်ကဲ့သို့ အကျိုးသက်ရောက်မှုများရှိခဲ့သည်ကို ကြည့်လျှင်သိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့လုပ်ဆောင်သည့်အခါ နှိမ့်ချခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဘုန်းတော်ထင်ရှားရန် လိုအပ်ပါသည်။ ဤကဲ့သို့ လက်တွေ့လုပ်ဆောင်ရန် မလွယ်ကူပါ။ ကျွန်ုပ်တို့ အများစုသည် လက်ရှိဖြစ်ပေါ်ဖြစ်ပျက်နေသည့်အရာများသည် ဘုရားသခင်လက်ထဲ၌သာရှိသည်ဆိုသည်ကို လက်ခံအသိအမှတ်ပြုရန် ခက်ခဲလှသည်။ မည်သို့ပင်ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်သည့်အခါ ဘုရားသခင်ကို အဆုံးစွန် ရိုသေသမှုပြုရပါမည်။



## သင်တို့သည် ငါ့ကို ရွေးကောက်သည်မဟုတ်၊ ငါသည် သင်တို့ကို ရွေးကောက်သဖြင့်

**စဉ်းစားရန်မေးခွန်း**

ဘုရားသခင်စေခိုင်းတဲ့အခါ သင် အဝေးကို ရှောင်ဖယ် ထွက်ပြေးချိန်များ ရှိခဲ့သလား။ ဘယ်လို တုံ့ပြန်ခဲ့သလဲ။

ဒီကနေ့ ဘုရားသခင်က သင့်ကို ဘယ်လိုစကားပြောနေသလဲ။ ဘယ်လိုအသုံးပြုနေသလဲ။ ဘယ်လိုချစ်နေသလဲ။ သင့်ရဲ့စွမ်းရည် (အစွမ်းအစ) နဲ့ သင့်ကို ဘယ်လိုအသုံးပြုနေသလဲ။❑





သင့်အတွက် နှုတ်ကပတ်တော်

"The Word for You"

(ဂလာတိ ၅း၆) "မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏။"

(ဤဆောင်းပါးသည် Joyce Meyer ရေးသော Being The Person God Made You To Be စာအုပ်ထဲမှ "Experiencing The Love of god" အပိုင်းကို ကောက်နုတ်ဘာသာပြန်ထားခြင်းဖြစ်ပါသည်။)

ဘုရားသခင်ကို သဘောတွေ့စေခြင်း၊ ကျေနပ်စေခြင်းဖြင့် ယုံကြည်ခြင်းကိုရှိစေရန် အလွန်ကြိုးစားအားထုတ်ခြင်းကိုရပ်နား၍ ဘုရားသခင်ကို ချစ်ခြင်းအရာ၌ ဘုရားနှင့်အတူ ကြိုးစားအားထုတ်ခြင်း၌ အချိန်ရှိသမျှ ကုန်လွန်စေကြပါဟု တိုက်တွန်းထားသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့ဆက်ဆံရေးအပေါ် မူတည်သော ယုံကြည်ခြင်း၌ လျှောက်လှမ်းကြရန်သာ ကြိုးစားရမည်ဖြစ်သည်။

Stop trying so hard to get faith, and please God, and start spending all the time and effort with God-loving Him.

ဂလာတိ ၅း၆ ယုံကြည်ခြင်းသည် ချစ်ခြင်းမေတ္တာအားဖြင့်သာ အလုပ်လုပ်သည်။ ယုံကြည်ခြင်းသည် ချစ်ခြင်းမပါဘဲ အလုပ်မလုပ်နိုင်ဟု ဆိုထားသည်။

Galatians 5:6 says that faith works by Love. Faith will not work without love.

အကျွန်ုပ်တို့သည် အခြားလူများကို မချစ်ဘူး ဆိုပါက ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အကျိုးမရှိဟု ဤကျမ်းပိုဒ်က အဓိပ္ပာယ်ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဘုရားသခင်က အဘယ်လောက်ချစ်သနည်းဆိုတာကိုမသိလျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အလုပ်ပါလိမ့်မည်မဟုတ်ပါ။

What it means that if we don't know how much God loves us, our faith won't work.

ဘုရားသခင်ထံ ကိုးစားခြင်း၌ လိုက်လျှောက်ခြင်းသည် ဘုရားသခင်အပေါ်မှာ မှီခိုအားထားခြင်းနှင့်၊ အရာရာ၌ ခိုလှုံ၊ စိတ်ချခြင်းပင်ဖြစ်သည်။ မိမိအသက်တာအတွက် ထာဝရ ယုံကြည်စိတ်ချခြင်းပင်တည်း။ တစ်စုံတစ်ယောက်သော သူက သင့်



ကို ချစ်သည်ဆိုတာကိုမသိလျှင်၊ သင်သည် ထိုသူကို မည်ကဲ့သို့ စိတ်ချယုံကြည်နိုင်မည်နည်း။ ခိုလှုံကိုးစားခြင်း လည်းမရှိနိုင်ပါ။ သင်၏အတွင်းစိတ်နှလုံးထဲမှာ ဘုရားသခင်က သင့်အား သူ၏ချစ်ခြင်းမေတ္တာကိုပြသောအခါမှာ ၎င်းကို သင် သတိရရပေမည်။

သမ္မာကျမ်းစာက ဘုရားသခင်သည် ငါတို့ကို ရှေ့ဦးစွာချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏" (၁ယော ၄း၁၉) က ဆိုထား၏။ ဘုရားသခင်က ဦးစွာပထမချစ်သည်ဆိုသောအချက်ကို သင် ယုံကြည်စိတ်ချမှုမရှိပါက သင်သည် ဘုရားကို ချစ်ရန်၊ မဖြစ်နိုင်ပေ။ သင်၏နှလုံးသားထဲမှာ ဤအချက်သည် အနိုင်အမာရှိပြီးပြီ။ ဘုရားသခင်က သင့်ကိုချစ်သည်၊ သင်သည် အံ့ဩစရာကောင်းပါသည်။ သင်သည် တန်ဖိုးရှိပါသည်။ ဘုရားသခင်က သင့်ကိုချစ်သလို တစ်လောလုံးထဲမှာ အခြားမည်သူမျှ သင့်ကိုမချစ်နိုင်ပါ။

God loves you. You are wonderful! You are precious! Nobody all the world will ever love you as God loves you.

Faith works by letting God love you.

ဘုရားကို သင့်အား ချစ်ခွင့်ပေးလျှင် ယုံကြည်ခြင်းသည် အကျိုးရှိပေမည်။

God is love and love never fails.

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်။ မေတ္တာသည် ဘယ်တော့မှ ပျက်ကွက်ခြင်းမရှိပါ။ သို့ဖြစ်၍ မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်းကိုရရှိရန် ကြိုးစားအားထုတ်ကြပါစို့။

But the Greatest of these is love.

ဤသုံးပါးတွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သည်။

"ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် တည်လျက်ရှိသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ၎င်းတည်လျက်ရှိသောအရာများတွင် မေတ္တာသည် အကြီးမြတ်ဆုံးဖြစ်သည်ဟု ဆိုထား၏။

တစ်ဖန် (၁ကော ၁၃း၂) တွင်လည်း "ပရောဖက်ဉာဏ်ကို ငါရ၍ နက်နဲသောအရာရှိသမျှတို့နှင့်သိပ္ပံအတတ်အမျိုးမျိုးကို တတ်သော်လည်းကောင်း၊ တောင်များကိုရွှေ့နိုင်သောယုံကြည်ခြင်းအမျိုးမျိုးနှင့်ပြည့်စုံသော်လည်းကောင်း မေတ္တာမရှိလျှင် အချည်းအနှီးသက်သက်ဖြစ်၏ဟု သမ္မာကျမ်းစာက ရေးသားထားသည်။

ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းတို့သည် ပျောက်ကွယ်သွားလိမ့်မည်။ သို့သော် ချစ်ခြင်းမေတ္တာသည် အစဉ်အမြဲတည်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၏။

God is Love.

၂၀၀၇-၂၀၀၈ စာသင်နှစ်အတွက် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ဆောင်ပုဒ်မှာ "မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်းသာ အကျိုးရှိ၏"(ဂလာတိ၊ ၅း၆) ဖြစ်ပေသည်။ တစ်နည်းဆိုသော် မေတ္တာမပါသော ယုံကြည်ခြင်းသည် အကျိုးမရှိဟု ဆိုလိုသည်။

ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့၏ဆက်သွယ်နေပုံကို အနည်းငယ်လေ့လာကြည့်ကြစို့။

ကျွန်ုပ်တို့၌တည်နေသော ဤ (၃)ခုကို သစ်ပင်တစ်ပင်၏ပုံရိပ်နှင့် နှိုင်းယှဉ်ကြည့်မည်ဖြစ်သည်။

Its roots and trunk are faith, which is the sound relationship with God.

သစ်ပင်တစ်ပင်၏အမြစ်များနှင့် ပင်လုံးသည် ဘုရားသခင်နှင့် ခိုင်ခံ့စွာသောဆက်သွယ်မှုဖြစ်ပေသည်။

သစ်ပင်၏အကိုင်းအခက်များက တစ်ဦးတစ်ယောက်အတွက် ဘုရားသခင်၏ရည်ရွယ်ချက်များကို ကြိုဆိုမျှော်လင့်ခြင်းဖြစ်သည်။

သစ်ပင်၏အသီးများက ဘုရားသခင်အတွက် အမှုထမ်းခြင်းနှင့် သူတစ်ပါးအတွက် ဆောင်ရွက်ပေးသော ချစ်ခြင်းမေတ္တာဖြစ်၏။

ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်စကားတော်အားဖြင့် ဖြစ်၏" ဟု (ရောမ ၁၀း၁၇) ကဆိုထား၏။

မျှော်လင့်ခြင်းသည်လည်း ကျွန်ုပ်တို့ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကိုးစားခြင်းမှလာသည်။ ရှင်ပေါလုက သူသည် စစ်ကြောခြင်းခံရစဉ် "ဘုရားသခင်သည်





ဘိုးဘေးများတို့အား ပေးတော်မူသောကတိတော်ကိုထောက်၍ မျှော်လင့်ခြင်းအကြောင်းကြောင့် အကျွန်ုပ်သည် ယခုတွင် စစ်ကြောစီရင်ခြင်းကိုခံရ၏" ဟုဆိုထား၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအပေါ်တွင်, မျှော်လင့်ခြင်းကို တည်ဆောက်သည်။

ချစ်ခြင်းမေတ္တာသည် ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းမှဖြစ်ပေါ်လာသည်။ အဘယ်ကြောင့်ဆိုသော် ချစ်ခြင်းမေတ္တာသည် ရှင်သန်သည်၊ အကြောင်းမှုကား ၎င်းသည် ၎င်းစွမ်းအင်ပေါ်တွင်ယုံကြည်ကိုးစားသည်။ သို့ဖြစ်၍ သမ္မာကျမ်းစာက ချစ်ခြင်းမေတ္တာသည် မည်သည့်ကာလမှ မရွေ့လျားပါဟု ဆိုထား၏။

Love never fails.

ယုံကြည်ခြင်းက ဘုရားသခင်အပေါ်မှာ စောင့်မျှော်၍ ချစ်ခြင်းမေတ္တာက ဘုရားသခင်အား စေစားခြင်းအပေါ်မှာသော်လည်းကောင်း၊ အချင်းချင်းအား စေစားခြင်းအပေါ်မှာသော်လည်းကောင်း မျှော်လင့်သည်။

Faith without love is faith without works.

ချစ်ခြင်းမေတ္တာမပါသော ယုံကြည်ခြင်းသည် အလုပ်မပါသောယုံကြည်ခြင်းဖြစ်သည်။ ၎င်းသည် အသေဖြစ်သည်။ အကြောင်းမှာ ၎င်းသည် စိတ်နှင့်သာသက်ဆိုင်သည်။

ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဟု အဘယ်ကြောင့် ရှင်ပေါလုက ပြောသနည်း။

(က) ၎င်းသည် ဘုရားသခင်၏ဂုဏ်အင်္ဂါဖြစ်ပါသည်။ ဧဝံဂေလိတရားက "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်" ဟု ဆိုထားသည် (ယော ၄း၈၊ ၁၆)။ သို့သော် ဘုရားသခင်သည် ယုံကြည်ခြင်းဖြစ်သည်။ သို့မဟုတ် မျှော်လင့်ခြင်းဖြစ်သည်ဟု မဆိုထားပါ။

The Gospel says that God is love but it does not say that God is faith or hope.

(ခ) ချစ်ခြင်းမေတ္တာသည် ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းထက် ကြီးမြတ်သည်။ အကြောင်းမှာ ၎င်းသည် ပို၍ကြီးမားသော အကျိုးရလဒ်များကို ထွက်ပေါ်စေသည်။ ၎င်းသည် ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့အဘ၏သားသမီးများဖြစ်စေသည် (မ ၅း၄၅)။ (ဖေက် ၅း၁၊ ၂) ကလည်း "ထိုသို့ သင်တို့သည် ဘုရားသခင်၏ချစ်သားဖြစ်ကြသည်နှင့်အညီ ဘုရားသခင်ကျင့်တော်မူသည့်နည်းတူ ကျင့်ကြလော့၊ ငါတို့အတွက် စွန့်တော်မူသည့်နည်းတူ၊ သင်တို့သည် မေတ္တာတရား၌ကျင်လည်ကြလော့" ဟု ဆိုထားပြန်သည်။

(ဂ) ချစ်ခြင်းမေတ္တာသည် အစဉ်တည်သော ဂုဏ်အင်္ဂါတစ်ခုဖြစ်သည်။

Love never fails.

မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏" ဟု ဖေက် ၃း၈ က ဖော်ပြထားပါသည်။

(၁) Love never fails as a living principle.

အသက်ရှင်မှု စည်းမျဉ်းအဖြစ်နှင့်လည်း ပျောက်ကွယ်ခြင်းမရှိပါ။

(၂) Love never fails as a motivation of serving. အမှုထမ်းဆောင်ခြင်း၏ ရည်ရွယ်ချက်အဖြစ် လည်း မပျက်ကွက်ပါ။

(၃) Love never fails as a source of happiness.

ပျော်ရွှင်မှု၏အရင်းအမြစ်အဖြစ်အနေနှင့်လည်း မည်သည့်ကာလမှ မပျက်ပါ။

.Love nver fails becuase God is Love.

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သဖြင့် ချစ်ခြင်းမေတ္တာသည် ထာဝရတည်သည်။

သို့ဖြစ်၍ မေတ္တာအားဖြင့်ပြုပြင်သော ယုံကြည်ခြင်းသာအကျိုးရှိပါသည်။ မေတ္တာကင်းမဲ့သော ယုံကြည်ခြင်းသည် တည်မြဲလိမ့်မည်မဟုတ်ပါ။ အကြောင်းမှာ မေတ္တာမပါသောယုံကြည်ခြင်းသည် ဘုရားမပါသော ယုံကြည်ခြင်းပင် ဖြစ်လိမ့်မည်။

သို့ဖြစ်၍ ယုံကြည်သူခရစ်ယာန်များအနေဖြင့် မေတ္တာအားဖြင့်ပြုပြင်သော ယုံကြည်ခြင်းဖြင့်သာ အသက်ရှင် ရပ်တည်ကြရမည် ဖြစ်ပါသည်။

Love Never Fails- Meditations on the Chapter of Love. (1 Cor: 13.)

*Menes Abdul- Noor* မှ ကောက်နုတ်ဘာသာပြန်ထားပါသည်။❑

# မင်္ဂလာရှိသောသူ၏သဘောထားနှင့် ဝိသေသလက္ခဏာများ

ကိုရယ်(သတ္တ)



ယနေ့ လူ့ဘောင်ပတ်ဝန်းကျင်နှင့် အသင်း တော်များတွင် မင်္ဂလာရှိသည့်လူသားများမှာ လိုအပ်လျက်ရှိကြောင်း၊ အပြစ်ကြောင့် ပျက်စီး ယိုယွင်းနေသည့် လူ့ဘောင်အစိတ်အပိုင်းများက သက်သေခံနေပါသည်။ သို့ဖြစ်၍ မင်္ဂလာရှိသော သူများရှာဖွေရာ၌ ထိုသူများ၏ ဝိသေသလက္ခဏာများအား ဖော်ထုတ်ပြီး ရှာဖွေရမည်ဖြစ်ပါသည်။ ထို့ကြောင့် မင်္ဂလာရှိသူတစ်ဦး၏သဘောသဘာဝနှင့်ဝိသေသလက္ခဏာများအားဖော်ပြ လိုပါသည်။ မင်္ဂလာရှိသူတစ်ဦး၏ဝိသေ သလက္ခဏာများအားဖော်ညွှန်းသည့် ကျမ်းပိုဒ်များစွာထဲမှ တစ်ခုဖြစ်သည့် (ဆာလံ ၁) မှဖော်ညွှန်းမှုများအား တင်ပြလိုပါသည်။

(ဆာလံ ၁)၏ ပထမအခန်းငယ်သုံးခုသည် မင်္ဂလာရှိသောသူ၏ဝိသေသ များအား ဖော်ညွှန်းပြီး အခန်းငယ် (၄)မှ အဆုံးထိတွင် မင်္ဂလာမရှိသောသူ၏





ဝိသေသလက္ခဏာများအား ဖော်ညွှန်းထားပါသည်။ သခင်ခရစ်တော်အား' မိမိ၏ကယ်တင်ရှင်အဖြစ်ယုံကြည်သည့် ခရစ်ယာန်များ၏အသက်တာ၌ ဘုရားတရား ကြည်ညိုသူ (ဝါ) မင်္ဂလာရှိသူ၏ဝိသေသလက္ခဏာများအား အသက်တာ၌ပေါ်လွင်တည်ရှိရန် (ဆာလံ ၁း၁-၃) တွင် ဖော်ညွှန်းထားမှုများဖြင့် ဆန်းစစ်တည်ဆောက် အသက်ရှင်ရန် လိုပေမည်။ ၎င်းဝိသေသလက္ခဏာများ ထဲမှ ပထမဦးဆုံးသောဝိသေသတစ်ခုမှာ "မတရားသော သူတို့၏တိုက်တွန်းခြင်းသို့မလိုက်" ခြင်းပင်ဖြစ်ပါသည်။ ထိုသဘောတရားအား တစ်နည်းအားဖြင့် မင်္ဂလာရှိသော သူသည် ဘုရားတရားကြည်ညိုသူများ၏ တိုက်တွန်း လမ်းညွှန်မှုအား လိုက်လျှောက်သူဟုဆိုနိုင်ပါသည်။ ထိုသို့ သောသူသည် ဘုရားသခင်၏အကြံအစည်ကား တခြား၌မရှာဘဲ သမ္မာတရားအတိုင်း အသက်ရှင်သူများထံ၌ နည်းယူသည့်သဘောမျိုးဖြစ်ပါသည်။ သို့ဖြစ်၍ မိမိ အဘယ်သူ့ဆီမှာ အကြံဉာဏ်များတောင်းခံနေမိကြောင်း အစဉ်သတိပြုနေသူ၊ မတရားပြုကျင့်သူများထံမှ ဘုရားတရားကြည်ညိုခြင်း အသက်တာပုံစံနှင့် နည်းနာများ၊ အကြံ ဉာဏ်တောင်းခံနေမိပါက အမျှော်အမြင်နည်းပါးသည့် လုပ်ရပ်သာဖြစ်မည့်အကြောင်း သတိပြုဆင်ခြင်သောသူလည်းဖြစ်ပါသည်။

ဒုတိယဝိသေသတစ်ခုမှာ "လူဆိုးတို့၏လမ်းတွင် မရပ်မနေ" ဟူသောဝိသေသပင်ဖြစ်ပါသည်။ မင်္ဂလာရှိသောသူသည် မင်္ဂလာမရှိသောသူများနှင့် အတွင်းကျကျ မိတ်ဖွဲ့ပေါင်းသင်းမှုမျိုး မရှိသောသူပင် ဖြစ်ပါသည်။ သမ္မာတရားအား မသိသေးသူများ၊ အပြစ်သားများအား မိတ်ဆွေအဖြစ် မပေါင်းဖော်၊ သတင်းကောင်းဝေမျှရန်မလိုသည့်သဘောမျိုးမဟုတ်ဘဲ အတွင်းကျကျမိတ်ဖွဲ့ပေါင်းသင်းမှုမျိုး မလုပ်သည့်သဘောပင်ဖြစ်ပါသည်။ တမန်တော်ရှင်ပေါလုက (၁ကော ၁၅း၃၃) တွင် "အလွဲမယူကြနှင့်၊ မကောင်းသောသူတို့နှင့်ပေါင်းဖော်ခြင်းအားဖြင့် ကောင်းသောအကျင့်ဓလေ့ ယိုယွင်းတတ်၏။" ဟု သတိပေးထားပါသည်။ မကောင်းသောသူနှင့်ပေါင်းသင်းမိတ်ဖွဲ့မှုကြောင့် မကောင်းသည့်အကျင့်စရိုက်များရလာရုံမျှမက မိမိ၌ရှိသည့် ကောင်းမြတ်မှုများပင် ယုတ်လျော့ကျဆင်းနိုင်သည့်သဘောမျိုးဖြစ်၍ မင်္ဂလာရှိသောသူတစ်ဦးအနေဖြင့် အခြားသူတစ်ဦး၌ရှိသည့် ဘုရားတရားကြည်ညိုမှု အရည်အသွေးအပေါ်အခြေခံပြီး အတွင်းကျကျ မိတ်ဖွဲ့ပေါင်းသင်းမှုမျိုးသာပြုမည့်သဘော ဖြစ်ပါသည်။

တတိယဝိသေသတစ်ခုမှာ "မထီမဲ့မြင်ပြုသောသူတို့၏အစည်းအဝေး၌မထိုင်" ဟူသောဝိသေသဖြစ်ပါသည်။ မင်္ဂလာရှိသောသူတစ်ဦးသည် အခြားသူများနှင့် တူညီနေစရာမလိုဘဲ ဘုရားကြိုက်နှစ်သက်ရာများ၌ စိတ်အားကြီး ထက်သန်သူဖြစ်ပေသည်။ ဘုရား၏ဂုဏ်ရည်တော်များနှင့် ခရစ်တော်တည်ဆောက်ခဲ့သည့် အသင်းတော်အား စိတ်ဝင်စား တန်ဖိုးထားသူဖြစ်ပေသည်။ သို့ဖြစ်၍ နှုတ်ကပတ်တော်အား မထီမဲ့မြင်ပြုခြင်းအား ငြိမ်၍သည်းခံနေမည့်သူမျိုးမဟုတ်သကဲ့သို့ အသင်းတော်အား စော်ကားလာပါကလည်း လက်ပိုက်ကြည့်နေမည့်သူတစ်ဦးမဟုတ်ပေ။ မထီမဲ့မြင်ပြုသောသူများ၏ စည်းဝေးတိုင်ပင်မှုများအပေါ် ဖြောင့်မတ်ခြင်းနှင့် သမ္မာတရားအတွက် မားမားမတ်မတ်ရပ်တည်ပြီး ချစ်မေတ္တာဖြင့် ရင်ဆိုင်တုံ့ပြန်မည့်သူတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်၍ မိမိပါဝင်ပတ်သက်နေသည့် အခန်းကဏ္ဍတိုင်း၌ ဘုရားသခင်နှင့်သမ္မာတရားအား မထီမဲ့မြင်ပြုပြီး ထိပါးစော်ကားနေခြင်းများ၌ မင်္ဂလာရှိသူတစ်ဦးအနေဖြင့် သမ္မာတရားဘက်မှ ရင်ဆိုင်တုံ့ပြန်နေမည့်သဘောမျိုး ဖြစ်ပါသည်။

စတုတ္ထဝိသေသတစ်ခုမှာ (ဆာလံ ၁း၂) ၌ပါသည့် "ထာဝရဘုရား၏တရားတော်၌မွေ့လျော်၍ တရားတော်ကို နေ့ညဥ့်မပြတ် ဆင်ခြင်အောက်မေ့သောသူ" ဟူသည့်ဝိသေသပင်ဖြစ်ပါသည်။ မင်္ဂလာရှိသောသူသည် အခြားသောအရာများ၌ အားယူဝမ်းမြောက်နေခြင်းထက် ဘုရားသခင်၏နှုတ်ကပတ်တော်အား ဖတ်ရွတ်အာရုံပြုပြီး အားယူဝမ်းမြောက်နေသူပင်ဖြစ်ပါသည်။ ထိုသူ၏ ဝမ်းမြောက်ကျေနပ်မှုအခြေခံသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ရှိနေသည့်သဘောပင်ဖြစ်ပါသည်။ ဘဝအသက်တာတွင် စစ်မှန်သည့် အောင်မြင်ခြင်းအခြေခံသည် နှုတ်ကပတ်တော်၌ရှိကြောင်း ယုံကြည်သကဲ့သို့ မိမိနှင့်သက်ဆိုင်သူတိုင်းအား နှုတ်ကပတ်တော်ဖြင့် လမ်းညွှန်မစမှုပေး

နေမည့်သူလည်းဖြစ်ပါသည်။ သို့ဖြစ်၍ မိမိအသက်တာ၌ အားယူဝမ်းမြောက်မှုအခြေခံသည် မိမိပိုင်ဆိုင်သည့် ဥစ္စာဓနနှင့် ရုပ်ပိုင်းဆိုင်ရာများ၌မဟုတ်ဘဲ ဘုရား၏နှုတ်ကပတ်တော်မှဖော်ပြသည့် ကတိတော်များ၌အခြေခံသည့်သဘာဝပင် ဖြစ်ပါသည်။

ပဉ္စမဝိသေသတစ်ခုမှာ ဆာလံ ၁း၃ တွင်ပါသည့် "မြစ်နားမှာစိုက်လျက်" ဟူသောဝိသေသပင်ဖြစ်ပါသည်။ မင်္ဂလာရှိသောသူသည် ဘဝအသက်တာ၏မုန်တိုင်းများကြား၌ ခိုင်မာအောင်မြင်စွာ ရပ်တည်နေမည့်သူပင်ဖြစ်ပါသည်။ အကြောင်းမှာ မိမိ၏အခြေအမြစ်သည် အပေါ်ယံ ရုပ်ပိုင်းဆိုင်ရာ၌သာမဟုတ်ဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ဖော်ပြမှုနှင့် သခင်ခရစ်တော်၌ နက်နက်ရှိုင်းရှိုင်း တည်နေသောကြောင့်ပင်ဖြစ်ပါသည်။(ယေရမိ ၁၇း၇-၈) မှာလည်း ထိုအချက်အား "ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရဘုရားကို မိမိကိုးစားရာအကြောင်းဖြစ်စေသောသူသည် ကောင်းချီးမင်္ဂလာကိုခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား ရေရှိသောအရပ်၌စိုက်၍ မြစ်နားမှာအမြစ်ဖြာသဖြင့် ပူသောအရှိန်ရောက်ကြောင်းကိုမသိ၊ အရွက်မညှိုးနွမ်း၊ မိုးခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ အစဉ်အမြဲ အသီးကိုသီးတတ်သောအပင်နှင့်တူ၏" ဟူ၍ ထောက်ခံထားပါသည်။

ဆဋ္ဌမဝိသေသတစ်ခုမှာ "အချိန်တန်မှအသီးကိုသီး၍" ဟူသောဝိသေသပင်ဖြစ်ပါသည်။ မင်္ဂလာရှိသောသူသည် အသီးအပွင့်များနှင့် ဝေဆာနေသောသူတစ်ဦးလည်းဖြစ်ပါသည်။ "မိမိအချိန်တန်မှ" ဟူသောသဘောကိုနားလည်ပြီး ဘုရားသခင်ခွင့်ပြုသည့်အချိန်ထိ အသက်တာကို ဘုရားထံ ပုံအပ်ပြီး စောင့်မျှော်နေသူလည်းဖြစ်ပါသည်။ ယနေ့ မနက်ဖြန်လောက်သာမကြည့်ဘဲ ထာဝရခရီးဆီသို့ မျက်မှောက်ပြုသူလည်းဖြစ်ပါသည်။ သို့ဖြစ်၍ မိမိ၏အသက်တာ၌ အရည်အသွေးကောင်းမွန်သည့် မည်သို့သော အသီးများသီးနေကြောင်း ပြန်လည်ဆန်းစစ်သကဲ့သို့ ဘုရား၏အချိန်အား စောင့်မျှော်တတ်သည့် စိတ်သဘောထားမျိုးရှိသူလည်း ဖြစ်ပါသည်။

သတ္တမဝိသေသတစ်ခုမှာ "အရွက်မညှိုးနွမ်းတတ်သောအပင်" ဟူသည့်ဝိသေသပင်ဖြစ်ပါသည်။ သစ်ပင် တစ်ပင်အား အဝေးမှကြည့်ပါက အသီးများအားဦးစွာ မမြင်ရဘဲ အရွက်များကို ဦးစွာတွေ့ရတတ်ပါသည်။ မင်္ဂလာ ရှိသောသူ၏ ထင်ရှားသည့်သက်သေခံမှု အသက်တာသည်လည်း မပြောင်းလဲဘဲ တစ်သမတ်တည်းရှိနေကြောင်း ထင်ရှားစွာတွေ့ရမည်ဖြစ်ပါသည်။ ညှိုးနွမ်းမှုမရှိခြင်းသည်လည်း အခြေခံအရင်းအမြစ်၏ တည်ရှိနေမှုအပေါ်မူတည် နေပါသည်။ ထိုသူသည် ဘုရား၌အမြစ်တွယ်၍ နိုင်ငံ စိမ်းလန်းနေခြင်းလည်းဖြစ်ပေသည်။ ထိုသူ၌ အပြစ်ပြုမိချိန်၊ လမ်းလွဲမှားယွင်းမိချိန်၊ ကျဆုံးချိန်များ ရှိနိုင်သော်လည်း အခြေခံအရင်းအမြစ်ဖြစ်သည့် ဘုရားကို အားကိုးခိုလှုံ၊ ဝန်ချတောင်းပန်ရင်း ရှေ့လျှောက်လှမ်းနေမည့်သူတစ်ဦး ဖြစ်ပါသည်။

အဋ္ဌမဝိသေသမှာ "ပြုလေသမျှတို့၌ အောင်လိမ့်သတည်း" ဟူသောဝိသေသပင်ဖြစ်ပါသည်။ မင်္ဂလာရှိသောသူသည် လုပ်ဆောင်သမျှ၌ အောင်မြင်မှုရရှိမည် ဖြစ်ပါသည်။ အကြောင်းမှာ မိမိလုပ်ဆောင်မှုများ၌ ဘုရား၏စည်းမျဉ်းဥပဒေသများအတိုင်း လုပ်ဆောင်မည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ အခြားသူများ၏အမြင်၌ မအောင်မြင်သည့်သဘောမျိုးရှိနေချိန်၌ပင် အောင်မြင်မှု၏ သဘောသဘာဝအား အသက်တာ၌ခံစားနေရသူမျိုးဖြစ်ပါသည်။

ခရစ်တော်အားယုံကြည်သည့် ခရစ်ယာန်တို့၏ အသက်တာအချိန်နာရီတိုင်း၌ ထိုဝိသေသများ တစ်စတစ်ဝေးတည်း တစ်ပြိုင်နက်တည်း မတည်ရှိနေနိုင်သော်လည်း ဘုရားသခင်၏လမ်းပြမစမှုအား ခံယူပြီး သမ္မာကျမ်းစာ၏စည်းမျဉ်းများဖြင့် အသက်ရှင်ခြင်းမှ ထိုဝိသေသများအား ပို၍ထင်ရှားလာရန် ဖော်ဆောင်နိုင်ပြီး မင်္ဂလာရှိသူများဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်စွာဖြင့် ရေးသားဖော်ညွှန်းအပ်ပါသည်။ ❖

ချစ်မေတ္တာဖြင့်
ကိုရယ် (သတ္တ)







၂၀၀၇ ခုနှစ်အတွင်း စဉ်ဆက်မပြတ်ဓမ္မပညာသင်ကြားနေကြသော ဘုန်းတော်ကြီးများသည် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်တကွ ဆရာကတော် ဒေါ်ဝေဝေမြင့်၊ မမွန်မွန်ခိုင်၊ ဆရာကိုကျော်မော်တို့နှင့်အတူ ဘုန်းတော်ကြီးပေါလ်ဘရန်မိုင်း၊ ဘုန်းတော်ကြီးလိုက်ပါး၊ ဘုန်းတော်ကြီးဘရန်ဒီး၊ ဘုန်းတော်ကြီးဇော့တန်းတို့သည် (၂၈-၇-၀၇) ရက်နေ့၊ နံနက် (၅း၃၀) တွင် ကျောင်းအုပ်ကြီးနေအိမ်၌ အဆာပြေကို အတူတကွစားသုံးကြပြီး မိမိပစ္စည်းများကိုကားပေါ်သို့တင်ကာ ခရီးစဉ် တစ်လျှောက်လုံးအတွက် ဘုန်းတော်ကြီးဇော့တန်းမှ ဆုတောင်းဆက်ကပ်ပြီးနောက် ကျောင်းအုပ်ကြီးနေအိမ်မှ နံနက် (၆း၀၀) နာရီတွင် ကျောင်းအုပ်ကြီးကားဖြင့် ထွက်ခွာကြပါသည်။ စဉ်ဆက်မပြတ်ဓမ္မပညာသင်ကြားခြင်းခံဘုန်းတော်ကြီးများမှာ မော်ဘီအထိသာ ရောက်ဖူးကြသူများဖြစ်ပါသည်။ ထို့ကြောင့် မော်ဘီအထိ ရှုခင်းသာများကို မြင်ဖူးခံစားဖူးသူများဖြစ်ကြပါသည်။ မော်ဘီကျော်သွားတာ



စဉ်ဆက်မပြတ်ဓမ္မပညာသင်ကြားခြင်းခံအမှုတော်ဆောင်များ၏
အလည်တစ်ခေါက် ပြည့်ခရိုင်ရောက်ခဲ့တဲ့

# ရှားပြူကွင်းကျေးရွာခရီးသွားမှတ်တမ်း

ဘီလူးသခင်
(စဉ်ဆက်မပြတ်ဓမ္မပညာသင်ကြားခြင်းခံကျောင်းသားကြီး)

ဂလာတိဩဝါဒစာရဲ့သဘာဝကို အနည်းငယ်တင်ပြချင်ပါတယ်။ ဒီအခန်းကြီး (၅)မှာ ဖော်ပြထားတဲ့ ပညတ်တရားနဲ့ ယုံကြည်ခြင်းတရားရဲ့သဘာဝ။ နောက်ပြီးတော့ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာရောက်တယ် ဆိုတဲ့ သဘောပေါ့။ အဲဒီကဏ္ဍမှာ စိတ်ဝင်စားမိတာက ကျေးဇူးတရားနဲ့ ပညတ်တရား နှိုင်းယှဉ်ထားပုံလေးပေါ့။

ကျေးဇူးတရားဘက်ကနေကြည့်ရင် ဂလာတိ ၅း၁-၁၂ မှာ ခရစ်တော်အားဖြင့် ပညတ်တရားရဲ့အချုပ်အနှောင်၊ ချည်နှောင်မှုကနေ လွတ်မြောက်တယ် ဆိုတဲ့အကြောင်း။

ဂလာတိ ၅း၁၃-၂၆ မှာ လွတ်မြောက်တာနဲ့ မပြီးဘူး။ တစ်စုံတစ်ခု ဒါမှမဟုတ် တစ်ဦးတစ်ယောက်ရဲ့ လမ်းပြညွှန်မှု၊ ပဲ့ကိုင်မှုတော့လိုတယ် ဆိုတဲ့အကြောင်း။

ဂလာတိ ၆း၁-၁၀ မှာ ဝိညာဉ်ရဲ့မေတ္တာအားဖြင့် ကိုယ်တွေ့အတွက်မဟုတ်ဘဲ တစ်ပါးသူအတွက် အသက်ရှင်ရမယ် ဆိုတဲ့ခံယူချက်။

ဂလာတိ ၆း၁၁-၁၈ မှာ မေတ္တာအားဖြင့် အခြေခံသော ဤလွတ်မြောက်ခြင်းတရားသည် အသက်တာတွင် အလွှန်ပင်ဝမ်းမြောက်ရွှင်လန်းဖွယ်ရာဖြစ်ပြီး အံ့ဩဖွယ်ရာဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပြီးတော့ ပညတ်တရားရဲ့ရှုထောင့်ဘက်ကလည်း တစ်မျိုးပြောထားပြန်တယ်။ ဒီဥပဒေသတွေကို နာခံစောင့်ရှောက်ရင် ဝိညာဉ်ရေးမှာ ပြည့်ဝစုံလင်လာမယ့်ပုဂ္ဂိုလ်တစ်ဦးဖြစ်လာမယ်။ ဘာသာရေးလောကမှာလည်း ထင်ပေါ်ကျော်ကြားလာမှာဖြစ်တယ်။ ဒါကြောင့် ဒီပညတ်ချက်တွေကို အတတ်နိုင်ဆုံးကြိုးစားစောင့်ရှောက်လိုက်နာရမယ်ဆိုတဲ့ သဘောသဘာဝ။



# အမှုတော်ဆောင်ခြင်းတွင် လက်တွေ့သဘောထား

သာသနာပိုင်ဒေးဗစ်သန်းလွင်







အဲဒါအပြင် မိမိသည် ဤပညတ်တရားအလုံးစုံကို နာခံဖို့ရာအတွက် ခွန်အားအပြည့်ရှိတယ်လို့ယုံကြည်တယ်။ မိမိပြောတဲ့အတိုင်းလည်း မိမိလုပ်နိုင်ရမယ်။ ဒါမှလည်း မိမိရဲ့အဆင့်အတန်း၊ အခြေအနေဟာ တိုးတက်လာမှာဖြစ်ပါတယ်။ မိမိရဲ့အသက်တာသည်လည်းပဲ တစ်ပါးသူအတွက် နာခံမှုစံနမူနာ၊ စည်းကမ်းလိုက်နာမှုစံနမူနာဖြစ်ရမယ်ဆိုတဲ့ခံယူချက်ကို ရယူထားပါတယ်။ ဆိုလိုတာကတော့ မိမိရဲ့အသက်တာသည် တစ်ပါးသူအသက်တာထက် ကျင့်စဉ်အပိုင်းမှာရော ဝိညာဉ်ရေးအပိုင်းမှာပါ သာတဲ့သူဖြစ်ရမယ်လို့ ခံယူထားခြင်းဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ဂလာတိ ၅း၆ကို လေ့လာလိုက်တဲ့အခါမှာ "မေတ္တာအားဖြင့်ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏" လို့ဆိုထားပါတယ်။ ဒီကျမ်းချက်ရဲ့ အနှစ်သာရကို ကြည့်တဲ့အခါ ခရစ်ယာန်တို့ရဲ့ချစ်ခြင်းမေတ္တာသည် အမှုတော်ဆောင်ခြင်းဘဝမှာ အင်မတန်အရေးကြီးတာကို တွေ့ရပါတယ်။ မေတ္တာမပါသော အမှုတော်ဆောင်ခြင်းသည် ပြည့်ဝစုံလင်ခြင်းမရှိဘူး ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ မေတ္တာဖြင့် အမှုတော်ဆောင်ခြင်းသည် အသင်းတော်အတွက် တန်ဖိုးမြင့်တက်လာတယ်ဆို တဲ့ သဘောဖြစ်ပါတယ်။

ဒီနေ့ ကမ္ဘာလောကကြီးဟာ ဘုရားကို မျက်စိနဲ့ မမြင်ရဘူး။ မြင်ရတာက ခရစ်ယာန်တွေကိုပဲ မြင်ရတာ။ ခရစ်ယာန်တွေကိုမြင်ရတဲ့အပေါ်မှာ ဘုရားကိုမြင်နိုင်တယ်။ ဒီတော့ ခရစ်ယာန်တွေရဲ့ချစ်ခြင်းမေတ္တာကိုမြင်ရရင် ဘုရားရဲ့ချစ်ခြင်းမေတ္တာကို မြင်လာမှာဖြစ်ပါတယ်။ အကယ်၍ မုန်းတီးမှုနဲ့ ကွဲပြားမှုကိုပဲမြင်ရင်တော့ နှုတ်ကပတ်တော်ရဲ့ ကောင်းသောသတင်းကိုလက်ခံဖို့ရာ ခဲယဉ်းပေလိမ့်မယ်။

ယောဟန် ၁၇း၂၀ မှာ တချို့က ဘုရားကို ယုံကြည်လက်ခံတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ ထူးခြားတဲ့သက်သေကြောင့်ဖြစ်တယ် လို့ဆိုထားပါတယ်။ ဒီတော့ မိမိတို့ရဲ့အသက်တာအားဖြင့် သက်သေခံခြင်းဟာ ဘုရားအပေါ်မှာ တစ်ပါးသူတွေသက်ဝင်ယုံကြည်လာနိုင်တယ်ဆိုတာ သေချာပါတယ်။

သမ္မာကျမ်းစာထဲမှာ ခမည်းတော်က သားတော်ကို ချစ်တဲ့သဘာဝ။ သားတော်က လောကသားတွေကို ချစ်တဲ့သဘာဝ။ ကျွန်တော်တို့အချင်းချင်း ချစ်ရမယ့် သဘောသဘာဝဆိုပြီးတော့ တိုက်ရိုက်နဲ့တစ်မျိုး၊ သွယ်ဝိုက်ကာ တစ်ဖုံ နည်းမျိုးစုံနဲ့ ကျွန်တော်တို့ကို တိုက်တွန်းထားတာ တွေ့ရပါတယ်။

ဂလာတိ ၅း၂၂-၂၃ မှာ တွေ့ရတဲ့အတိုင်း ချစ်ခြင်းမေတ္တာနဲ့အမှုတော်ဆောင်ရင် သီးပွင့်လာမယ့် အသီးအပွင့်တွေကို ဘယ်လိုဝေဆာလာမလဲ ဆိုတာ သေချာစွာဖြင့် မြင်တွေ့ရမှာ ကေန်မလွဲဖြစ်ပါကြောင်း ...။❑

သာသနာပိုင်ဒေးဗစ်သန်းလွင်
မြစ်ကြီးနားသာသနာပိုင်နယ်

# ကျေးဇူးပါပဲ သခင်ယေရှု

ဆလိုင်း ဗငယ်ဂမြန် (B.Th VI)

(သက်သေခံချက်)

၂၀၀၇ ■

၂၀၀၆-၂၀၀၇ စာသင်နှစ်၊ နွေရာသီကျောင်းပိတ်ရက် ‥၊ ကျွန်တော်တို့ တတိယနှစ်ကျောင်းသူ/သားများရဲ့ Intenship ခရီးစဉ်အတွေ့အကြုံများကို ဝေမျှပါရစေ။ ၂၀၀၇ ခု၊ ဖေဖော်ဝါရီ (၁၈) ရက်မှ မတ်လ (၁၉) ရက်နေ့ထိ လေ့လာရတဲ့အတွေ့အကြုံတွေဖြစ်ပါတယ်။ ကျွန်တော်တို့ တတိယနှစ်ကျောင်းသူ/သား (၁၆) ယောက်ရှိပါတယ်။ ကျွန်တော်တို့အားလုံး မပျက်မကွက် အမိကျောင်းတော်ကြီးမှ ချမှတ်ထားသောလှိုင်ကော်ရှင်ပေါလု အသင်းတော်သို့ သွားရောက်လေ့လာ ခွင့်ရခြင်းက ဘုရားသခင် ကျေးဇူးကြောင့်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့အား ကောင်းသောအတွေ့အကြုံများကို ဝေမျှရန် လက်ကမ်းကြိုလျက်ရှိတဲ့ လှိုင်ကော်ရှင်ပေါလု အသင်းတော်ကို ကျေးဇူးတင်မဆုံးပါ။ တစ်လကြာ ကျွန်တော်တို့ တတိယနှစ်ကျောင်းသူ/သားများကို လိုလေသေးမရှိအောင် ညှော်ဝတ်ကျွေးမွှန်ခြင်းက ကျွန်ုပ်တို့အတွက် ပထမဦးဆုံးသင်ခန်းစာဖြစ်ပါတယ်။

ဘုရားသခင်ပေးတဲ့ဉာဏ်ပညာဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံကာ ဘုရားသခင်၏သာသနာတော်၊ ဘုရားသခင်၏သိုးများကို ကျွေးမွေးပြုစုတဲ့ ရှင်ပေါလုအသင်းတော်ရဲ့ကျောင်းထိုင်ဆရာတော် စတိုင်လိုရဲ့ အမှုတော်ဆောင်အသက်တာထဲမှ သင်ခန်းစာယူလို့မကုန်နိုင်ပေ။ ဘီလူးမြစ်ကမ်းနံဘေးမှာတည်ရှိသောဘုရားကျောင်းနှင့်ရေယာအတွင်းရှိ စီခြယ်ထားတဲ့ သဘာဝအလှတွေက ကမ္ဘာဦးကျမ်းထဲမှာဖတ်ရတဲ့ "ဒေဝဉယျာဉ်" များလားလို့ ဖော်ကျူးနေမိတယ်။ (ဆာလံ ၁း၃) မှာတွေ့ရတဲ့ ကျမ်းစကား၏ပုံရိပ်ကို ဤအသင်းတော်၌ မြင်ယောင်နေမိတယ်။

ကျွန်ုပ်တို့ရဲ့ တစ်လတာကာလ ဘုန်းတော်ကြီးစတိုင်လို ဆိုဆုံးမခဲ့တဲ့စကားထဲမှ သင်ခန်းစာယူမိတဲ့စကားအချို့ကိုလည်း ဖော်ပြချင်ပါတယ်။ "အမှုတော်ဆောင်ဆိုတာ သိုးတွေကိုကြည့်ရှုကျွေးမွေးဖို့ပဲ၊ သိုးတွေဆီကနေပြီးတော့ ပြန်ဆိုစကားလုံးလေးမှ ကျွန်ုပ်တို့အားအတွေးသစ်တစ်ခု ဝင်လာတာက ခေါင်းဆောင် (သို့) အမှုတော်ဆောင်တစ်ယောက်ဟာ မိမိရဲ့သိုးတော်စုမှရရှိလာသောအင်အားနဲ့ပဲ အသင်းတော်ကိုကြည့်ရှုနေပါက ကြာလာတော့ အသင်းသား (သိုး) တွေဟာ မောပန်းလာပြီး ဝိညာဉ်ရေးမှာဖြစ်ဖြစ်၊ အသင်းတော်ပါဝင်မှုမှာဖြစ်ဖြစ် အားနည်းမှုတွေ တွေ့ကြုံစေနိုင်တယ် ဆိုတဲ့ခံစားချက်တွေ ဝင်မိပါတယ်။

နောက်ထပ်စကားတစ်ခွန်းတော့ "သာအေး စာမရေး" ဘူးတဲ့။ အသင်းတော်ရှင်သန် တိုးတက်ရေးဟာ ဟောပြောရုံသက်သက်၊ စာအုပ် စာမျက်နှာပေါ်ရေးရုံသက်သက်မဟုတ်၊ ဘုရားသခင်ပေးတဲ့လက်၊ ဘုရားသခင်ပေးသောခြေတို့ဖြင့် ကိုယ်တိုင်ပါဝင်လုပ်ဆောင်မှသာ အသင်းတော်တိုးတက်မှုရှိလာမယ်ဆိုတာကို သဘောပေါက်မိတယ်။ ယနေ့ အဖွဲ့အစည်းတစ်ခုမှာ ဖြစ်ဖြစ်၊ အသင်းတော်တစ်ခုမှာဖြစ်ဖြစ် တာဝန်ထမ်းဆောင်သောအခါ အဟောအပြော၊ အရေးအသားများ၌သာ ဦးစားပေးလုပ်ဆောင်တာအပြင် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ရမယ်ဆိုတာကိုလည်း သင်ခန်းစာရမိပါတယ်။



■ ၂၀၀၈

ဒါပြင် သစ်သီးပင်တွေဆီမှာ ရရှိလာတဲ့ သင်ခန်းစာလေးကတော့ ကျွန်တော်တို့ ညနေခင်းမှာ ဆရာတော်ရဲ့ ခရမ်းစိုက်ခင်းမှာ ခရမ်းသီးခူးကြတယ်။ အဲဒီခရမ်းခင်းထဲမှာ ရှင်သန်ကြီးထွားကောင်းတဲ့ ခရမ်းပင်က သူ့ရဲ့ကြီးထွားမှုနှင့်အတူ ခရမ်းသီးတွေက ပြည့်သိပ်နေသလို အပင်အားသိပ်မကောင်းတဲ့အပင်လည်း သူ့ရဲ့ယူနိုင်တဲ့အင်အားနဲ့ အသီးပြည့်နေတာတွေ့ရတယ်။ အသင်းတော်တိုင်းဟာ လုံးဝပြည့်ဝမှုရှိရမယ်ဆိုတာထက် ကိုယ့်မှာရှိတဲ့ခွန်အားနဲ့ အသင်းတော်ကိုပြုစုရမယ်ဆိုတဲ့ အတွေးသစ်ကို ကျွန်တော် ခံစားမိပါတယ်။

တစ်နေ့မှာ ကျွန်တော်တို့ ငါးကန်ထဲ ငါးဖမ်းကြတယ်။ ပိုက်ကွန်မှာပါလာတဲ့ငါးတွေကိုကြည့်ရင်း သခင်စေရာသို့ မငြင်းဘဲ ငါးများစွာကိုအုပ်မိခဲ့တဲ့ ပေတရုတို့ရဲ့ အဖြစ်အပျက်ကို သတိရမိတယ်။ တကယ်တော့ ငါးကို သခင်ခရစ်တော်က ကောင်းသောပုံသက်သေဖြင့်ပြောလေ့ရှိပါတယ်။ ကနဦးအသင်းတော်မှာလည်း ငါးပုံကို လျှို့ဝှက်သင်္ကေတအဖြစ် အသုံးပြုခဲ့တယ်။ ဤနေရာလေးဟာ သခင်ယေရှုကျင်လည်ခဲ့တဲ့ ဂါလိလဲအိုင်များဖြစ်နေသလား။ သခင်ယေရှုကျင်လည်ခဲ့တဲ့နေရာမဟုတ်လည်း ခရစ်တော်ရဲ့မေတ္တာကိုပြသနေတဲ့အသင်းတော်ပဲလို့ မှတ်ချက်ချမိတယ်။ ထိုအသင်းတော်ဟာ အမိမြန်မာနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှပါဝင်ဆောင်ရွက်တဲ့အပြင် မယုံကြည်သေးတဲ့ညီအစ်ကိုတွေကိုလည်း ခရစ်တော်ရဲ့ချစ်ခြင်းမေတ္တာကိုပြသတဲ့အသင်းတော်ဖြစ်ပါတယ်။ ယနေ့လူ့ဘောင်အဖွဲ့အစည်းမှာ အသင်းတော်တိုင်းဟာ ထိုကဲ့သို့လုပ်ဆောင်ကြမယ်ဆိုရင် ‥‥။

တစ်လတာကာလပတ်လုံး စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ သင်ကြားပေးတဲ့ ဆရာဦးမျိုးအောင်၊ ဆရာဦးထွန်းရီနှင့် အချိန်ပိုင်းဆရာအားလုံး ‥၊ လှိုင်ကော်ရှင်ပေါလုအသင်းသူ/သားများအားလုံးနှင့် ဤခရီးစဉ်အတွက် ငွေကြေးကူညီသူ (Deacon David) အားလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဤ ရှာလုံမဂ္ဂဇင်းမှ ဖော်ပြလိုက်ပါတယ်။

ကျေးဇူးတင်ပါတယ် သံလွင်စင်ရော်။❑

## မရယ်မပြုံး

မေလ (၁၇) ရက်နေ့တွင် H.C.T.C ဝင်းထဲသို့ အမျိုးသမီးနှစ်ဦးရောက်လာသည်။ ထိုနေ့သည် ဝတ်စောင့်သောကာလအတွင်းဖြစ်သည်။ နေ့လည်အနားယူချိန်တွင် …

ပထမအမျိုးသမီး - ကျောင်းသူ/သားတွေ ဘုရားကျောင်းဆင်းတာတောင် စကားမပြောကြဘူး။ တိတ်ဆိတ်အေးချမ်းလိုက်တာနော်။ လီမွာလိုက်ကြတာကွယ်။

ဒု/အမျိုးသမီး - အေးကွယ်၊ တရားလေးတွေ မှတ်လာတယ်ထင်ပါ့။

သို့နှင့် ကျောင်းသူတစ်ဦးကို မေးမြန်းလိုက်သည်။

ပ+ဒု အမျိုးသမီး - ဆရာမလေး တရားတွေမှတ်လာရလို့လား။ အားလုံးလိုလို တိတ်ဆိတ်လို့၊ မရယ်(ရီ)မပြုံးနဲ့ ပါလား ဟင်။

ကျောင်းသူ - ဟဲ ဟဲ ကျွန်မတို့ ဝတ်စောင့်ရလို့ပါ။ အဆောင်မှာပြောပါတယ်။ မပူပါနဲ့ အန်တီတို့ရယ်။ ဟေ ၅၀း၄(က) မှာဖော်ပြထားတယ်။ နောက်မှ လာပြောပါ့မယ်နော်။

CHONG SE

# ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် ခရစ်ယာန်ဘဏ္ဍာစိုး

ရေးသားသူ ဦးအောင်လှထွန်း



**၁။ နိဒါန်း**

"အာရောဂျ၊ ပရမံ၊ လာဘမ်" - ကျန်းမာခြင်းသည် ဆုကျေးဇူးလာဘ်လာဘတစ်ပါးဟုဆိုကြ၏။ မှန်ပေ၏။ ကျန်းမာခြင်းသည် ဘုရားသခင်က လူသားအားလုံးတို့အားပေးထားသည့် မွန်မြတ်လှသော၊ အဖိုးထိုက်တန်လှသော ဆုကျေးဇူးတစ်ခု ဖြစ်၏။

လူ၏ခန္ဓာကိုယ်သည် မြင်ရသောရုပ်ပိုင်းဆိုင်ရာ ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့် မမြင်ရသော နာမ်ပိုင်းဆိုင်ရာ စိတ်နှင့်ဝိညာဉ်တို့ကို ပေါင်းစု၍ ဖွဲ့စည်းထား၏။ ထို့ကြောင့် လူတစ်ဦးသည် ကိုယ်၊ စိတ်၊ ဝိညာဉ်သုံးပါးစလုံး ကျန်းမာမှသာ ကျန်းမာခြင်းနှင့်ပြည့်စုံသည်ဟု ဆိုနိုင်၏။ ကျန်းမာခြင်းဟုဆိုရာတွင် ကိုယ်ကာယ၌





ရောဂါအမျိုးမျိုးမှကင်းဝေးခြင်း၊ ဝေဒနာခံစားရမှုအမျိုးမျိုးမှကင်းဝေးခြင်း၊ ရှင်သန်ကြီးထွား နိုးကြားတက်ကြွမှုရှိခြင်း၊ စိတ်ဝိညာဉ်အားဖြင့်လည်း ကြည်လင်ရွှင်ပျခြင်း၊ တက်ကြွနိုးကြား ရှင်သန်လန်းဆန်းခြင်း၊ တည်ငြိမ်ရင့်ကျက်ခြင်း၊ ဇာတိပကာတိအကျင့်များမှကင်းဝေး၍ ဝိညာဉ်ပကာတိအကျင့်များကိုသာကျင့်ခြင်းတို့ကို ဆိုလိုပေ၏။

လူသားတို့သည် မတောင်းခံရဘဲ ကျန်းမာရွှင်လန်းခြင်းကို ဘုရားသခင်ထံမှ ဆုကျေးဇူးအဖြစ် ရရှိခံစားနေရသဖြင့် ကျန်းမာခြင်း၏တန်ဖိုးကို ဖျားနာခြင်း၊ ရောဂါဝေဒနာစွဲကပ်ခြင်းခံရသည့်အခါမှ သိလာကြ၏။ ကိုယ်၊ စိတ်၊ ဝိညာဉ်သုံးပါးစလုံးကျန်းမာမှ ဘုရားသခင်၏ အလိုတော်နှင့်အညီ ပြည့်ဝစုံလင်သောအသက်တာကို နေနိုင်ကြမည်ဖြစ်၏။ ဘုရားသခင်၏အစေကိုလည်း ခံနိုင်မည်ဖြစ်၏။

ထို့ကြောင့် သစ္စာရှိသောဘဏ္ဍာစိုးတစ်ယောက်သည် မိမိ၏ ကိုယ်၊ စိတ်၊ ဝိညာဉ်သုံးပါးစလုံး ကျန်းမာရွှင်လန်းခြင်း၊ ရှင်သန်ကြီးထွားရင့်ကျက်ခြင်း ရှိလာရန် အမြဲတစေစောင့်ရှောက်ထိန်းသိမ်းရမည်။ ပြုစုပျိုးထောင်ပေးရမည်။ အပြစ်အနာရောဂါကင်း၍ စင်ကြယ်သော မိမိ၏ကိုယ်ခန္ဓာကိုလည်း ဘုရားသခင်ထံ ထိုက်တန်စွာ ပြန်၍ဆက်ကပ်နိုင်ရန် ကြိုးစားရမည်ဖြစ်၏။

**၂။ ရောဂါဝေဒနာအစ အပြစ်က**

ကမ္ဘာဦးကျမ်း၊ အခန်းကြီး (၁) တွင် ဘုရားသခင်ဖန်ဆင်းသမျှသည် အလွန်ကောင်းမွန်ကြောင်း ဖော်ပြထား၏ (ကမ္ဘာ ၁း၃၀)။ ကျန်းမာရွှင်လန်းခြင်းနှင့် ပြည့်စုံသော လူယောကျာ်းနှင့်လူမိန်းမတို့ကို ဧဒင်ဥယျာဉ်တွင် အေးချမ်းစွာ နေထိုင်စေခဲ့ကြောင်းကိုလည်း (ကမ္ဘာ ၂း၈) တွင် ဖော်ပြထား၏။

ဤသို့ ကျန်းမာရွှင်လန်းစွာ ဘုရားသခင်နှင့် မိတ်သဟာယပြုနေထိုင်လျက်ရှိရာမှ လူသည် ဖောက်ပြန်ကာ ဘုရားသခင်က မစားရန်တားမြစ်ထားသောအပင်မှ အသီးကို စားခဲ့၏။ ဘုရားသခင်၏စကားကို မနာခံ၊ အပြစ်ကို ကျူးလွန်ခဲ့၏။ ထိုအချိန်မှစ၍ လူသည် ကျဆင်းခြင်းသို့ရောက်ကာ ဝေဒနာခံစားရခြင်း၊ ဒုက္ခဆင်းရဲခံစားရခြင်းနှင့်အတူ ရုပ်ခန္ဓာပျက်စီး၍ သေခြင်းသို့ရောက်ခဲ့ရ၏။ (ကမ္ဘာ ၃း၁၆-၁၉) တွင် . . .

"မိန်းမကိုလည်း သင်သည် ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို အလွန်များပြားစေမည်။ ပင်ပန်းစွာ ဝေဒနာခံ၍ ဖွားရမည်။ . . .ယောကျာ်းကိုလည်း ထိုအပင်၏အသီးကိုမစားရဟု ငါပညတ်သော်လည်း မယားစကားကိုနားထောင်၍ စားမိသောကြောင့် မြေ၏အသီးကို တစ်သက်ပတ်လုံး ပင်ပန်းစွာ စားရမည်။ . . .သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင် သင်၏မျက်နှာမှ ချွေးထွက်လျက် အစာကိုစားရမည်။ . . . သင်သည် မြေမှုန့်မှဖြစ်၍ မြေမှုန့်သို့ပြန်ရမည်ဟု မိန့်တော်မူ၏" ဟုဖော်ပြထားသည့်အတိုင်း ဒုစရိုက်အပြစ်သည် သေမင်း၏လက်နက်ဖြစ်တော့သည် (၁ ကော၊ ၁၅း၅၆)။ မွေးသည့်အချိန်မှစ၍ နာခြင်း၊ အိုမင်းခြင်း၊ သေခြင်းဟူသော ရောဂါသည် စွဲကပ်လာခဲ့၏။ အချိန်ကျရောက်သောအခါ ရုပ်ခန္ဓာသည် ပျက်၍ မူရင်းမြေသို့ပြန်ရ၏။ ဒေသနာကျမ်းတွင် . . .

"ထိုကာလ၌ မြေမှုန့်သည် နေရင်းမြေသို့လည်းကောင်း၊ ဝိညာဉ်သည် အရင်ပေးတော်မူသောဘုရားသခင်ထံသို့လည်းကောင်း ပြန်ရလိမ့်မည်" (ဒေသနာ ၁၂း၇) ဟု ဖော်ပြထားသည့်အတိုင်း ဝိညာဉ်သည်လည်း ဘုရားသခင်ထံသို့ ပြန်ရမည်ဖြစ်၏။ ထို့ပြင် ဘုရားသခင်၏ရှေ့တော်မှောက်သို့ရောက်သောအခါတွင်လည်း စီရင်ခြင်းခံရမည့်အကြောင်း ဒေသနာကျမ်းတွင် "ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍ အလုံးစုံသော အမှုကောင်း၊ မကောင်းရှိသမျှတို့ကို စစ်ကြော၍ တရားသဖြင့် စီရင်တော်မူမည်" (ဒေ ၁၂း၁၄) ဟု ဖော်ပြထား၏။ (၂ကော ၅း၁၀) တွင်လည်း . . .

"ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သော အကျင့် ကောင်း/မကောင်းရှိသည့်အတိုင်း အကျိုး၊ အပြစ်ကို အသီးသီးခံခြင်းငှာ ခရစ်တော်၏တရားပလ္လင်ရှေ့၌ ပေါ်ပေါက်လာရကြမည်" ဟုလည်း ဖော်ပြထား၏။

F-7A

### ၃။ ရုပ်ခန္ဓာကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် ဘဏ္ဍာစိုး

#### (က) ရုပ်ခန္ဓာဖွဲ့စည်းတည်ဆောက်မှု

လူ၏ရုပ်ခန္ဓာကိုယ် တည်ဆောက်ပုံ၊ ဖွဲ့စည်းပုံကို သေချာစွာလေ့လာကြည့်မည်ဆိုပါက အလွန်အံ့ဩဖွယ် ကောင်းသည်ကိုတွေ့ရမည်ဖြစ်၏။ အင်္ဂါအစိတ်အပိုင်းတစ်ခုစီအား တည်ဆောက်ထားသော ရုပ်ဝတ္ထုပစ္စည်းများ၊ တည်ဆောက်ထားသည့် ဒီဇိုင်းပုံသဏ္ဌာန်နှင့် ဖွဲ့စည်းပုံ၊ အသီးသီးလုပ်ဆောင်သည့် လုပ်ငန်းဆောင်တာများ၊ တစ်ခုနှင့်တစ်ခု ညှိနှိုင်းဆောင်ရွက်မှုကို ဟန်ချက်ညီညီလုပ်ဆောင်စေသော ထိန်းချုပ်စနစ် စသည်တို့မှာ အံ့ခမန်း ထူးခြားလှ၍ မည်သည့် လူသားကမျှ တုပ၍ ဖန်တီးလုပ်ဆောင်နိုင်သည့်အမှုမဟုတ်ပေ။ သိပ္ပံပညာ၏လေ့လာစူးစမ်းမှုများ တိုးတက်လာသည်နှင့်အမျှ လူ၏ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် အလုပ်လုပ်ဆောင်ပုံကို ပို၍သိရှိလာလေလေ၊ ဤခန္ဓာကိုယ်အား တည်ဆောက်ခဲ့သော ဘုရားသခင်၏ တုနှိုင်း၍အမှီနိုင်သော ဉာဏ်တော်နှင့် အနန္တတန်ခိုးတော်ကို မျက်ဝါးထင်ထင် မြင်လာရလေလေဖြစ်၏။

ထို့ပြင် တည်ဆောက်ထားသော ခန္ဓာကိုယ်အား ပြင်ပအန္တရာယ်များမှကာကွယ်ရန် အင်္ဂါအစိတ်အပိုင်းတိုင်း၌ အကာအကွယ်၊ အရံအတားများကို ထည့်သွင်း တည်ဆောက်ထားသည်ကို တွေ့ရမည်ဖြစ်၏။ ထို့ပြင် ရောဂါဖြစ်စေတတ်သော၊ ဖျားနာစေတတ်သော ပြင်ပမှပိုးမွှားများ ကိုယ်ခန္ဓာအတွင်းသို့ ဝင်လာပါကလည်း ကာကွယ်တွန်းလှန်နိုင်ရန် ခန္ဓာကိုယ်အတွင်း၌ ကိုယ်ခံစွမ်းအားစနစ်ကိုလည်း တည်ဆောက်ပေးထား၏။ ကိုယ်အင်္ဂါအစိတ်အပိုင်းများ သူ့နေရာနှင့်သူ၊ သူ့အချိန်နှင့်သူ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်နိုင်ရန် အပြန်အလှန်ညှိနှိုင်း၍ စုပေါင်းလုပ်ဆောင်နိုင်ရန် ကိုယ်ခန္ဓာအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာခြင်းရှိရန် ကိုယ်ခန္ဓာဖွံ့ဖြိုးရေးအတွက် အရေးပါသော အချက်အလက်များသိုမှီးထား၍ လိုအပ်သောအခါ ပြန်လည်ထုတ်ယူအသုံးပြုနိုင်ရန် စသည်တို့ကို လုပ်နိုင်သည့် ထိန်းချုပ်စနစ်နှင့် အသိဉာဏ်ကိုလည်း ထည့်သွင်း တည်ဆောက်ပေးထား၏။

ဘုရားသခင်သည် လူတိုင်း ရောဂါကင်းဝေး၍ ကျန်းမာရွှင်လန်းစွာ အသက်ရှင်နိုင်ရန် အဖက်ဖက်မှ ပြည့်စုံသော အံ့ဩဖွယ်ကောင်းလှသည့်ခန္ဓာကိုယ်ကိုပေးထား၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘဏ္ဍာစိုးများအနေနှင့် မိမိအား ပေးအပ်ထားသောခန္ဓာကိုယ်ကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရမည်။ ကြီးထွားရှင်သန်ရန် အစဉ်တစိုက်ပြုစုပျိုးထောင်ရပေမည်။ သန့်ရှင်းစင်ကြယ်စွာ ထားရှိ၍ ထိုက်တန်သောအမှုတော်ဆောင်ခြင်းအားဖြင့် ဘုရားသခင်အား ပြန်၍ ဆက်ကပ်ရမည်။ အများအကျိုးကိုလည်း သယ်ပိုးဆောင်ရွက်၍ မိမိအသက်တာဖွံ့ဖြိုးရှင်သန်ရေးအတွက် ကျန်းမာရေးကိုပျက်ယွင်းစေသော ဇာတိပကတိ၏တပ်မက်ခြင်း၊ ဒုစရိုက်အကျင့်များမှ ရှောင်ရှားရမည်။

တမန်တော်ရှင်ပေါလုက ရောမဩဝါဒစာတွင် ...

"သင်တို့သည် မိမိ၏ကိုယ်အင်္ဂါများကို အဓမ္မအလို့ငှာ ညစ်ညူးခြင်းတရား၊ အဓမ္မတရား၌သွင်း၍ ကျွန်ခံစေဖူးသည့်နည်းတူ ယခုမှာ ကိုယ်အင်္ဂါများကို သန့်ရှင်းခြင်းအလို့ငှာ ဖြောင့်မတ်ခြင်းတရား၌ သွင်း၍ ကျွန်ခံစေကြလော့" (ရောမ ၆း၁၉) ဟုဖော်ပြထားသည့်အတိုင်း ကိုယ်အင်္ဂါများကို သန့်ရှင်းစေ၍ ဖြောင့်မတ်မှန်ကန်စွာ အသုံးပြုရမည်။

#### (ခ) ရုပ်ခန္ဓာကျန်းမာရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း

- ကိုယ်ခန္ဓာကျန်းမာဖွံ့ ဖြိုးရန်

(၁) ကိုယ်ခန္ဓာအတွင်း ရောဂါမဝင်နိုင်ရန် တားဆီးကာကွယ်ရမည်။

ဤသို့ ကာကွယ်ရန်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေးကိုကျင့်သုံးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိန်းသိမ်းခြင်း၊ ရောဂါကူးစက်ပြန့်ပွားခြင်းကို ကာကွယ်ခြင်း၊ ထိုက်သင့်သောဆေးဝါးကိုမှီဝဲခြင်း၊ ကြိုတင်ကာကွယ်ဆေးများထိုးခြင်း၊ မသန့်ရှင်းသောအစာနှင့် ရေများကိုသောက်စားခြင်းမှ ရှောင်ခြင်း၊ အစားကျူးခြင်း၊ အအိပ်ကျူးခြင်းကို





ရှောင်ကြဉ်ခြင်းပြုရပေမည်။ ထို့ကြောင့် သုတ္တံဆရာက-

"စပျစ်ရည်အသောက်ကျူးသောသူ... အစားကျူးသောသူတို့ကို အပေါင်းအဖော်မလုပ်နှင့်" (သုတ္တံ ၂၃း၂၀) ဟု သတိပေးထား၏။

ထို့ပြင် ရောဂါများဝင်နိုင်သော ကိုယ်ကာယ တပ်မက်ခြင်းအမျိုးမျိုး (ကာမဂုဏ်လွန်ကျူးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အပျော်အပါးလိုက်စားခြင်း) မှလည်း ရှောင်ကြဉ်ရန် ရှင်ပေါလုက အောက်ပါအတိုင်း သတိပေးခဲ့၏။

♦ မတရားသောမေထုန်ကို ပြုသောသူမည်သည်ကား မိမိကိုယ်ကို ပြစ်မှား၏ (၁ကော ၆း၁၈)။

♦ ကိုယ်ခန္ဓာသည် မတရားသောမေထုန်အဖို့ဖြစ်သည် မဟုတ်၊ ဘုရားခင်အတွက်ဖြစ်၏ (၁ကော ၆း၁၃)။

♦ မတရားသောမေထုန်ကိုမှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာပူပန်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ လောဘလွန်ကျူးခြင်းတည်းဟူသော သင်တို့၏ ကိုယ်အင်္ဂါကို ... ရှောင်ကြဉ်ကြလော့ (ကောလော ၃း၅)။

တမန်တော်ရှင်ယောဟန်ကလည်း ...

"လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မဆိုင်၊ လောကနှင့်သာ စပ်ဆိုင်၏" (၁ယော ၂း၁၆) ဟု မိန့်တော်မူခဲ့၏။

#### (၂) ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးရမည်

ကိုယ်ခံစွမ်းအားကိုမြှင့်တင်ရန် အာဟာရဖြစ်စေသောအစာကို မှန်မှန်စားသုံးရမည်။ အအိပ်၊ အစားမှန်၍ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းယူခြင်းကို မှန်မှန်ပြုရမည်။ ကိုယ်ခံစွမ်းအားကိုတိုးစေသော ကာကွယ်ဆေးများကို ကြိုတင်၍ သောက်ခြင်း၊ ထိုးခြင်းကို ပြုရမည်။ ကိုယ်ခံစွမ်းအားကျရောဂါကိုဖြစ်စေသော အမှုအကျင့်များ (မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လိင်တူချင်းဆက်ဆံခြင်း၊ ကာမဂုဏ်လွန်ကဲခြင်း၊ လိင်ဖော်များစွာနှင့် အပျော်ကျူးခြင်း) ကို ရှောင်ရှားရမည်။

ထို့ကြောင့် တမန်တော်ရှင်ပေါလုက ...

"သင်တို့၏ သေတတ်သောကိုယ်ခန္ဓာ၏တပ်မက်ခြင်းအလိုသို့ လိုက်ရသည့်တိုင်အောင် အပြစ်တရားသည် သင်တို့ကိုယ်ခန္ဓာ၌ အစိုးမရစေနှင့်။ သင်၏ကိုယ်အင်္ဂါများကို ဒုစရိုက်လက်နက်ဖြစ်စေ၍ အပြစ်တရားအား မဆက်ဆံကြနှင့်။ သုစရိုက်လက်နက်အဖြစ် ဘုရားသခင်ကိုဆက်ကပ်ကြလော့။" (ရောမ ၆း၁၂-၁၄) ဟု မိန့်ဆိုခဲ့၏။

#### (၃) ကိုယ်ခန္ဓာကို သန့်ရှင်းစင်ကြယ်စွာထားရမည်။

ဘုရားသခင်သည် မိမိအား ထိုက်တန်စွာပြန်၍ ဆက်ကပ်နိုင်ရန် အံ့ဖွယ်ကောင်းသောကိုယ်ခန္ဓာကို လူတိုင်းအားပေးထား၏။ ထို့ကြောင့် တမန်တော်ရှင်ပေါလုက "ကိုယ်ခန္ဓာသည် ဘုရားသခင်အဖို့ဖြစ်၏။ ဘုရားသခင်သည်လည်း ကိုယ်ခန္ဓာအဖို့ဖြစ်၏" (၁ကော ၃း၁၃) ဟု မိန့်ဆိုခဲ့၏။

ထို့ပြင် ကျွန်ုပ်တို့ကိုယ်ခန္ဓာသည် သန့်ရှင်းသော ဝိညာဉ်တော်ကိန်းအောင်းရာဗိမာန်သဖွယ်လည်းဖြစ်၏။ ထို့ကြောင့် ကိုယ်ခန္ဓာသည် သန့်ရှင်းရမည်။ ဒုစရိုက်အညစ်အကြေးနှင့်ကင်းစင်ရမည်။ အပြစ်အနာအဆာကင်းရမည်။

ကောရိန္သုဩဝါဒစာ ပထမစောင်တွင် ...

"သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကိုယ်မိမိတို့ မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော" (၁ကော ၆း၁၉) ဟူ၍ လည်းကောင်း ...။

"သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့၏အထဲ၌ ကိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်း၏" (၁ကော ၃း၁၆-၁၇) ဟု ဖော်ပြထား၏။

(ဂ) ကျွန်ုပ်တို့ကိုယ်ခန္ဓာကို ဘုရားသခင်ထံ ထိုက်တန်စွာ ပြန်၍ဆက်ကပ်ရမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှခံစားရသော ဆုကျေးဇူးအပေါင်းအတွက် ထိုက်တန်စွာ ပြန်၍ပူဇော်ဆက်ကပ်ခြင်းပြုရမည်ဖြစ်၏။ ပူဇော်ဆက်ကပ်ခြင်းကို အမျိုးမျိုးပြုလုပ်ကြသော်လည်း ဘုရားသခင်အနှစ်သက်ဆုံးဖြစ်တော်မူသော ပူဇော်သက္ကာသည် မိမိ၏ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံးကို ဆက်ကပ်ခြင်းဖြစ်၏။ ဤသို့ဆက်ကပ်ရာတွင် ထိုက်တန်ခြင်းရှိရန် ကျွန်ုပ်တို့ကိုယ်ခန္ဓာသည် သန့်ရှင်းရမည်။ အပြစ်အနာကင်းစင်ရမည်ဖြစ်၏။ ထို့ကြောင့် ရှင်ပေါလုက ...

"ညီအစ်ကိုတို့ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူသောလက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍ မိမိကိုယ်ကို ဘုရားသခင်အား ဆက်ကပ်ခြင်းဝတ်ကိုပြုမည့်အကြောင်း သင်တို့ကို ငါ တိုက်တွန်း နှိုးဆော်၏" (ရောမ ၁၂း၁) ဟု မိန့်မှာခဲ့၏။



(ဃ) ကိုယ်ခန္ဓာကိုအလွဲသုံးစားပြုခြင်းမှ ရှောင်ရှားပါ

ကျွန်ုပ်တို့သည် စိတ်ဆန္ဒအလိုတပ်မက်ခြင်းအမျိုးမျိုး နောက်သို့လိုက်၍သော်လည်းကောင်း၊ မိမိ၏ ရုပ်ပိုင်းဆိုင်ရာသာယာမှုအတွက်လည်းကောင်း၊ ငွေကြေးဥစ္စာကို မျှော်ကိုး၍သော်လည်းကောင်း၊ မိမိကိုယ်ကို အလွဲသုံးစားပြုခြင်း၊ ရောင်းစားခြင်း၊ အငှားအနှီးပြု၍ငွေရှာခြင်း စသည်တို့ကို လုပ်တတ်ကြပေသည်။ ဤသို့ အလွဲသုံးစားပြုခြင်းကို သမ္မာကျမ်းစာက ရှောင်ရှားရန် သတိပေးထား၏။

ရှင်ပေါလုက ...

"သင်၏ခန္ဓာကိုယ်သည် ခရစ်တော်၏အင်္ဂါဖြစ်ကြောင်း မသိကြသလော။ သို့ဖြစ်လျှင် ခရစ်တော်၏အင်္ဂါကိုယူ၍ ပြည့်တန်ဆာ၏အင်္ဂါဖြစ်စေအပ်သလော" (၁ ကော ၆း၁၅) ဟူ၍လည်းကောင်း၊

"ငါသည် ကိုယ်ကျင့်သောအကျင့်ကို မနှစ်သက်၊ ကျင့်ချင်သောအကျင့်ကိုမကျင့်၊ ရွံရှာဖွယ်သောအကျင့်ကိုကျင့်၏" ဟုဖော်ပြခဲ့၏။ ထို့ပြင် သခင်ယေရှုကလည်း ...

"အစာထက် အသက်မြတ်သည်မဟုတ်လော။ အဝတ်ထက် ခန္ဓာကိုယ်က မြတ်သည် မဟုတ်လော" (လုကာ ၁၂း၂၃) ဟု စားဝတ်နေရေးအတွက် မြတ်သောကိုယ်ခန္ဓာကို အလွဲသုံးစားမပြုရန် သွန်သင်ခဲ့၏။

(င) ကိုယ်ခန္ဓာတပ်မက်ခြင်းများကို ဘုရားသခင်၏နေရာတွင် အစားထိုးမကိုးကွယ်နှင့်။

ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာတပ်မက်ခြင်း အမျိုးမျိုး၊ ဒုစရိုက်အမျိုးမျိုး၊ ဝါသနာပါရာအမျိုးမျိုးတို့တွင် တစ်ခုခုကို တစ်ဖက်စွန်းရောက်အောင် စွဲလန်းခြင်းဖြစ်လာပါက ၎င်းစွဲလန်းမှု၏ စိုးမိုးချုပ်ကိုင်ခြင်းခံရတော့၏။ ဤသို့ဖြစ်လာပါက ၎င်းစွဲငြိမှုသည် လုပ်လေရာရာ၌ ပထမဦးစားပေးနေရာကိုယူလာပြီး အသက်တာကို ၎င်းက လွှမ်းမိုးချုပ်ကိုင်လာ၏။ ဤသို့ ကိုယ်ခန္ဓာစွဲလန်းတပ်မက်ခြင်း၏ စိုးမိုးချုပ်ကိုင်ခြင်းကိုခံရလာပါက ၎င်းအား အမြဲ ဒူးထောက်





အညံ့ခံရတော့၏။ ဘုရား၏နေရာတွင် အစားထိုး၍ ကိုးကွယ်ရသည့်ဘဝသို့ရောက်လာတတ်၏။ ဤသည်မှာ ရုပ်တုကို မိမိကိုယ်တိုင်လုပ်၍ကိုးကွယ်ခြင်းတစ်မျိုးဖြစ်လာ၏။ ထို့ကြောင့် ဘုရားသခင်က ပညတ်တော် (၁၀)ပါးထဲတွင် "ရုပ်ပွားဆင်းတုကို ကိုယ့်အတွက်မလုပ်နှင့်။ ဦးမချ ဝတ်မပြုနှင့်" (ထွက် ၂၀း၄) ဟုတားမြစ်ခဲ့ခြင်းဖြစ်၏။

ရောမဩဝါဒစာတွင်လည်း ...

"ထိုသူတို့သည် ဘုရားသခင်ကိုသိလျက်ပင် ဘုရားသခင်ကို ချီးမွမ်းသင့်သည့်အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်း မသိမှတ်၊... မဖောက်ပြန်၊ မပျက်စီးနိုင်သော ဘုရားသခင်၏ဂုဏ်တော်ကိုပယ်လျက် ဖောက်ပြန်ပျက်စီးတတ်သော လူ၏ရုပ်တု၊ တွားတတ်သောတိရစ္ဆာန်၏ရုပ်တုတို့ကို ဘုရားသခင်၏နေရာ၌ ချီးမြှောက် (ကိုးကွယ်)ကြ၏" (ရောမ ၁း၂၀-၂၃) ဟု မိန့်ဆိုခဲ့၏။

(စ) ဘုရားသခင်နှင့် ကျန်းမာခြင်း

ထာဝရဘုရားသခင်သည် ရောဂါကိုငြိမ်းစေသော ဘုရားဖြစ်၏။ မိမိ၏စကားကို စေ့စေ့ပျောက်ကင်းစေသောဘုရားဖြစ်၏။ မိမိ၏စကားကို စေ့စေ့နားထောင်၍ သွန်သင်ပညတ်ထားသောအကျင့်နှင့်ပညတ်များကို လိုက်နာစောင့်ရှောက်ပါက ရောဂါများမှကင်းဝေးမည့်အကြောင်း (ထွက်မြောက်ရာကျမ်း ၁၅း၂၆) တွင် ဖော်ပြထား၏။

■ ကိုယ်ခန္ဓာစွဲလန်းတပ်မက်ခြင်း၏
စိုးမိုးချုပ်ကိုင်ခြင်းကိုခံရလာပါက
၎င်းအား အမြဲ
ဒူးထောက်အညံ့ခံရတော့၏။ ■

"ထာဝရဘုရား၏စကားကို စေ့စေ့နားထောင်၍ နှစ်သက်တော်မူသောအကျင့်ကို ကျင့်လျှင်လည်းကောင်း၊ ပညတ်တရားတော်အလိုသို့လိုက်၍ စောင့်ရှောက်လျှင်လည်းကောင်း လူတို့၌စွဲသော ရောဂါတစ်စုံတစ်ရာမျှ မစွဲစေရ။ ငါသည် သင်တို့၏ရောဂါကို ငြိမ်းစေသောထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏" (ထွက် ၁၅း၂၆)။

(ဆ) ယာယီတဲနှင့် ထာဝရအိမ်တော်

သမ္မာကျမ်းစာက ကျွန်ုပ်တို့ခန္ဓာကိုယ်သည် ယာယီတဲဖြစ်၏။ မြေမှုန့်မှလာသောကြောင့် မြေမှုန့်သို့ပြန်ရမည်ဟုမိန့်ဆိုထား၏။ သို့ရာတွင် သမ္မာကျမ်းစာကပင်လျှင် ဘုရားသခင်နှင့် ခရစ်တော်ယေရှုအား ယုံကြည်သူအနေနှင့် အားငယ်စရာမဟုတ်၊ ကောင်းကင်ဘုံ၌ ဘုရားသခင်က ပြင်ဆင်ပေးထားတော်မူသော ထာဝရအိမ်တော်ရှိကြောင်းကိုဖော်ပြထား၏။ သခင်ယေရှုခရစ်ကလည်း ...

"သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိကြနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။ ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းများစွာရှိ၏" (ယော ၁၄း၁-၂) ဟု တမန်တော်ကြီးများအား အာမခံခဲ့၏။

ရှင်ပေါလုကလည်း ...

"ယာယီတဲဖြစ်သော ငါတို့အိမ်ပျက်လျှင် ကောင်းကင်ဘုံ၌ လူလက်ဖြင့်မလုပ်ဘဲ ဘုရားသခင်ဖန်ဆင်းတော်မူသော နိစ္စထာဝရအိမ်ရှိကြောင်းကို ငါတို့သိကြ၏" (၂ကော ၅း၁) ဟု မိန့်ဆိုခဲ့၏။

ထို့ကြောင့် ဘုရားသခင်ကိုယုံကြည်သူများသည် ယာယီတဲကိုစွန့်၍ ဘုရားသခင်ပြင်ဆင်ပေးသော အိမ်တော်သို့ရောက်ရှိနိုင်ရန် လောကတွင်အသက်ရှင်နေစဉ် အတွင်း ဘုရားသခင်ကပေးထားသည့် အဖိုးတန်လှစွာသောခန္ဓာကိုယ်ကိုသစ္စာရှိသောဘဏ္ဍာစိုးတစ်ယောက်အနေနှင့် ကျန်းမာသန့်စွမ်းခြင်း၊ ရောဂါဝေဒနာများမှကင်းခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းရှိရန် ထိန်းသိမ်းစောင့်ရှောက်ရပေမည်။ ❑

ယနေ့သည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ (၁၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အချိန်အခါသမယဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်သို့ ကြွရောက်လာကြသော အထူးဧည့်သည်တော်များ၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ စီမံကွပ်ကဲရေးဘုတ်အဖွဲ့ဝင်များ၊ စီမံအုပ်ချုပ်ရေးကော်မတီဝင်များ၊ အလှူရှင်များ၊ ဆရာ/မများနှင့် ဧည့်သည်ယုံကြည်သူများရှေ့တွင် ကျက်သရေမင်္ဂလာနှင့်ပြည့်စုံကြတဲ့ အဆွေတို့၏စိတ်နှလုံး၌ အရှင်ခရစ်တော်၏ ကြွယ်ဝသော ကောင်းချီးမင်္ဂလာအဖြာဖြာ သက်ရောက်ပါစေကြောင်း ဆုတောင်းရင်းနှင့် နှုတ်ခွန်းဆက်သပါသည်။

အရှိန်အဟုန်နှင့်ပြောင်းလဲနေသော လောကကမ္ဘာကြီးတွင် နည်းပညာများ၊ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်သော်လည်း ခေါင်းဆောင်မှုအပိုင်းတွင် ခေါင်းဆောင်ရှားပါးသည့်

## ၂၀၀၆ - ၂၀၀၇ ပညာသင်နှစ်ဘွဲ့နှင်းသဘင်တွင်

# ကျောင်းအုပ်ကြီး၏မိန့်မှာချက်

### ဘုန်းတော်ကြီးဒေါက်တာရှိမှုန်ဘီဘင်ထူး
### ကျောင်းအုပ်ကြီး







အဖြစ်နှင့်ကြုံတွေ့နေရပါသည်။ ခေါင်းဆောင်မှုဆိုသည်မှာ လူများကို မှန်သောလမ်းသို့၊ မှန်ကန်သောနည်းစနစ်ဖြင့် ကူညီပေးပြီး ပန်းတိုင်သို့ရောက်အောင် အတူတကွ ချီတက်ခြင်း ဖြစ်ပါသည်။

သခင်ယေရှုက ယုံကြည်သူများအား ဦးဆောင်ရန် အမှုတော်ဆောင်များကို စေလွှတ်သည့်အခါ "တောခွေးစု ထဲသို့ သိုးတို့ကိုစေလွှတ်သကဲ့သို့ သင်တို့ကိုငါစေလွှတ်၏။ ထို့ကြောင့် မြွေကဲ့သို့လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ် ကင်းလျက်ရှိကြလော့" (မဿဲ ၁၀း၁၆) ဟု မိန့်မှာခဲ့ပါသည်။ တစ်နည်းအားဖြင့် ခေါင်းဆောင်ဆိုသည်မှာ အသွင် သဏ္ဍာန်လိမ္မာပြီး အပြစ်ကင်းစွာ အသက်ရှင်နေထိုင်၍ ဦးဆောင်ဦးရွက်ပြုရသူဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့ ကိုလည်း ထိုကဲ့သို့သော ခေါင်းဆောင်ဖြစ်ရန်အတွက် အရှင်ဘုရားအလိုရှိပါသည်။


ယနေ့တွင် ကျွန်တော်တို့၏တာဝန်မှာ ဘုရားသခင် ခိုင်းစေသောအမှုကို ကျေပွန်စွာထမ်းဆောင် သည့် ခေါင်း ဆောင်ကောင်းများဖြစ်ရန် လိုအပ်နေပါပြီ။ အဘယ်ကြောင့် ဆိုသော် အသင်းတော်သမိုင်းတစ်လျှောက်လုံးတွင် အမှုတော်ဆောင်အချို့တို့သည် သိုးထိန်းကောင်းကဲ့သို့ အသက်မရှင်ဘဲ အငှားသိုးထိန်းကဲ့သို့လည်းကောင်း၊ လမ်းများသို့ပို့ ကိုယ်ကျိုးရှာ သိုးထိန်းကဲ့သို့လည်းကောင်း၊ အသက်ရှင်ခဲ့ဆောင်သော သိုးထိန်းကဲ့သို့လည်းကောင်း၊ အလင်းမဖြစ်စေဘဲသည့်အတွက် သူတစ်ပါးအတွက်အလင်းမဖြစ်စေဘဲ သည့်အတွက် သူတစ်ပါးအတွက်အလင်းမဖြစ်စေဘဲ

ဆောင်ခြင်းသည် ကြီးမားကျယ်ပြန့်သောတာဝန်ဖြစ်သောကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြသွန်သင်မှုကိုလည်း ခံယူ၍ အသက်တာတွင် အကောင်းဆုံးအမှုတော်ဆောင်များဖြစ်ကြပါစေရန် ဓမ္မတက္ကသိုလ်မှ ဆုတောင်းမေတ္တာပို့ပေးပါသည်။

ဓမ္မဝိဇ္ဇာဘွဲ့ရရှိကြသောအဆွေတို့ ဓမ္မတက္ကသိုလ်မှအပ်နှင်းလိုက်သောဘွဲ့လက်မှတ်နှင့် ဝိညာဉ်ရေးဆိုင်ရာအားထုတ်မှုတို့သည် အသက်တာတစ်လျှောက်လုံးအတွက် အထောက်အကူဖြစ်စေလိုပါသည်။ အဆွေတို့ ဉာဏ်ပညာထူးချွန်သောသူများဖြစ်လာအောင် ဆရာ/မများက ပြုစုပျိုးထောင်လေ့ကျင့်ပေးခဲ့ပါသည်။ သက်ဆိုင်ရာ သာသနာပိုင်ကြီးများနှင့်ဘုန်းတော်ကြီးများ၊ ရန်ကုန်မြို့ပေါ်ရှိ ဘုန်းတော်ကြီးများကလည်း အလှူငွေအားဖြင့်လည်းကောင်း၊ ဆုတောင်းပေးသွန်သင်လမ်းပြခြင်းအားဖြင့်လည်းကောင်း၊ အမှုတော်ထမ်းဆောင်ရန်ခြင်းအားဖြင့်လည်းကောင်း၊ အမှုတော်ထမ်းဆောင်ရန် အခြေခံကောင်းများကိုလေ့ကျင့်သင်ကြားပေးပြီး ရိုးသားဖြူစင်သော၊ ယဉ်ကျေးသိမ်မွေ့သော စာရိတ္တကောင်းမွန်သော၊ ကျန်းမာသန်စွမ်းသော၊ ဝိညာဉ်ရေးတွင် ရင့်ကျက်သူများဖြစ်လာစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ အမိဓမ္မတက္ကသိုလ်မှ ပြုစုပျိုးထောင်ပေးလိုက်သည့်အခြေခံကောင်းများကို ရင်သန်ဖွံ့ ဖြိုးအောင် ကြိုးပမ်းပြီး အသင်းတော်၏ပခုံးပြောင်းတာဝန်ကို ထမ်းဆောင်ရမည်မှာ အဆွေတို့ လူငယ်လူရွယ်များအတွက် သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့ အသင်းတော်လိုအပ်လျက်ရှိသော အစေခံခေါင်းဆောင်များ အဖြစ် ဆက်လက်၍ တာဝန်ထမ်းဆောင်နိုင်ရန် မေတ္တာပို့ ဆုတောင်းပေးပါသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အသင်းတော်နှင့်မိမိမိသားစုအတွက်အကျိုးပြုသော ဓမ္မပညာသင်ယူမှုဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါသည်။

အမှုတော်မြတ်၌

ဘုန်းတော်ကြီးဒေါက်တာရှိမှုန်ဘီဘင်ထူး
ကျောင်းအုပ်ကြီး




မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်တွင် ရန်ကုန်သာသနာပိုင်နယ်သည် ၁၈၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် စတင်တည်ထောင်ခဲ့သောကြောင့် အခြားသာသနာပိုင်နယ်များထက် သက်တမ်းအရင့်ဆုံး သာသနာပိုင်နယ်တစ်ခုဖြစ်၍ သာသနာပိုင်နယ်များအားလုံးကို ဦးဆောင်သော သာသနာပိုင်နယ် (Arch - Diocese) ဟု

အသင်းတော်၏အခြေခံစည်းမျဉ်းဓမ္မဥပဒေ၊ နည်းဥပဒေတို့က ၁၉၇၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထိုအချိန်က နိုင်ငံတော်အစိုးရ၏ရုံးစိုက်ရာမြို့တော်သည် ရန်ကုန်မြို့ ဖြစ်၍ မြို့တော်တည်ရှိရာဒေသနှင့်လည်း သက်ဆိုင်ပါသည်။ အင်္ဂလီကန်အသင်းတော်တစ်ခုလုံး၏





ဖွဲ့စည်းအုပ်ချုပ်ပုံအရ သာသနာပိုင်နယ်များသည် ဒေသဆိုင်ရာ မြို့တော်များကို အခြေခံ၍ သာသနာပိုင်နယ်ကို သတ်မှတ်ကြပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ရှိ သာသနာပိုင်နယ်များကို လေ့လာနိုင်ပါသည်။ ရန်ကုန်သာသနာပိုင်ကြီးသည် ရန်ကုန်နှင့်ပတ်သက်သော ဒေသကြီးတစ်ခုလုံးကို အထူးတာဝန်ရှိသော ပုဂ္ဂိုလ်ဖြစ်သည့်အပြင် ရန်ကုန်သာသနာပိုင်နယ်သည် (Arch-Diocese) ဖြစ်၍ သာသနာပိုင်ချုပ်ရာထူးကိုပါ ပူးတွဲထမ်းဆောင်ရသောအခွင့်အာဏာကိုပါ ရရှိကြပါသည်။

ယခုအခါတွင် ရန်ကုန်သာသနာပိုင်ကြီးနှင့် သာသနာပိုင်ချုပ်ရာထူးကို ရွေးကောက်တင်မြှောက်ခြင်းကို (၂၀၀၇) ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် ပြုလုပ်ရန် စီစဉ်ထားကြပါသည်။ မည်သည့်ပုဂ္ဂိုလ်ကိုရွေးချယ်ရမည်ဆိုခြင်းနှင့်ပတ်သက်၍ သံယာဆရာများ၊ လူသာမန်များတို့၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ လေ့လာတွေ့ရှိသုတေသနပြုချက်များကို စုဆောင်း၍တင်ပြပါမည်။ ဤသို့ တင်ပြခြင်းသည် အားလုံး နားလည်သဘောပေါက်ချင်မှပေါက်ပေလိမ့်မည်။ သို့သော်လည်း ပြောင်းလဲနေသော ခေတ်အခြေအနေကို သတိထား၍ ဆင်ခြင်တွေးတောသူများအတွက် အထောက်အကူဖြစ်စေရန်မျှသာ စုစည်းတင်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်အခြေခံ စည်းမျဉ်း ဓမ္မဥပဒေနှင့်နည်းဥပဒေများအရ သာသနာပိုင်ရာထူးသည် ကြည်ညိုလေးစားဖွယ်ရာထူးဖြစ်ပြီး အသင်းတော်ကိုဦးဆောင်ကာ သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်ပေးခြင်းကို ခံယူရရှိကြသည်ဟု အကြွင်းမဲ့ယုံကြည်လက်ခံကြပါသည်။ ကနဦးအသင်းတော်တွင် သာသနာပိုင် ခေါ် အမှုတော်ဆောင် အကြီးအကဲကိုရွေးချယ်ရာ၌ ဒေသတစ်ခုကိုအုပ်ချုပ်ရန် ယုံကြည်ခြင်းခိုင်ခံ့မြဲမြံသူ၊ အသရေရှိသောသူ၊ ဉာဏ်အမြော်အမြင်ရှိသောသူ၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝသောသူတို့ကိုသာရွေးချယ်ကြကြောင်း တွေ့ရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်မှုကို ခံယူပြီး ရှုပါရုံရှိသောသူများကို ဉာဏ်အမြော်အမြင်ရှိသောသူများဟု ယခင်က ခံယူခဲ့ပါသည်။ ယခုခေတ်သည် နည်းပညာခေတ်ဖြစ်သောကြောင့် ဉာဏ်ပညာနှင့်ပြည့်စုံသောသူများကို ရွေးချယ်ရန် စဉ်းစားနေကြသည်ကို မှားသည်ဟုမဆိုလိုသော်လည်း အရင်းမူလစံနှုန်းဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏လမ်းညွှန်မှုကို ရှုပါရုံရှိရှိ ဦးဆောင်ဦးရွက်ပြုနိုင်သောပုဂ္ဂိုလ်များတို့သည် သာသနာတွင် အကြီးအကဲ (သို့မဟုတ်) သာသနာပိုင်ကြီးများဖြစ်လာသည်ဟု ဆိုနိုင်ပါသည်။

ထို့အပြင် အသရေရှိသောပုဂ္ဂိုလ်ဟုဆိုရာ၌ ကိုယ်ကျင့်တရားတစ်ခုတည်းကို မမှတ်ယူသင့်ပါ။ ယုံကြည်သူများကကြည်ညိုလေးစားပြီး နိုင်ငံတော်ကလည်း အမြင်ကြည်လင်သောပုဂ္ဂိုလ်ဖြစ်ဖို့ရန်လည်း လိုအပ်ပါသည်။ အုပ်ချုပ်သူအစိုးရမင်းများ၏အားပေးထောက်ခံမှုသည်လည်း အသရေရှိသောပုဂ္ဂိုလ်အဖြစ် သတ်မှတ်နိုင်ပါသည်။ အသင်းတော်သမိုင်းတစ်လျှောက်လုံးတွင်လည်း ထိုကဲ့သို့ အရည်အချင်းပြည့်စုံကြသူများ၊ အသင်းတော်ကိုဦးဆောင်ဦးရွက်ပြုရာတွင် ထိထိရောက်ရောက် ဦးဆောင်နိုင်စွမ်းရှိကြသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် လူတိုင်းတွင်အားနည်းချက်ရှိသော်လည်း အားနည်းချက်များထဲမှ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ကြည်ညိုဖွယ်ရာ ပုဂ္ဂိုလ်အဖြစ် အားကိုးခြင်း၊ ချစ်ခင်ခြင်း၊ လေးစားခြင်း၊ ပေးလှူလိုသောဆန္ဒရှိခြင်း၊ လုပ်ဆောင်လေရာတွင် အားပေးခြင်း၊ မေတ္တာပို့

**မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်**
**အခြေခံစည်းမျဉ်း၊ ဓမ္မဥပဒေနှင့်နည်းဥပဒေများအရ**
**သာသနာပိုင်ရာထူးသည်**
**ကြည်ညိုလေးစားဖွယ်ရာထူးဖြစ်ပြီး**
**အသင်းတော်ကို ဦးဆောင်ကာ**
**သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်ပေးခြင်းကို**
**ခံယူရရှိကြသည်ဟု**
**အကြွင်းမဲ့ယုံကြည်လက်ခံကြပါသည်။**

F-8A

ပေးကြခြင်း စသည့်လက္ခဏာများသည်လည်း အသရေ တင့်တယ်ခြင်းနှင့်ပတ်သက်သော အခြေခံအကြောင်းတရားများလည်း ဖြစ်ပါသည်။

ရန်ကုန်သာသနာပိုင်နယ်သည် ဒေသန္တရ (၃)ခု ကိုအခြေခံလျက် ဖွဲ့စည်းထားသောနယ်တစ်နယ် ဖြစ်ပါသည်။ ထို့အပြင် အခြေခံလူမျိုးစု (၃) မျိုးလည်းပါဝင်သော ဒေသဖြစ်ပါသည်။ တစ်နယ်နှင့်တစ်နယ်လည်း တွေးတောဆင်ခြင်ပုံ၊ အသက်ရှင်ပုံ အနည်းငယ်စီကွာခြားမှုရှိသော နယ်တစ်နယ်လည်းဖြစ်ပါသည်။ သူတို့၏နယ်မြေဒေသနှင့် ပတ်သက်၍ စိတ်ပါဝင်စားအောင်စည်းရုံးလှုံ့ဆော်နိုင်ပါက တစ်မူထူးပြီး တိုးတက်နိုင်သောဒေသတစ်ခုလည်းဖြစ်ပါသည်။ ရန်ကုန်သာသနာပိုင်နယ်သည် ၂၀၂၀ ခုနှစ်အထိ အသင်းတော်ရှင်သန်တိုးတက်ရေးစီမံကိန်းကို အခြေကျကျ လေ့လာသုံးသပ်ပြီး စီမံကိန်းရေးဆွဲကာ ဝိညာဉ်ရေး၊ ပေးကမ်းလှူဒါန်းခြင်း၊ အသင်းတော်ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်တကျဖြစ်ခြင်းကိုအကောင်အထည်ဖော်နေသော သာသနာပိုင်နယ်တစ်ခုဖြစ်ပါသည်။ ထိုသို့ဖြစ်လာနိုင်ရန် အသင်းတော်က ဖြတ်သန်းသွားလာခဲ့သော (၃၅) နှစ်မြောက် ရန်ကုန်သာသနာပိုင်နယ်ယုဘိလပွဲကျင်းပ၍ စာတမ်းပြုစုခြင်း၊ လေ့လာတင်ပြခြင်းနှင့် ရန်ကုန်သာသနာပိုင်နယ်လွှတ်တော်တစ်ခုလုံးက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သောစီမံကိန်းကြီးလည်းဖြစ်ပါသည်။ အဆိုပါ စီမံကိန်းကို ရန်ကုန်သာသနာပိုင်ကြီးနှင့် သာသာနာပိုင်ချုပ်ဖြစ်လာသူက အလေးအနက်ထား၍ လုပ်ဆောင်သွားပါက ယခင်က ထားခဲ့သည့်အစဉ်အလာဖြစ်သော (Arch-Diocese) အသွင်ကို တင်းပြည့်ကျပ်ပြည့် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်သည် မြန်မာနိုင်ငံ၏အခြေခံဥပဒေအပေါ်တွင်အခြေခံလျက် အသင်းတော်လုပ်ငန်းများကိုလုပ်ဆောင်နေသည့် အသင်းတော်ကြီးတစ်ပါးဖြစ်ပါသည်။ နိုင်ငံတော်၏ဖွဲ့စည်းအုပ်ချုပ်ပုံအရ အစိုးရဌာနများရုံးစိုက်ရာမြို့တော်သည် ရန်ကုန်မြို့မဟုတ်တော့ဘဲ နေပြည်တော်သို့ပြောင်းရွှေ့သွားပြီဖြစ်ပါသည်။ အသစ်ရေးဆွဲပြီးအတည်ပြုပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်လာပေမည်။ အင်္ဂလီကန်အသင်းတော်၏ အခြေခံမူဝါဒအရ သာသနာပိုင်ချုပ်နယ်၏တည်ရှိရာနေရာသည် မြို့တော်နှင့်နီးစပ်သည့် (သို့မဟုတ်) မြို့တော်ပတ်ဝန်းကျင်နေရာဒေသတွင် တည်ရှိရမည်ဖြစ်ပါသည်။ တည်ရှိရန်လည်း အခြေခံအချက်ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် နေပြည်တော်သည် တောင်ငူသာသနာပိုင်နယ်အတွင်း တည်ရှိသောကြောင့် တောင်ငူသာသနာပိုင်နယ်သည် (Arch-Diocese) ဖြစ်လာနိုင်ပါသည်။ အသင်းတော်၏ ဓမ္မဥပဒေ၊ နည်းဥပဒေများကို ပြန်လည်ပြင်ဆင်၍ သတ်မှတ်ရန်ဖြစ်လာနိုင်ပါသည်။ ထိုသို့ဖြစ်လာခဲ့လျှင် တောင်ငူသာသနာပိုင်ကြီးသည် အလိုအလျောက် သာသနာပိုင်ချုပ်ဖြစ်ဖွယ်ရာရှိပါသည်။ ထိုအခါ ရန်ကုန်သာသနာပိုင်ကြီးသည် သာသနာပိုင်ချုပ်တာဝန်ကို ပူးတွဲထမ်းဆောင်ရာမှ မိမိမူလတာဝန်ကို ပြည့်ပြည့်စုံစုံထမ်းဆောင်လာရမည့်အချိန်ကာလလည်း ဖြစ်လာနိုင်ပါသည်။ ထိုအခါ သာသနာပိုင်ချုပ်ရာထူးကို စွန့်လွှတ်ချိန်ရောက်က စွန့်လွှတ်နိုင်သောပုဂ္ဂိုလ်ဖြစ်ပါက အသင်းတော်သည် အဓိပ္ပာယ်ရှိရှိ အခြေခံဥပဒေ၊ နည်းဥပဒေကျကျ အစွန့်ရှည်စွာ တိုးတက်သွားမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ရန်ကုန်သာသနာပိုင်နယ်သည် ယခင်က (Arch-Diocese) ဖြစ်ခဲ့ဖူးသော်လည်း ယခုအခါ သာမန်သာသနာပိုင်နယ်အဆင့်သာ တည်ရှိပါကလည်း ဒေသန္တရ (၃) ခု သည် ရှင်သန်တိုးတက်လျက် တည်ရှိရန်သာဖြစ်ပါသည်။ ထိုအချိန်တွင် နယ်စီးသာသနာပိုင်ကြီးများ သီးသန့်သာသနာပိုင်ချုပ် သီးသန့်ထားရှိမည်ဆိုပါကလည်း အသင်းတော်ဖွဲ့စည်းအုပ်ချုပ်မှု တစ်မျိုးတစ်မည်ပြောင်းလဲသွားမည်ဖြစ်ပါသည်။ ရန်ကုန်သာသနာပိုင်ကြီးတစ်ပါးကို ရွေးချယ်တင်မြှောက်ခြင်းသည် အသင်းတော်ဝိညာဉ်ရေးတိုးတက်ခြင်း၊ ရှင်သန်နေခြင်း၊ စည်းလုံးညီညွတ်ခြင်းကိုဖော်ဆောင်သည့် ခေါင်းဆောင်တစ်ပါးကို ကြည်ညိုလေးစားမှုအပြည့်၊ အားကိုးမှု၊ မျှော်လင့်ချက်အစုံတို့ဖြင့် ရွေးချယ်နိုင်စေမည့်အကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။❑





# အတွေးကိုယ်စီ

နေဂ်ဇေး

မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်းသာ အကျိုးရှိ၏ (ဂလာတိ ၅:၆)။

ဘဝမှာ မိသားစုအတော်များများနဲ့ တွေ့ကြုံခဲ့ရတယ်။ သိမြင်ခဲ့ရတယ်။ အဲဒီအထဲကမှ မိသားစု (၃)စုအကြောင်း တွေးမိတယ်။ မိဘနဲ့သားသမီးကြား ဆက်သွယ်မှုလေးတွေပါပဲ။

## ပထမအိမ်ထောင်မိသားစု

ထစ်ခနဲဆိုရင် ဆူမယ်၊ ပူမယ်၊ သောင်းကျန်းရိုက်နှက်မယ် ဆိုတဲ့မိသားစု။ တစ်ခါတလေများဆို ကလေးကို သစ်ပင်မှာ ကြိုးတုပ်ရိုက်ပြီး နေလှန်းထားတာ။ ကိုယ်က မနေနိုင်လို့ အကျိုးရယ်အကြောင်းရယ်ပြောပြမိပါတယ်။ "ကိုယ့်ကလေး ကိုယ်ရိုက်တာ၊ ဆုံးမတာ ဘာဖြစ်သလဲ" "ကဲဟယ်.. ကဲဟယ် နောက်လုပ်ဦးမလား၊ လုပ်ဦးမလား" ဆိုပြီး တဖြန်းဖြန်းနဲ့ရိုက်လိုက်တာ ကလေးက ဘာမှပြန်မပြောဘဲ အံကြိတ်ပြီး ပြန်ကြည့်တဲ့မျက်လုံးမှာတော့ စကားလုံးတွေများစွာနဲ့ပေါ့။

## ဒုတိယအိမ်ထောင်မိသားစု

စီးပွားရေးကောင်းလေ စီးပွားရေးနောက်ကို နေ့မအား၊ ညမအားနဲ့ ငွေဆိုမှငွေ မိသားစု။ သားသမီးကို ချစ်လိုက်တာလည်း မပြောနဲ့တော့။ ဘာဖြစ်ချင်လဲ၊ ဘာလိုချင်လဲ၊ ပါးစပ်ဟာရုံရှိသေးတယ်။ ပိုက်ဆံပေးမယ်ဆိုတဲ့မိဘ။ အဲ ..သူတို့မပေးနိုင်တာက သူတို့ကလေးတွေအတွက် အချိန်၊ တစ်နေ့ သူတို့ရဲ့သမီးလေးက အမေနဲ့အဖေကို တစ်ရက်လောက်ကျောင်းလိုက်ပို့ပေးပါလို့ မွတ်သိပ်စွာတောင်းဆိုဖို့ "မေမေနဲ့ဖေဖေ သမီးကျောင်း..." (စကားလုံးတွေက တစ်ဝက်ပဲရှိသေး) "အို သမီးလေးရေ ကျောင်းသွားတော့မလား.. တာ့တာ။ မေမေတို့လည်း သွားတော့မယ်။ သမီးလေးအတွက် မုန့်ဖိုးရော့ ..ရော့၊ ဩော် ကိုသိန်း (ဒရိုင်ဘာ) ရေ သမီးလေးကို ကောင်းကောင်းပို့ပေးပါကွယ်" ပိုက်ဆံအထပ်လိုက်ကြီးကိုကိုင်ပြီး ကားပေါ်ကို နှမ်းလျစွာထိုင်ချလိုက်တဲ့သမီးလေးရဲ့မျက်လုံးတွေမှာလည်း စကားလုံးများစွာ။

## တတိယအိမ်ထောင်မိသားစု

ဒီမိသားစုကတစ်မျိုး။ မနက်အိပ်ရာထပြီဆိုတာနဲ့ အကြီးဆုံး မိဘကစလို့ အငယ်ဆုံးကလေးထိ သူ့တာဝန်နဲ့သူ။ မနက်စာစားချိန်မှာ တစ်မိသားစုလုံး စားရင်းသောက်ရင်း ကိုယ်လုပ်ရမယ့်အလုပ်၊ ကိုယ်သွားရမယ့်ခရီး အကြမ်းဖျင်းပြောပြီး အသီးသီး အိမ်က ကသုတ်ကရက်ထွက်လို့ ညနေထမင်းစားချိန်မှာ ပြန်ဆုံကြ။ ညစာစားပြီးပြီလားဆိုရင် အိမ်ရှေ့ထွက်ထိုင်ရင်း မုန့်စားရင်း၊ စကားပြောရင်း တစ်နေ့တာ ကိုယ့်အတွေ့အကြုံကိုပြောပြကြရင်း ရယ်ရယ်မောမောပြီးသွားတဲ့အခါရှိသလို စိတ်ဆိုးစိတ်ကောက်ပြီး ဇာတ်သိမ်းသွားတာလည်းရှိတယ်။ ဥသြကြာနေ့ညရောက်ရင်တော့ မိသားစုဝင်တိုင်း မပျက်မကွက်တက်ရောက်ရတဲ့ မိသားစုအစည်းအဝေးပွဲကြီးမှာ အဖေက သဘာပတိလုပ်၊ အမေက တစ်ပတ်တာမိသားစုရဲ့ထူးခြားတဲ့ဖြစ်စဉ်ကို အစီရင်ခံစာတင်လို့ သုံးသပ်ကြ၊ ဆွေးနွေးကြ၊ ဩဝါဒပေးကြနဲ့ ရှေ့လုပ်ငန်းစဉ်ချမှတ်လို့ ညီညီညာညာချီတက်နေတာ အခုချိန်ထိပေါ့။

ကဲ... မိတ်ဆွေတို့ရဲ့မိသားစုအတွင်းမှာရော ဘယ်လိုလဲ။❑



# ဇက္ကဲ၏ အသွင်ပြောင်းလဲခြင်းမှသည်

မရန်ခွန်ဆိုင်း

အခြေပြုကျမ်း။ ။ (ရှင်လုကာ ၁၉း၁-၉)

လူအုပ်ကြီးက အခွန်ခံဇက္ကဲကို အပြစ်သားတစ်ဦး အဖြစ် စီရင်ချက်ချပြီး ဖယ်ကြဉ်ထားခဲ့ကြပေမယ့် သခင်ယေရှုဟာ သူ့ကိုအလုံးစုံပြောင်းလဲပေးခဲ့တာ (ရှင်လုကာ ၁၉း၁-၉) ကို ကြည့်ရင် တွေ့ရပါမယ်။ သခင်ယေရှုဟာ သူ့ရဲ့အိမ်မှာ ဧည့်ဝတ်ပြုမှုကိုခံယူနေစဉ်မှာ ဇက္ကဲက သခင်ယေရှုရှေ့မှာရပ်ပြီး အခုလို ကတိပြုလိုက်ပါတယ်။ "သခင် . . . အကျွန်ုပ်၏ဥစ္စာတစ်ဝက်ကို ဆင်းရဲသောသူတို့အား ပေးပါမည်။ တစ်စုံတစ်ယောက်သော သူ၏ဥစ္စာအနည်းငယ်ကို အကျွန်ုပ်ယူမိလျှင် လေးဆပြန်ပေးပါမည်။"

ကမ္ဘာသရေလရှေးဟောင်းဥပဒေအရ ဇက္ကဲဟာ သူ့ကိုယ်သူ မတရားပြုသူတစ်ယောက်လို့ ခံယူလိုက်တာ တွေ့ရပါမယ်။ (ထွ ၂၂း၁) မှာကတော့ အခုလိုဖော်ပြထားပါတယ်။ "လူသည် သိုးနွားကိုခိုး၍ သတ်သည်ဖြစ်စေ၊ ရောင်းသည်ဖြစ်စေ၊ နွားတစ်ကောင်အတွက် နွားငါးကောင်ကိုလည်းကောင်း၊ သိုးတစ်ကောင်အတွက် သိုးလေးကောင်ကိုလည်းကောင်း ပြန်ပေးရမည်။ လေးဆတည်းဟူသော အရေအတွက်ကို မိမိကိုယ်တိုင်သတ်မှတ်လိုက်ခြင်းဟာ ဇက္ကဲရဲ့ နှိမ့်ချပြီး ဝန်ခံရဲတဲ့နောင်တ ဖြစ်ပါတယ်။ ဒီလို နောင်တမျိုးကြောင့် ဇက္ကဲဟာ အပြစ်သားတစ်ဦးနဲ့ တစ်ပါးအမျိုးသားတစ်ဦးအဖြစ်ကနေ အာဗြဟံရဲ့သားအဖြစ်သို့ ပြောင်းလဲသွားခဲ့ရပါတယ်။

ဇက္ကဲရဲ့နောင်တရခြင်းကို မှားယွင်းခြင်းကနေ မှန်ကန်ခြင်းသို့ပြောင်းလဲဖို့အတွက် သမားရိုးကျအခြေအနေကနေ ရဲဝံ့စွာဖောက်ထွက်တဲ့ လက်တွေ့ကျစွာပြုမူမှုလို့ ဆိုချင်ပါတယ်။ ဇက္ကဲရဲ့ စစ်မှန်သောနောင်တတရားနောက်မှာ ကပ်လိုက်လာတဲ့ သခင်ဘုရားရဲ့ "ယနေ့ပင် ကယ်တင်တော်မူခြင်းအမှုသည် ဤအိမ်ပေါ်မှာ သက်ရောက်လေ၏" ဆိုတဲ့ကတိစကားဟာ ဇက္ကဲတစ်ဦးတစ်ယောက်အတွက်သာမဟုတ်ဘဲ အိမ်သူအိမ်သားအားလုံးပါ သက်ဆိုင်ကြောင်း သိရပါတယ်။ (လုကာ ၁၉း ၆၊၇၊၉) မှာ ဖော်ပြထားတဲ့ "**အိမ်**"ဆိုတဲ့ မူရင်းဂရိဝေါဟာရက (OIKOS) ဖြစ်ပါတယ်။ (OIKOS) ရဲ့အဓိပ္ပာယ်က **လူများနေထိုင်ရာ** **နေရာ**ဖြစ်ပါတယ်။ ဒါကြောင့် တစ်စုံတစ်ဦးရဲ့ နောင်တတရား၊ ဝန်ခံမှုနဲ့ လုပ်ဆောင်မှုကြောင့် အိမ်သူအိမ်သားအားလုံးဟာ ကယ်တင်ခြင်းသို့ရောက်နိုင်တယ်ဆိုတာ တွေ့ရပါမယ်။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ သေချာစွာစဉ်းစားဆင်ခြင်ဖို့က တစ်ဦးတစ်ယောက်စီဟာ စစ်မှန်သောနောင်တနဲ့အတူ အသွင်ပြောင်းလဲခဲ့ရင် တစ်ဦးချင်းစီနဲ့ သက်ဆိုင်နေသော လူ့အဖွဲ့အစည်းဟာလည်း အသွင်ပြောင်းလဲလာပြီး သခင်ဘုရားရဲ့ကောင်းချီးမင်္ဂလာကို ခံစားရမှာဖြစ်ပါတယ်။





သခင်ယေရှုနဲ့ ကြွယ်ဝသောလူချမ်းသာတစ်ဦးရဲ့ အပြန်အလှန်ပြောဆိုချက်တွေကို မာကု ၁၀း၁၇-၃၂ မှာ တွေ့နိုင်ပါတယ်။ ဒီချမ်းသာသူဟာ ထာဝရအသက်တည်းဟူသော ကောင်းကင်နိုင်ငံရဲ့အမွေကို အလွန်အမင်း လိုလားတောင့်တနေတာ တွေ့ရပါမယ်။ သူဟာ ပညတ်တော်မှန်သမျှကို လုံခြုံအောင်စောင့်ထိန်းခဲ့တယ် ဆိုပေမယ့် သခင်ယေရှုကတော့ အသက်တာမှာ အရေးကြီးဆုံး လိုအပ်ချက်တစ်ခုကို ထောက်ပြခဲ့ပါတယ်။

ဒီထောက်ပြမှုကိုလိုက်နာပြီး ကြွယ်ဝချမ်းသာသူဟာ သူပိုင်သမျှကိုရောင်းချပြီး ဆင်းရဲသားတွေကို ပေးဝေခဲ့မယ်ဆိုရင် . . . ၊ ပြီးတော့ ကိုယ့်လက်ဝါးကားတိုင်ကို ထမ်းပြီး သခင်ယေရှုခရစ်တော်နောက်ကို လိုက်ခဲ့မယ်ဆိုရင် ကောင်းကင်ဘဏ္ဍာနဲ့ထာဝရအသက်ဟာ သူ့အတွက်ပါပဲ။ ဒါပေမဲ့ ဒီချမ်းသာသူရဲ့အသွင်ပြောင်းလဲမှုဟာ ကိုယ့်ကိုယ်ကို ချစ်ခင်တွယ်တာမှုတွေကြောင့် အကောင်အထည်မပေါ်ခဲ့ပါဘူး။ ဇက္ကဲကတော့ သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတစ်ဝက်ကို ဆင်းရဲသားတွေဆီ ဝေငှခဲ့ပါတယ်။ ပြုခဲ့ဖူးသော မတရားမှု၊ လိမ်လည်လှည့်ဖျားမှုနဲ့ နိုးဝှက်မှုများအပေါ် အစားပြန်ပေးဖို့ ကိုယ်တိုင်ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ကို စစ်မှန်ပြီး အဖိုးအခပေး စွန့်လွှတ်ရတဲ့နောင်တလို့ ဆိုချင်ပါတယ်။ ဒီလိုစစ်မှန်တဲ့ ဇက္ကဲရဲ့အသွင်ပြောင်းလဲခြင်းကြောင့် ခရစ်တော်ဟာ သူနှင့်တကွ အိမ်သူအိမ်သားအားလုံးကို ကယ်တင်ခြင်းရရှိစေခဲ့ပါတယ်။

လုကာ ၅း၂၇-၂၈ ကို ကြည့်မယ်ဆိုရင်လည်း အခွန်ခံလေဝိရဲ့ စစ်မှန်သောပြောင်းလဲခြင်းကို တွေ့ရပါမယ်။ သခင်ယေရှုက လေဝိကို သူ့နောက်လိုက်ခဲ့ဖို့ မိန့်တော်မူတဲ့အခါမှာ အဆင်ပြေနေသူ အခွန်ခံလေဝိဟာ ရှိသမျှကို ထားရစ်ခဲ့ပြီး ခရစ်တော်နောက်ကို လိုက်ခဲ့ပါတယ်။ ဒီလို ပြောင်းလဲမှုမျိုးကို အထက်မှာဖော်ပြခဲ့တဲ့ ကောင်းကင်နိုင်ငံအမွေကို တောင့်တသူ လူချမ်းသာက မပြုမူနိုင်ခဲ့ပါဘူး။

## ဇက္ကဲရဲ့ပြောင်းလဲခြင်းနဲ့ ကျွန်တော်တို့ . . .

ဇက္ကဲကျင်လည်ရာ ယေရိခေါမြို့ဟာ စီးပွားရေးနဲ့ကုန်ကူးသန်းရောင်းဝယ်ရေးမှာ အချက်အချာကျတဲ့မြို့ဖြစ်သလို အကျင့်ပျက်မှုအလုံးစုံရဲ့ စုဝေးရာမြို့လည်းဖြစ်ပါတယ်။ အဲဒီခေတ်အခါက အာရှတိုက်ရဲ့ ဖွံ့ဖြိုးပြီး စီးပွားစည်ပင်နေတဲ့မြို့ပြတော်တော်များများဟာ အကျင့်စာရိတ္တပျက်ယွင်းမှုတွေနဲ့ လှိုက်စားနေခဲ့ပါတယ်။ အမှန်တော့ ဇက္ကဲဟာ အကျင့်ပျက်လူနေမှုစနစ်ရဲ့ ပြယုဂ်တစ်ခုပါပဲ။ သူဟာ အာဏာနဲ့ကြွယ်ဝမှုကို မတရားပြုမှု၊ ခိုးဝှက်မှု၊ လှည့်ဖျားမှု၊ အနိုင်ထက်ပြုမှုတွေနဲ့ ရယူသူတွေကို ပုံဆောင်သူတစ်ဦးပါ။

ဇက္ကဲအပါအဝင် အနိုင်ထက်ပြုသူတွေဟာ ဆင်းရဲသားတွေအတွက် အဆိပ်အတောက်ဖြစ်ခဲ့ရပါတယ်။ ဇက္ကဲဟာ မတရားရရှိထားတဲ့ငွေကြေးတွေကြောင့် ကိုယ့်ကိုယ်ကို ကျေနပ်နေပါလိမ့်မယ်။ သူဟာ အဲဒီခေတ်က အထက်တန်းလွှာထဲ ဝင်ဆံ့နိုင်ဖို့ အာဏာပိုင်တွေရဲ့ မျက်နှာသာပေးမှု၊ ငွေကြေးကြွယ်ဝမှုတွေနဲ့ ကြိုးစားပါလိမ့်မယ်။ ဒါပေမဲ့ ဒီလိုကြိုးစားမှုတွေအတွက် ဆင်းရဲသားတွေကတော့ ဓားစာခံဖြစ်ခဲ့ရပါတယ်။

အမှန်တော့ လူဟောင်းဇက္ကဲဟာ အခွင့်ထူးခံလူတန်းစားတွေ၊ အကျင့်ပျက်ဝန်ထမ်းတွေ၊ ခေါင်းပုံဖြတ်စီးပွားရေးလုပ်ငန်းရှင်တွေ၊ အသင်းတော်ရဲ့ အချို့သောအမှုတော်ဆောင်တွေ… စသည်တို့ကို ကိုယ်စားပြုသူလို့လည်း ဆိုချင်ပါတယ်။ ကျွန်တော်တို့ဟာလည်း ဇက္ကဲကို ကိုယ်စားပြုသူတွေ ဖြစ်နေတတ်ပါတယ်။ ဘာသာရေးကို ခုတုံးလုပ်ပြီး တစ်ခါတစ်ရံမှာ ကျွန်တော်တို့ဟာ အခွင့်ထူးခံအဆင့်အတန်းတစ်ခုကို တည်ဆောက်တတ်ကြပါတယ်။ လူမှုအသိုက်အဝန်းရဲ့မျက်နှာသာပေးမှုကို ခုံမင်လာတတ်ကြတယ်။ ဘဝလုံခြုံရေးနဲ့ လုပ်ပိုင်ခွင့်တွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖန်တီးယူတတ်ကြပါတယ်။ ကျွန်တော်တို့ဟာ သခင်ယေရှုနဲ့တွေ့ဆုံခဲ့တဲ့ ချမ်းသာသူလိုပဲ ကိုယ့်ကိုယ်ကို ပိုချစ်ပြီး ဘုရားသခင်ကိုအစေခံရမယ့်အစား ဘာသာတရားရဲ့အရိပ်အဝါနဲ့ ကြီးမြတ်မှုအောက်မှာ ပြပ်ဝပ်ရိုကျိုးနေတတ်ကြပါတယ်။

ကျွန်တော်တို့ရဲ့အသက်တာမှာ ဇက္ကဲလိုပဲ ဆန္ဒပြင်းပြစွာနဲ့ ခရစ်တော်အလိုတော်ရှိပြီး အလေးအနက်ထားတဲ့ နေရာမှန်ကိုရှာဖွေဖို့ လိုပါလိမ့်မယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ

မှာ ကျွန်တော်တို့ဟာ ချမ်းသာသူလို၊ လူဟောင်းဇက္ခဲလိုပဲ နေရာရရှိမှုနဲ့ ကြွယ်ဝချမ်းသာမှုတွေကြားမှာ ယစ်မူးလာတတ်ကြပါတယ်။

ကျွန်တော်တို့ဟာ ဆင်းရဲသားတွေအတွက် အစေခံနေတယ်လို့တဖွဖွဆိုနေကြပေမယ့် တကယ်တော့ ကျွန်တော်တို့ရဲ့အဆင့်အတွက်၊ လုံခြုံမှုအတွက်၊ အာဏာအတွက် လိမ္မာပါးနပ်စွာလုပ်ဆောင်နေတတ်ကြပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ဟာ ဇက္ခဲရဲ့ စစ်မှန်သောအသွင်ပြောင်းလဲခြင်းကို အလိုတော်နှင့်အညီ အတုယူဆင်ခြင်မယ်ဆိုရင် နှုတ်အားဖြင့် နှိမ့်ချဝန်ခံခြင်းရှိရမှာဖြစ်သလို အပြုအမူအားဖြင့်လည်း လက်တွေ့ဖော်ဆောင်ဖို့လိုပါလိမ့်မယ်။ လူဟောင်းဇက္ခဲအတွက် သခင်ယေရှုနောက်ကို လူအုပ်ကြီးနဲ့အတူ ရောယောင်ပြီး မျှောလိုက်သွားရတာလွယ်ပါလိမ့်မယ်။ လူအုပ်ကြီးနားလည်သလို သခင်ယေရှုအပေါ် နားလည်ရခြင်းဟာ ဇက္ခဲအတွက် သိပ်မခက်ခဲလှပါဘူး။ ဒါပေမဲ့ ဇက္ခဲဟာ လူအုပ်ကြီး (သို့) လူ့အဖွဲ့အစည်းအတွင်းကနေ ထိုးဖောက်ထွက်လာပြီး သခင်ယေရှုခရစ်တော်ကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ သခင်ယေရှုနဲ့တွေ့ဆုံခဲ့တဲ့ လူချမ်းသာကတော့ သူကျင်လည်ရာအထက်တန်းလွှာရဲ့ ကျင့်သုံးမှုတွေကို ဆက်ပြီးခံမင်စွာဖက်တွယ်ထားခဲ့ပါတယ်။ သူဟာ သခင်ယေရှုနဲ့တွေ့ရှိခဲ့ပေမယ့် ကျန်ရစ်သူသာ ဖြစ်ခဲ့ရပါတယ်။ သူဟာ သူ့ရဲ့အဆင့်အတန်း၊ ကြွယ်ဝချမ်းသာမှု၊ ဩဇာအာဏာတည်မြဲမှုအတွက် ထာဝရအသက်ဝိညာဉ်ကို အဆုံးအရှုံးခံခဲ့ပါတယ်။


**ဇက္ခဲ၏အသွင်ပြောင်းလဲခြင်းမှသည် . . .**

ယေရှုဆိုတာ ဘယ်သူလဲဆိုပြီး စူးစမ်းလေ့လာချင်သောစိတ်ဓာတ်တွေနဲ့လိုက်လံကြည့်ရှုတဲ့ လူအစုအဝေးထဲမှာ ဆုံးရှုံးမှုတွေနဲ့အတူ ကျန်ရစ်ခဲ့သူတွေလိုပဲ . . ကျွန်တော်တို့ဟာ လုံခြုံမှုအဆင့်အတန်းနဲ့ ကြွယ်ဝမှုကို ပေးနိုင်တယ်လို့ထင်မြင်တဲ့ လူ့အဖွဲ့အစည်းအတွင်းမှာပဲ ဆုံးရှုံးနေကြရပါတယ်။ ကျွန်တော်တို့ဟာ အများဆန္ဒကို လိုက်လျောနေတတ်ကြပြီး ကိုယ့်ကိုယ်ကို ဝန်ခံဖို့အတွက်ကျတော့ ဆွံ့အနေတတ်ကြပါတယ်။

ဇက္ခဲ (Zacchaeus) ရဲ့ ဟီဘရူးမူရင်းဝေါဟာရ (Zacai) ဟာ သန့်စင်ခြင်း၊ ဖြောင့်မတ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ လူဟောင်းဇက္ခဲရဲ့ အကျင့်စရိုက်တွေကတော့ သူ့ရဲ့နာမည်အဓိပ္ပာယ်ရင်းနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ဒါပေမဲ့ သူပြောင်းလဲပြီးချိန်မှာတော့ ဇက္ခဲဟာ ဘုရားသခင်အလိုတော်ရှိတဲ့ ဖြူစင်ဖြောင့်မတ်သူဖြစ်ခဲ့ရပါတယ်။ ဇက္ခဲရဲ့ စစ်မှန်တဲ့နောင်တရမှုအပေါ် ဆင်ခြင်ရင်း သခင်ယေရှုရဲ့ အသက်ရှင်မှု၊ သင်ကြားမှုများနဲ့ချိန်ထိုးပြီး ကိုယ့်ကိုယ်ကို သေချာပြန်လည်ဆန်းစစ်ဖို့တော့ လိုနေပါပြီ။ ခရစ်တော်ကို ဆန္ဒပြင်းပြစွာ ရှာဖွေတဲ့ ဇက္ခဲဟာ ကိုယ့်ကိုယ်ကိုပြန်ပြီး ရှာဖွေတွေ့ရှိခဲ့သလို ဘုရားသခင်နဲ့ စစ်မှန်စွာ ပြန်လည်ဆက်သွယ်ခွင့်ရခဲ့ပါတယ်။

အဲဒီကတစ်ဆင့် သူ့ရဲ့ မှန်ကန်သောဆက်သွယ်မှုဟာ သူ့ရဲ့အိမ်နီးနားချင်း လူ့အသိုက်အဝန်းဆီကို ဦးတည်သွားခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို ချစ်သကဲ့သို့ လူ့အသိုက်အဝန်းကိုချစ်နိုင်သူဟာ ဘုရားသခင်ကိုချစ်သူလို့ဆိုပါတယ်။ အိမ်နီးချင်းတွေနဲ့ ကိုယ့်ရဲ့ကြားမှာ မှန်ကန်သောဆက်ဆံရေးကိုတည်ဆောက်နိုင်သူဟာ ဘုရားသခင်နဲ့ မှန်ကန်စွာဆက်သွယ်သူလို့ဆိုပါတယ်။ ဒီအရာတွေဟာ ကျွန်တော်တို့ရဲ့မျှော်လင့်ချက်တွေဖြစ်ရပါမယ်။ ဘုရားသခင်ကို အမှီပြုထားတဲ့မှန်ကန်ခြင်းသာ ကျွန်တော်တို့ရဲ့အထဲမှာ၊ ကျွန်တော်တို့ရဲ့အပြင်မှာ အသက်ဝင်နေမယ်ဆိုရင် မကြာခဏပျောက်ဆုံးသွားတတ်တဲ့ သခင်ယေရှုကို ကျွန်တော်တို့ပြန်လည်တွေ့ရှိမှာဖြစ်ပါတယ်။ ဇက္ခဲဟာ သူ့ "အိမ်" (OIKOS) အတွင်းမှာ စစ်မှန်တဲ့နောင်တကို ဖော်ကျူးပြသခဲ့တဲ့အတွက် သူနဲ့တကွ အိမ်သူအိမ်သား သက်ဆိုင်သူအားလုံး ကယ်တင်ခြင်းကောင်းချီးမင်္ဂလာ ခံစားခဲ့ရပါတယ်။ အခုကျွန်တော်တို့ဟာ ကမ္ဘာရွာ (OIKOS) အတွင်းမှာ မှီတင်းနေထိုင်နေကြရပါတယ်။ တကယ်လို့သာ ကျွန်တော်တို့တစ်ဦးချင်းစီဟာ စစ်မှန်သောနောင်တ၊ ဝန်ခံခြင်းနဲ့အတူ လက်တွေ့ကျစွာ အများအတွက် အသက်ရှင်မယ်ဆိုရင် . . . ကျွန်တော်တို့ကြောင့် ဘုရားသခင်ရဲ့ ကယ်တင်ခြင်းဟာ ကျွန်တော်တို့အထဲမှာ (သို့) လူ့အဖွဲ့အစည်းအတွင်းမှာ (Our midst *or* our Oikos) ယနေ့ဆိုက်ရောက်လာမှာဖြစ်ပါတယ်။ ❑





အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် သိက္ခာတော်ရရှိသောပုဂ္ဂိုလ်များနှင့် သာမန်တပည့်တော်များတို့သည် သူတစ်ပါးအတွက် အသက်ရှင်ရန် ခေါ်ယူစေလွှတ်ခြင်းခံရသောသူများဖြစ်ကြပါသည်။ အမှုတော်ဆောင်ခြင်းသည် အသက်မွေးဝမ်းကျောင်းပညာရပ်မဟုတ်သော်လည်း အမှုတော်ဆောင်ခြင်းဖြင့် အသက်မွေးရန ဘုရားသခင်စေခိုင်းခြင်းခံရသောသူများလည်းဖြစ်ပါသည်။ သူတစ်ပါးအတွက် အသက်ရှင်ပြီး အစေခံခြင်းလုပ်ငန်းကို လုပ်ဆောင်ရသောကြောင့် အလွန်မြင့်မြတ်သောပါရမီထူးဟုလည်း ဆိုနိုင်ပါသည်။

# အနားယူဖို့ ကြိုတင်ပြင်ဆင်ရန် လိုအပ်ခြင်း

ဆလိုင်းရှိမုန်(ပန်းတောင်း)

တစ်နည်းအားဖြင့် အမှုတော်ဆောင်ခြင်းသည် သခင်ယေရှုခရစ်နည်းတူ အသက်ရှင်ရန် အခွင့်အလမ်းတစ်ခုလည်းဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ဒဏ်ရာဒဏ်ချက်များဖြင့် အမှုတော်မြတ်၌ဆက်ကပ်လုပ်ဆောင်ခဲ့ရသော်လည်း ယနေ့ထိ ရှင်လန်းအားရစွာ ဘုရားသခင်၏ကြွယ်ဝသောစည်းစိမ်ဥစ္စာများကိုဖြန့်ဝေသူဖြစ်သောကြောင့် ပျော်ရွှင်ချမ်းမြေ့စေသော အစေခံခြင်းလည်း ဖြစ်ပါသည်။

အမှုတော်ဆောင်ခြင်းသည် အရာရာ၌ ချစ်ခြင်းမေတ္တာလွှမ်းခြုံ၍ ဆက်ကပ်လုပ်ဆောင်ရသော ဘုရားသခင်၏လုပ်ငန်းဖြစ်သည့်အတွက် ဘုရားသခင်သည် ကြွယ်ဝသောကောင်းချီးမင်္ဂလာချပေးပါသည်။ ထိုကြွယ်ဝသောဆုကျေးဇူးများကို ခံစားရင်း အသက်တာကုန်ဆုံးသည်အထိ အမှုတော်ဆောင်ရခြင်းအခွင့်ထူးတစ်ခုလည်း ဖြစ်ပါသည်။ သို့သော် အသက်တာတစ်လျှောက်လုံး အမှုတော်ဆောင်ရန်တာဝန်ရှိသော်လည်း အချိန်အကန့်အသတ်နှင့် နေထိုင်အသက်ရှင်တတ်ရန်၊ အမှုတော်ဆောင်တတ်ရန်လည်းလိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူတွင်အသက်ရှင်ခြင်းကန့်သတ်မှု၊ တာဝန်ဝတ္တရားထမ်းဆောင်မှုတွင် ကန့်သတ်မှုများရှိနေသောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ အခြေခံစည်းမျဉ်း၊ ဓမ္မဥပဒေနှင့် နည်းဥပဒေများအရ သာသနာ့ဝန်ထမ်းများအားလုံးသည် အသက် (၆၅) နှစ်ပြည့်သောအခါ တာဝန်မှ အနားယူရမည် ဖြစ်သောကြောင့် အသက် (၅၀) ပြည့်သော အချိန်မှစ၍ အနားယူဖို့ ကြိုတင်ပြင်ဆင်ရန် လိုအပ်သည်ဟု ထင်မြင်ပါသည်။

ဘုရားသခင်၏အမှုတော်မြတ်အတွက် အစေခံဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအားလုံးသည် အမှုတော်ဆောင်ရာတွင် ဘုရားသခင်အတွက် မည်သို့ပင်ဖြစ်ဖြစ် အစေခံမည်ဟု ခံယူချက်ရှိပြီးသားလူများဖြစ်ပါသည်။ စိတ်ပိုင်းဖြတ်ထားသူများဖြစ်ပါသည်။ အမှုတော်လုပ်ငန်းအတွက်လည်း အားကြိုးမာန်တက်ဆောင်ရွက်နိုင်ပြီး စွမ်းအားကြီးသူများလည်း ဖြစ်ပါသည်။ အခက်အခဲများစွာကိုဖြတ်ကျော်၍ အမှုတော်လုပ်ငန်းကို တွင်တွင်ကျယ်ကျယ်လုပ်နိုင်ရန် ခရစ်တော်ကိုအစေခံနေသည်ဟူသော ခံယူချက်ပြင်းထန်သူများလည်း ဖြစ်ပါသည်။ ရာထူးအတွက်၊ လစာအတွက်၊ အမှုတော်ဆောင်နေခြင်း ဟူသော မတွေးကောင်း၊ မကျင့်ကောင်းသော အလုပ်များကို နှလုံးသားထဲမှ ဖယ်ရှားထားပြီးသူများလည်းဖြစ်ပါသည်။ ရှင်ပေါလု ဖော်ပြသကဲ့သို့ “ငါသည် ခရစ်တော်၏အစေခံကျွန်ဖြစ်သည်။“ အစေခံသည် သခင်ခိုင်းသည့်အတိုင်း လုပ်ဆောင်ခြင်းမှာ သာ၍ကောင်းပါသည်။ သို့သော် အနားယူချိန်ရောက်သောအခါ မမျှော်လင့်သော အခက်အခဲများကို ရင်ဆိုင်ရပြီး စိတ်ခံစားမှုများ၊ စိတ်ဓာတ်ကျမှုများ ဖြစ်ပေါ်တတ်ပါသည်။ တစ်ခါတစ်ရံ အကြွေးစာရင်းများ ကျန်ခဲ့ကောင်းကျန်ခဲ့နိုင်ပါသည်။

ယခုတင်ပြလိုသည်မှာ အနားယူဖို့ ကြိုတင်ပြင်ဆင်ရန်လိုအပ်ခြင်းအကြောင်း ဖြစ်ပါသည်။ ဤသို့ လုပ်ဆောင်နိုင်ရန်အတွက် အသက် (၅၀) ကျော်လာသောအခါ ခံစားခဲ့ရသောဆုကျေးဇူးများကို စစည်းရန် လိုအပ်ပါသည်။ မိမိမလုပ်ဆောင်နိုင်သောအလုပ်များကို ဆောင်ရွက်နိုင်ရန် ဆုတောင်းဆက်ကပ်ဖို့လိုအပ်ပါသည်။ တစ်ဖက်တွင် အမှုတော်မြတ်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း အနားယူနိုင်ဖို့ရန် ကြိုတင်ပြင်ဆင်ဖို့ လိုအပ်ပါသည်။ မိသားစုအတွက်လည်းကောင်း၊ မိမိအသက်တာအတွက်လည်းကောင်း ကြိုတင်ပြင်ဆင်ရပါမည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ အသက် (၆၀) ကျော်သည်နှင့် အနားယူရန် အဆင်သင့်ဖြစ်သင့်ပါသည်။ အနားယူပြီးနောက် မည်သည့်အမှုတော်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်ကိုကြိုတင်စဉ်းစားထားပြီး ပြင်ဆင်ထားရန် လိုအပ်ပါသည်။

တိုးတက်သောတိုင်းပြည်ကြီးများ၌ အမှုတော်ဆောင်များသည် မိမိတို့၏ဆက်ကပ်မှုကို နှစ်အကန့်အသတ်ထား၍ ဆက်ကပ်ကြပါသည်။ ထိုအခါ အမှုတော်ဆောင်ခြင်းသည် ဇာတ်မျောသဘောမျိုးမဟုတ်ဘဲ တက်တက်ကြွကြွနှင့် အောင်အောင်မြင်မြင် ဖြစ်နေသည်ကို တွေ့ရပါသည်။ လက်တွေ့အသက်တာတွင် အမှုတော်ဆောင်တစ်ပါးသည် နေရာတစ်နေရာ







၌ (၁၀)နှစ်ထက်ကျော်လွန်ပြီး တာဝန်ထမ်းဆောင်နေပါက စိတ်ကူးစိတ်သန်းအသစ်များ မထွက်ပေါ်လာနိုင်တော့ပါ။ ကြိုးစားအားထုတ်မှုလည်း နည်းပါးလာမည်ဖြစ်ပါသည်။ နောက်ပိုင်းတွင် လုပ်ရိုးလုပ်စဉ်သဘောမျိုးဖြင့်သာ လုပ်ဆောင်သွားတော့မည် ဖြစ်ပါသည်။ ထိုအခါ ကြည့်ရှုနေရသောအသင်းတော်သည် ဇာတ်မျောသဘောမျိုးဖြစ်သွားနိုင်ပါသည်။ အလားတူ ပုဂ္ဂိုလ်တစ်ဦးသည် လက်ရှိရာထူးတွင် (၁၀) နှစ်ကျော်လွန်နေပါက (သို့မဟုတ်) အလားတူလုပ်ငန်းကိုဆက်လုပ်နေပါက မည်သည့်ထူးခြားချက်မှမရှိနိုင်ပေ။ တဖြည်းဖြည်းနှင့် အခွင့်အာဏာကို လက်ကိုင်အသုံးပြုသူအဖြစ် မြင်တွေ့လာရပါသည်။ ထို့ကြောင့် တိုးတက်နေသောနိုင်ငံကြီးများတွင် (၁၀)နှစ်မကျော်မီ လုပ်ငန်းအပြောင်းအလဲများ လုပ်ဆောင်ကြပါသည်။ ဥပမာအားဖြင့် ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါးသည် တစ်နေရာတည်းတွင် (၁၀)နှစ်ထက်မကျော်လွန်ဘဲ အခြားအမှုတော်လုပ်ငန်းသို့ပြောင်းရွှေ့ခြင်း၊ သာသနာပိုင်တစ်ပါးသည်လည်း (၄) နှစ်တစ်ကြိမ် သက်တမ်းနှစ်ခါယူပြီး နောက်အနားယူခြင်း (သို့) အခြားအမှုတော်လုပ်ငန်းသို့ ပြောင်းရွှေ့အမှုတော် ထမ်းဆောင်ခြင်းတို့ဖြစ်ပါသည်။ ဥပမာအားဖြင့် အဆင့်မြင့်ဓမ္မတက္ကသိုလ်များ၌ အချိန်ပိုင်းပါမောက္ခအဖြစ်လည်းကောင်း၊ အချိန်ပြည့်ပါမောက္ခအဖြစ်လည်းကောင်း အမှုတော်မြတ်ထမ်းဆောင်ကြပါသည်။ အချို့လည်း



သင်တန်းကျောင်းများတွင် သင်တန်းနည်းပြဆရာအဖြစ် ဆက်လက်အမှုတော်မြတ်ထမ်းဆောင်ကြပါသည်။ ဤအချက်များကိုအခြေခံလျက် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင်လည်း ကျောင်းအုပ်ကြီးတစ်ဦး၏ သက်တမ်းသည် (၄) နှစ်တစ်ကြိမ် သက်တမ်းဖြစ်ပြီး ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် သက်တမ်း (၂) ကြိမ် ကျောင်းအုပ်ကြီးရာထူးအဖြစ် အမှုတော်မြတ်ထမ်းဆောင်နိုင်ပါသည်။ ကျောင်းအုပ်ကြီးသက်တမ်းကုန်ပြီး နောက်အသင်းတော်၏ တာဝန်ခံဘုန်းကြီးအဖြစ်လည်းကောင်း၊ အချိန်ပြည့်ပါမောက္ခအဖြစ်လည်းကောင်း ဆက်လက်ထမ်းဆောင်နိုင်ပါသည်။

တိုးတက်နေသော တိုင်းပြည်ကြီးများတွင် အမှုတော်ဆောင်ရာထူးတစ်ခုမှတစ်ခု အပြောင်းအလဲအတွက် ခံစားပိုင်ခွင့် သီးခြားစီရှိပါသည်။ သာမန်ဘုန်းကြီးတစ်ပါးမှ သာသနာပိုင်ကြီးအဖြစ်သို့ ရာထူးအပြောင်းအလဲရှိပြီး အနားယူသောအခါ ဘုန်းကြီးဘဝတွင်ရရှိသော ရပိုင်ခွင့်နှင့် သာသနာပိုင်ကြီးဘဝတွင်ရရှိသောရပိုင်ခွင့်များစုပေါင်းလျှင် အနားယူရန် လုံလောက်သောပိုင်ဆိုင်မှုများရှိနေပါသည်။ သို့သော် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်တွင် အမှုတော်မြတ်ထမ်းဆောင်နေကြသော သာသနာ့ဝန်ထမ်းများအားလုံးသည် ထိုကဲ့သို့သော အခြေအနေမျိုးတွင် မရှိပါ။ မိမိတို့အနားယူရန်အတွက် မိမိတို့အနေဖြင့် ကြိုတင်စဉ်းစားရန်သာ လိုအပ်ပါသည်။

အနားယူရန်ပြင်ဆင်သည့် အနေဖြင့် မိမိကိုယ်ကို မိမိပြုပြင်ပြောင်းလဲတတ်ရန် အရေးကြီးပါသည်။ လက်ရှိ ဖြစ်ပေါ်နေသော ငွေကြေးအပြောင်းအလဲအပေါ်တွင်လည်း နားလည်သင့်သလောက်နားလည်ထားရန် လိုပါသည်။ ငွေကြေးကိုင်တွယ်ထိန်းသိမ်းပုံကို နားလည်တတ်ရန်လိုအပ်ပါသည်။ စာသင်ကျောင်းများ၌ ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ မည်သူမှ သင်ကြားမပေးခဲ့ပါ။ တစ်ခါတစ်ရံ အမှုတော်ဆောင်ခြင်းသည် အခကြေးငွေရဖို့ လုပ်ဆောင်နေခြင်းဟုသာ သဘောပေါက်နေကြပါသည်။ အမှုတော်ဆောင်အများစုသည် ငွေ၏ကျေးကျွန်ဖြစ်လာပြီး အသင်းတော်ခေါင်းဆောင်ကြီးများအပေါ်တွင် စိတ်ဆိုး၊ ဒေါသထွက်မှုများဖြစ်လာတတ်ပါသည်။ အမှန်စင်စစ် ငွေကြေးစီးပွားရေးပညာတွင် ဗဟုသုတနည်းပါးပြီး ဘုရားသခင်၏ကတိတော်နှင့် ကျေးဇူးတော်ကို အယုံအကြည်မရှိသောကြောင့် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ကျေးဇူးတော် မြောက်မြားစွာ ခံစားရသောအခါ တဒင်္ဂချမ်းမြေ့ပျော်ရွှင်မှုရရန် ပစ္စည်းများဝယ်ပစ်ဖို့ စဉ်းစားတတ်ကြသည်။ မိမိတို့၏ စိတ်လှုပ်ရှားမှုကို မထိန်းချုပ်နိုင်ဘဲ ထင်ရာသုံးစွဲလိုက်ခြင်းသာဖြစ်ပါသည်။ ဆုကျေးဇူးများ ခံစားလာရသည့်အခါ စဉ်းစားဉာဏ်အသုံးပြုဖို့လိုအပ်ပါသည်။ ရရှိသော ဆုကျေးဇူးများထဲမှငွေများကိုလည်း ပြန်ခိုင်းနိုင်သောနည်းလမ်းများ၊



အမှုတော်ဆောင်အများစုသည် ငွေ၏ကျေးကျွန်ဖြစ်လာပြီး အသင်းတော် ခေါင်းဆောင်ကြီးများ အပေါ်တွင် စိတ်ဆိုး ဒေါသထွက်မှုများ ဖြစ်လာတတ်ပါသည်။

အတတ်ပညာများ တတ်ထားရန်လိုအပ်ပါသည်။ ထို့အပြင် စီမံခန့်ခွဲပြီး ကြိုတင်ပြင်ဆင်ရန် လိုအပ်ပါသည်။ အသက်ရှင်သည့်အခါတိုင်း မိမိသည် မည်သည့်နေရာတွင် အားနည်းသွားပါသနည်း ဆိုသည့်အချက်ကို အမြဲတမ်း စဉ်းစားနေရမည် ဖြစ်ပါသည်။

အချုပ်အားဖြင့် အနားယူဖို့ ပြင်ဆင်သော အမှုတော်ဆောင်တိုင်းသည် အသက် (၅၀) ကျော်လာသည်နှင့်အမျှ ကျန်းမာရေးကို ယခင်ကထက် ဂရုစိုက်တတ်ရပါမည်၊ ခံစားရရှိသောဆုကျေးဇူးများကို စနစ်တကျ စီမံခန့်ခွဲတတ်ရုံမက ငွေကြေးစီးပွားရေးအသိပညာလည်း ရှိရန်လိုအပ်ပါသည်။ ငယ်ရွယ်စဉ်ကကဲ့သို့ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်ဆိုသည့် ခံယူချက်မျိုးနှင့် မလုပ်ဆောင်တော့ဘဲ စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်နှင့် အလုပ်လုပ်တတ်ရန် လိုအပ်ပါသည်။ ဆက်ကပ်မှုအရှိန်မလျော့စေဘဲ ခေါင်းကို ဦးစားပေးပြီးအလုပ်လုပ်တတ်ရန်လိုအပ်ပါသည်။ အနားယူပြီးနောက် မည်သည့်အမှုတော်ဆောင်ခြင်းကို ဆက် လက်လုပ်ကိုင်နိုင်မည်ဆိုသည်ကိုလည်း အလေးအနက်ထား၍ စဉ်းစားရန် လိုအပ်သည်။ အလုပ်လုပ်ပြီး အလုပ်ထဲတွင်နစ်၍ သေဆုံးသွားသူမဟုတ်ဘဲ တာဝန်မှရပ်နားရသောအခါ အသက်ရှည်စွာ အသက်ရှင်နိုင်ရန်နည်းလမ်းကို ရှာဖွေအသက်ရှင်သင့်ပါသည်။□





ဘုရားသခင်ရွေးကောက်ထားသော ယုံကြည်သူများအားလုံးသည် ဘုရားသခင်၏အမှုတော်လုပ်ငန်း၌ ပါဝင်ဆောင်ရွက်ရန်တာဝန်ရှိကြောင်း ဗတ္တိဇံမင်္ဂလာ၌လည်းကောင်း၊ လက်တင်မင်္ဂလာ၌လည်းကောင်း သင်ကြားခံခဲ့ရပြီးဖြစ်ပါသည်။ အချို့သူများက ဘုရားသခင်၏အမှုဆောင်ခြင်းသည် သင်းအုပ်ဆရာများ၏တာဝန်သာဖြစ်သည်ဟု နားလည်နေကြဆဲဖြစ်ပါသည်။ အမှန်မှာ ယုံကြည်သူအားလုံးတို့သည် မိမိတို့ရှိသည့်နေရာ၌ အမှုတော်မြတ်ကို မိမိထမ်းရွက်နိုင်သလောက် ထမ်းဆောင်ကြရမည်။ ကြိုးစားကြရမည်။ ဆက်ကပ်ကြရမည် ဖြစ်ပါသည်။ ဤသို့လုပ်ဆောင်ရာ၌ ဘုရားသခင်သည် ယုံကြည်သူများမှတစ်ဆင့် သူတစ်ပါးအပေါ်သို့ မိမိ၏တန်ခိုးတော်ကို သွန်းလောင်းနေကြောင်းကို နားလည်ရမည်ဖြစ်ပါသည်။



# အမှုတော်မြတ်ထမ်းဆောင်ရန် အသစ်ပြုပြင်ဖို့ လိုအပ်ခြင်း

ဘုန်းတော်ကြီးဒေါက်တာရှိမုန်ဘီဘင်ထူး

ထို့ကြောင့် ဘုရားသခင်၏အမှုတော်မြတ်ကိုထမ်းဆောင်သည့်အခါ ဘုရားသခင်၏ကတိတော်များနှင့်အညီ အကောင်အထည်ဖော်ပြီး လုပ်ဆောင်တတ်ရန် အလွန်အရေးကြီးပါသည်။ (ဖိလိပ္ပိ ၂း၁၃) တွင် ရှင်ပေါလုက "အကြောင်းမူကား သင်တို့သည် အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း" ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် အမှုတော်မြတ်ထမ်းဆောင်ရန်အတွက် ယုံကြည်သူများအားလုံးသည် အသစ်ပြုပြင်ရန် လိုအပ်သည်ဟု ထင်ပါသည်။

အသစ်ပြုပြင်ခြင်းဆိုသည်မှာ ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လူ၏စိတ်ဝိညာဉ်ကို ထင်ရှားသိသာအောင် ပြောင်းလဲပေးသဖြင့် ဘုရားနှင့်ဝေးကွာစေသည့် ဒုစရိုက်၏ကျွန်အဖြစ်မှ သဘောပြောင်းလဲ၍ဘဝသစ်ရ ပြီးလျှင် သန့်ရှင်းမြင့်မြတ်သောစိတ်စေတသိက်တို့သာရှိပြီး တဖြည်းဖြည်း အသက်ရှင်ခြင်းသည်က ဘဝ၌တိုးတက်ပြီးလျှင် နောက်ဆုံး၌ ခရစ်တော်နှင့် လုံးလုံးအသွင်တူလာ ခြင်းကို ဆိုလိုသည်။ အသစ်ပြုပြင်ခြင်းဆိုသည်မှာ အသစ်ဖွားမြင်ခြင်း၊ ဒုတိယအကြိမ်မွေးဖွားခြင်းနှင့်လည်း အဓိပ္ပာယ်တူညီပါသည် (မဿဲ ၁၉း၂၈၊ တိတု ၃း၅)။ အခြားအဓိပ္ပာယ်မှာ အရာခပ်သိမ်းအသစ်ဖြစ်၍ ပြည့်စုံသော အခြေအနေများကို ဆိုလိုသည် (တမန် ၃း၂၁၊ ၂ပေ ၃း၁၃)။ အသစ်ပြုပြင် ခြင်းတွင် လူ၏အကျင့်စာရိတ္တသည် အရေးအကြီးဆုံး အခြေခံဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားပါသည် (ဆာလံ ၅၁း၁၀-၁၁)။

အသစ်ပြုပြင်ခြင်းနှင့်ပတ်သက်၍ လူ၏စိတ်ခန္ဓာ ပြောင်းလဲသွားပြီး ရုပ်ပိုင်းဆိုင်ရာပါ အသွင်ထူးခြားလာခြင်းကို ဆိုလိုပါသည်။ တစ်နည်းအားဖြင့် လူ၏စိတ်နေစိတ်ထားများသည် ဘုရားသခင်၏စိတ်တော်၊ အကြံအစည်တော်နှင့် ထပ်တူထပ်မျှဖြစ်နေခြင်းကိုဆိုလိုပါသည်။ ဘုရားသခင်၏သဘောသဘာဝ လုံးလုံးလျားလျားဝင်စား၍ အရာခပ်သိမ်းကို ဘုရားသခင်ကြည့်ရှုတော်မူသကဲ့သို့ ကြည့်မြင်နိုင်ခြင်း၊ ဝေခွဲတော်မူသကဲ့သို့ဝေခွဲနိုင်ခြင်း၊ အာရုံပြုတော်မူသမျှကို အာရုံပြုနိုင်ခြင်း၊ ဆုံးဖြတ်တော်မူသကဲ့သို့ ဆုံးဖြတ်နိုင်ခြင်း၊ နှစ်သက်တော်မူသကဲ့သို့နှစ်သက်ခြင်း၊ ရွံရှာတော်မူသကဲ့သို့ ရွံရှာခြင်း၊ မိမိအလိုဆန္ဒကိုပျောက်၍ ဘုရားသခင်အလိုတော်ကိုသာ ရှာဖွေလိုက်နာခြင်း ရှိသည့်သဘောကိုလည်း ခေါ်ဆိုပါသည်။ အသစ်ပြုပြင်ခြင်းသည် လူ၏ကိုယ်ခန္ဓာ၊ စိတ်ခန္ဓာနှင့်ဝိညာဉ်ခန္ဓာတို့ ပြောင်းလဲသွားရမည်ဖြစ်သောကြောင့် လူ့အစွမ်းသတ္တိနှင့် ဖြစ်နိုင်မည်မဟုတ်ကြောင်း ထင်ရှားပါသည်။ သို့သော် ဘုရားသခင်၏ တန်ခိုးတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့၏ အမအစအားဖြင့် ဖြစ်နိုင်ကြောင်း ရှင်ပေါလုက သက်သေခံထားပါသည် (၂ကော ၅း၁၇)။

ဓမ္မဟောင်းခေတ်ကာလ၌ ဘဝအသက်တာ အသစ်ပြုပြင်ရန်အတွက် သန့်ရှင်းရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။ ဓမ္မဟောင်းကျမ်းထဲတွင် ဘုရားသခင်အမှုတော်ဆောင်ရန် သီးသန့်ရွေးချယ်ထားခြင်းခံရသည့် အခြေအနေကို သန့်ရှင်းခြင်းဟုခေါ်ပါသည်။ ယဇ်ပုရောဟိတ်တို့သည် ဘုရားသခင်အတွက် အမှုတော်ထမ်းဆောင်ရန် သီးသန့်ရွေးချယ်ခံရသူများဖြစ်၍ သန့်ရှင်းရမည်ဖြစ်ပါသည် (ထွက် ၂၈း၄၁၊ ၂ ရာဇဝံသ ၅း၁၁)။ ထို့အပြင် သန့်ရှင်းသောဗိမာန်တော်တွင် သန့်ရှင်းသောယဇ်ပုရောဟိတ်တို့လက်ဖြင့် ပူဇော်သက္ကာများကို ဆက်ကပ်နေခြင်းထက် သန့်ရှင်းသောအကျင့်စာရိတ္တနှင့် စိတ်နေသဘောထားတို့သာလျှင်အရေးကြီးကြောင်း ပရောဖက်ကျမ်းများကဖော်ပြထားပါသည် (မိက္ခာ ၆း၆-၈) တစ်နည်းအားဖြင့် ဘုရားသခင်အမှုတော်မြတ်ထမ်းဆောင်ရန် သီးသန့်ရွေးချယ်ခြင်းခံရသော လူပုဂ္ဂိုလ်များတို့သည် စိတ်နေသဘောထားသန့်ရှင်းဖြူစင်ရန်လိုအပ်ကြောင်းထင်ရှားပါသည်။ သခင်ယေရှုကလည်း စိတ်နေသဘောထားဖြူစင်၍ အသစ်ပြုပြင်ခြင်းရှိကြရန် အထူးလိုအပ်ကြောင်း ဖော်ပြခဲ့ပါသည်။ အစာရှောင်ခြင်း၊ ဆုတောင်းခြင်း၊ ဆယ်ဖို့တစ်ဖို့ပေးလှူခြင်း၊ ပညတ်တရားများကို အသေးစိတ်စောင့်ရှောက်ခြင်းအစရှိသော အကျင့်သီလများတို့သည် စိတ်နေသဘောထားမှန်ကန်ခြင်းနှင့်သက်ဆိုင်မှုမရှိဘဲ မိမိအတ္တကိုသာ ထင်ရှားစေကြသည့် ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့ကို သခင်ယေရှုက





ပြင်းထန်စွာ ဆုံးမခဲ့ပါသည် (မဿဲ ၅း၁-၇၊ ၃း၂၃-၂၈)။

ရှင်ပေါလုကလည်း အသစ်ပြုပြင်ခြင်း၌ကျင်လည်ကြရန် လူဟောင်းတည်းဟူသော အကျင့်ဟောင်းများကို မြှုပ်နှံပြီး အသစ်ပြုပြင်ခြင်းနှင့်ဆိုင်သော အသက်ရှင်ခြင်း၊ သန့်ရှင်းခြင်းလက္ခဏာနှင့်ပြည့်စုံသောယဇ်ကောင်အဖြစ် မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်သရန်ဖြစ်ကြောင်း သွန်သင်ခဲ့ပါသည်။ ထို့အပြင် အတွင်းသဘောပြောင်းလဲခြင်းကိုသာ အလေးဂရုပြု၍ ဝိညာဉ်ပကတိအတိုင်း၊ အသက်ရှင်သွားကြရန်လည်း တိုက်တွန်းထားပါသည် (ဂလာတိ ၅း၁၆၊၂၅)။ လူဟောင်းကို အဝတ်ဟောင်းကဲ့သို့ ချွတ်ပစ်၍ လူသစ်ကိုယူတင်ဝတ်ဆောင်ခြင်း (သို့မဟုတ်) အသစ်ပြုပြင်ခြင်းအားဖြင့် အသက်တာကို ဘုရားသခင်ထံ ဆက်ကပ်သွားရန် ရှင်ပေါလုက တိုက်တွန်းထားပါသည် (ကောလော ၃း၉၊ ဖေက် ၄း၂၂-၂၄)။

ယနေ့ ပြောင်းလဲနေသောကမ္ဘာကြီးတွင် ဘုရားသခင်၏အမှုတော်မြတ်ကိုထမ်းဆောင်ရန် (သို့) ဘုရားသခင်၏တန်ခိုးတော် အုပ်စိုးလျက်ရှိကြောင်းကို သက်သေပြနိုင်ရန်၊ မိမိတို့၏အသက်တာများကို အသစ်ပြုပြင်၍ ဆက်ကပ်ကြရန် ဘုရားသခင်အလိုရှိနေပါသည်။ အသစ်သောအသက်တာဖြင့် ဘုရားသခင်၏အမှုတော်မြတ်ကို ထမ်းဆောင်ခဲ့သော ရှင်ပေါလု၏အသက်တာကို အတုယူနိုင်ပါသည်။ ရှေးလွန်လေပြီးသော အသင်းတော်ဖခင်ကြီးများ၏အသက်တာကို စံနမူနာအဖြစ် ယူသင့်ပါသည်။ သို့ဖြစ်ပါ၍ ဘုရားသခင်အတွက်အသုံးဝင်မည့် အမှုတော်ဆောင်ခြင်း၏ ပထမခြေလှမ်းမှာ မိမိတို့၏အနေအထားကို ဘုရားသခင်အားဖြင့် အသစ်ပြုပြင်ရန် လိုအပ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကို အကြွင်းမဲ့ယုံကြည်လက်ခံရပါမည်။ ဘုရားသခင်ကို အကြွင်းမဲ့ယုံကြည်လက်ခံသောအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်သည် ယုံကြည်သူများအထဲတွင် အလုပ်လုပ်လျက်ရှိပါမည်။ ထိုအခါ ဘုရားသခင်သည် အသစ်ပြုပြင်ပြီးဖြစ်သော ယုံကြည်သူများအနေဖြင့် သူ၏အမှုတော်မြတ်ကို ဆောင်ရွက်စေမှာဖြစ်ပါသည်။ အမှုတော်ဆောင်လုပ်ငန်းကိုလည်း အောင်မြင်စေမည် ဖြစ်ပါသည်။❑

အကျင့်ဟောင်းများကို
မြှုပ်နှံပြီး
အသစ်ပြုပြင်ခြင်းနှင့်ဆိုင်သော
အသက်ရှင်ခြင်း၊
သန့်ရှင်းခြင်းလက္ခဏာနှင့်
ပြည့်စုံသောယဇ်ကောင်အဖြစ်
မိမိကိုယ်ခန္ဓာကို
ဘုရားသခင်အား
ဆက်သရန်ဖြစ်ကြောင်း
သွန်သင်ခဲ့ပါသည်။



(၁ ကော ၁၃း၃-၄)

သခင်ခရစ်တော် လောကတွင် (၃၃) နှစ်တာ အသက်ရှင်စဉ်ခါ၊ လူသားများအားလုံးကို ပေါင်းသင်းဆက်ဆံတဲ့အခါ မေတ္တာတရားကိုအသားပေးပြီး နေထိုင်ကျင့်ကြံဖို့ ကျွန်မတို့ကိုသွန်သင်ပေးခဲ့ပါတယ်။ သခင်ခရစ်တော်က လူသားအားလုံးအတွက် အသက်ကိုစွန့်ပြီး မေတ္တာပြခဲ့ခြင်းသည် လူသားအချင်းချင်း ချစ်ခြင်းမေတ္တာဖြင့်ပြည့်ဝသောအသက်တာကို ရယူပိုင်ဆိုင်ဖို့ဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာအားဖြင့် ဘုရားသခင်ရဲ့အလင်းကို ပိုမိုထွန်းလင်းစေဖို့ဖြစ်ပါတယ်။ ကျွန်မ တောကျောင်းကနေပြီး ရန်ကုန်ကို ပြန်လာမယ့်ရက်မှာ ဖြစ်ပါတယ်။ ဖျာပုံသင်္ဘောကိုစောင့်ရင်း ကမ်းနဖူးပေါ်မှာ ဘုရားသခင်ရဲ့ဖန်ဆင်းခြင်းလက်ရာအကြောင်းနှင့် လူသားများဟာ ဝမ်းရေးအတွက် သွားလာလှုပ်ရှားနေတဲ့မြင်ကွင်းကို စိတ်ဝင်စားနေမိရင်း . . .။ "လာပြီ၊ သင်္ဘောလာနေပြီ" ဆိုတဲ့အသံကြောင့် အတွေးကိုဖြတ်၊ အထုပ်ကိုဆွဲပြီး ဖျာပုံသင်္ဘောပေါ် တက်လိုက်ပါတယ်။ ခြေချစရာနေရာမရှိလောက်အောင် ကျပ်နေပါတယ်။ ချွေးတွေ တဒီးဒီးကျပြီး မတ်တပ်ရပ်ဖို့ နေရာတစ်နေရာစာကို ရှာဖွေမိပါတယ်။ "တွေ့ပါပြီ" . .၊ ငရုတ်သီးအိပ်များ၊ ပန်းခြင်းများ၊ ဆန်အိတ်များကြားမှာ နေရာတစ်နေရာ ရလိုက်ပါတယ်။ ကျေးဇူးတော်ပါပဲ။ အိမ်သာနဲ့မနီးမဝေးမှာမို့ သည်းခံပြီး စီးလာရပါတယ်။ ဒီလောက်ကျပ်တဲ့သင်္ဘောကြီး တရွေ့ရွေ့ထွက်ခွာလာပါပြီ။ ကျွန်မ မတ်တပ်ရပ်တဲ့နေရာဟာ ထင်းရှူးသေတ္တာတွေကြားမှာဖြစ်ပါတယ်။ ပိတ်လှောင်ပြီး အသက်ကိုမနည်းရှူနေရပါတယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့နှာခေါင်းပေါက်တည့်တည့်က အထုပ်လေးတစ်ထုပ်ကိုတွေ့ရပါတယ်။ နွမ်းပါးညစ်ထေးတဲ့ ပုဆိုးပိုင်းလေးနဲ့ထုပ်ထားတဲ့ အထုပ်လေးတစ်ထုပ်။ ကျွန်မ ဘေးကိုဖယ်လိုက်ပါတယ်။ အနံ့အသက် သိပ်မကောင်းလို့ ရွှေ့လိုက်ပါတယ်။ ပြီးတော့ ကျွန်မမတ်တပ်ရပ်နေတဲ့ ခြေထောက်အောက်ကိုငုံ့ကြည့်လိုက်တဲ့အခါ အင်မတန်မှ စုတ်ပြတ်နေတဲ့ ဆွဲခြင်းတစ်လုံးထဲမှာ ကြေးမုန်းကြိုးပေါင်းများစွာနဲ့ ဖျာကွက်ထားတဲ့ ဓာတ်ဘူးအစုတ်တစ်လုံးနဲ့ မည်းညစ်နေတဲ့ လက်ဖက်ရည်ခွက်တစ်ခု၊ ပြီးတော့ ကလေးငယ်ရဲ့ငိုသံကြားလိုက်တဲ့အခါမှာ ကိုယ်ပေါ်မှာ အကျႌမပါ၊ ဘောင်းဘီကတော့ အဖာတစ်ရာလောက်ရှိတဲ့ မည်းညစ်နေတဲ့ ကလေးငယ်ရဲ့ခန္ဓာကိုယ်၊ အဲဒီကလေးကိုချီထားတဲ့ ကလေးငယ်ရဲ့မိခင်ဝတ်ထားတဲ့ထမီက တစ်ဝက်ကအပြဲ၊ တစ်ဝက်ကအဖာ၊ ကလေးအမေနားမှာ







ထိုင်နေတာက မျက်လုံးတစ်ဖက်တိမ်ဖုံးနေသောဖခင်ကြီး နှင့် နောက်ထပ်ကလေးနှစ်ယောက် . . ။ ကျွန်မ အရမ်းစိတ်ဝင်စားသွားပြီ။ ဒီမိသားစုက ကျွန်မနှလုံးသားကိုဆွဲခါသွားပြီ။ ကျွန်မ မျက်စိမမှိတ်မိအောင် ကြည့်နေတယ်။ ဖခင်ဖြစ်သူက မိသားစုတွေကိုခေါ်ပြီး အနားမှာထိုင်ခိုင်းပါတယ်။ ပြီးတော့ ကျွန်မအစောတုန်းက နှာခေါင်းနားမှာရှိတဲ့ပုဆိုးထုပ်လေးကိုလှမ်းယူလိုက်တယ်။ ပြီးတော့ အထုပ်လေးကိုဖြေလိုက်ပါတယ်။ ဖွင့်လိုက်ပြီ။ "ဟော အရမ်းအံ့သြသွားတယ်" ပုဆိုးထဲကထမင်းကို အရောင်တွေပျက်ပြီး ကြွေတွေကွာနေပြီဖြစ်တဲ့ ပန်းကန်လေးထဲကို ညီညီမျှမျှ ထည့်ထားလိုက်ပါတယ်။ ပြီးတော့ ပလပ်စတစ်ဘူးထဲက ငါးခြောက်နဲ့ ငရုတ်သီးလှော်ထားတဲ့ဟင်းလေးကို အညီအမျှပုံပေးထားတယ်။ ပြီးတော့ ပျော်ရွှင်စွာနဲ့ ထမင်းကို မြိန်ရေယှက်ရေစားနေတာကို ကျွန်မ မမှိတ်မသုန်ကြည့်နေရင်းက မျက်ရည်တစ်ပေါက်ဟာ ပါးပြင်ပေါ်က စီးကျလာပါတယ်။ ကျွန်မ ဟန်မဆောင်နိုင်တော့ပါ။ ဘာမှမရှိတဲ့ ထမင်းဝိုင်း၊ ဒီလောက်နံချာတဲ့ သူတို့ရဲ့မိသားစုဟာ မေတ္တာကတော့ ပြည့်လျှံနေတာကိုတွေ့ရလို့ ကျွန်မတို့ခရစ်ယာန်တွေအတွက် ဘဝသင်ခန်းစာယူစရာဖြစ်နေပါတယ်။ အဲဒီနောက်တော့ ကျွန်မ အရမ်းစိတ်ဝင်စားတဲ့အတွက် သူ့ရဲ့သားလေးကို ကျွန်မခေါ်ပြီးတော့ မုန့်ဝယ်ကျွေးပါတယ်။ ကျွန်မအသိချင်ဆုံးမေးခွန်းကို ကျွန်မမေးမိပါတယ်။

"သားတို့ ဘယ်မှာနေတာလဲ။"

"သားတို့က ဟင်္သာတမှာနေပါတယ်။ တွံတေးကိုလာပြီး ကောက်စိုက်ပျိုးနုတ် လာလုပ်တာပါ။"

"သားအဖေက အရက်သောက်တတ်သလား"

"သားအဖေက အရက်လည်းမသောက်ဘူး။ ဆေး လိပ်လည်း မသောက်ဘူး၊ ကွမ်းလည်း မစားပါဘူး။"

"သားအမေနဲ့အဖေ ရန်ဖြစ်ဖူးသလား။ ရိုက်ဖူးသလား၊"

"သားအဖေနဲ့အမေက တစ်ခါမှရန်မဖြစ်ဖူးပါဘူး။ တစ်ခါမှလည်း မရိုက်ဖူးဘူး။"

သားတို့က ဟင်္သာတမှာနေပါတယ်။ တွံတေးကိုလာပြီး ကောက်စိုက် ပျိုးနုတ် လာလုပ်တာပါ။

ကျွန်မ အရမ်းအံ့သြမိပါတယ်။ အရမ်းလေးစားသွားပါတယ်။ ဒီလောက်ဆင်းရဲပြီး ဘဝမှာ ခက်ခဲကြမ်းတမ်းတာတောင်မှ ဘဝအသိဖြစ်တဲ့ အရက်မသောက်ခြင်း၊ ဆေးလိပ်မသောက်ခြင်း၊ အိမ်ထောင်မိသားစုကို ချစ်ခြင်းမေတ္တာနဲ့ ထိန်းသိမ်းကြည့်ရှုနိုင်တာကို ကျွန်မ အရမ်းဂုဏ်ယူချီးကျူးမိပါတော့တယ်။ ယနေ့ ကျွန်မတို့မျက်စိဟာ ဘုရားသခင်က မြင်နိုင်အောင်ဖန်ဆင်းထားတာဖြစ်တဲ့အတွက် မြင်ရတဲ့အရာဟာ ဘဝအတွက် သင်ခန်းစာဖြစ်နေသည် သာမက သူတစ်ပါးအား ပြန်လည်ဝေမျှဖို့ သင့်ပြီ။ ယနေ့ ကျွန်မတို့ ယုံကြည်သူခရစ်ယာန်များဟာ အထက်မှာ ဖော်ပြတဲ့ မိသားစုကဲ့သို့ ဆင်းရဲခြင်း၊ ခက်ခဲခြင်းများကို တွေ့ကြုံနေရသော်လည်း တစ်ဦးအပေါ်တစ်ဦး နားလည်ခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာရှိခြင်းအားဖြင့် အိမ်ထောင်အသက်တာမှာ ဘုရားသခင်ရဲ့မေတ္တာကိုထင်ရှားပြသနိုင်တဲ့ အိမ်ထောင်များဖြစ်ဖို့ အင်မတန် လိုအပ်နေပြီ။ ဒါကြောင့် ခရစ်တော်ကိုမသိတဲ့မိသားစုတောင် ဒီလောက်ခက်ခဲဆင်းရဲခြင်းကြားမှာ မေတ္တာတရားနဲ့ အသက်ရှင်နေထိုင်နိုင်ရင် ကျွန်မတို့လို ခရစ်တော်ကိုယုံကြည်ပါတယ်ဆိုတဲ့ ခရစ်ယာန်အိမ်ထောင်မိသားစုများအနေနဲ့ ဘယ်လိုရှေ့ဆက်အသက်ရှင်နေမယ်ဆိုတာကိုတွေးရင်း . . .။ ❑

"…အကြောင်းမူကား ဒုက္ခဆင်းရဲသည် သည်းခံခြင်းကို ပြုစုတတ်၏။ သည်းခံခြင်းသည်လည်း သက်သေထင်ရှားခြင်း ပြုစုတတ်၏" (ရောမ ၅း၁-၅)။

ကျမတို့လျှောက်လှမ်းနေတဲ့ အသက်တာတိုင်းမှာ ပြဿနာတွေ၊ အခက်အခဲတွေကို နေ့စဉ်နဲ့အမျှကြုံတွေ့နေရတတ်ကြပါတယ်။ လူမှုဆက်ဆံရေးတွေမှာလည်း တစ်ခါတစ်ရံမှာ စိတ်ဒုက္ခတွေကြုံတွေ့ရတတ်ပါတယ်။ ဒီလိုအခါမျိုးတွေမှာ ကျွန်မတို့အနေနဲ့ ဘယ်လိုသည်းခံပြီးတော့ ဒီအရာတွေဘယ်လိုကျော်ဖြတ်ကြမလဲ။ ဒီတော့ သည်းခံခြင်းနဲ့ပတ်သက်လို့ ကျွန်မအနေနဲ့ ဘာတွေလိုအပ်သလဲ ဆိုတာကို စဉ်းစားဆင်ခြင်ကြည့်ကြရအောင်။



# နေ့စဉ်အသက်တာ သည်းခံခြင်းဖြင့် လျှောက်လှမ်းပါ

မေဖြူစင်

**(၁) သည်းခံခြင်းမရှိသောအသက်တာ၏ အကျိုးဆက်များ**

လူတိုင်းနီးပါးရဲ့ နှုတ်ဖျားကနေ သည်းခံရမယ်။ သည်းခံသင့်တယ်လို့ ပြောဖြစ်ကြတယ်။ လူတစ်ယောက်ဟာ ဘယ်အတိုင်းအတာအထိ သည်းခံနိုင်ကြမလဲ။ ကျွန်မကိုယ်တိုင်က ကျောင်းတက်တုန်းကဆိုရင် ကိုယ့်ကို တစ်ခွန်းလာပြောရင် ကိုယ်ကနှစ်ခွန်းပြန်ပြောရမှ ကျေနပ်တယ်။ မတော်တဆ ကိုယ့်ကိုတိုက်မိရင်လည်း သူ့ကို ပြန်တိုက်လိုက်ရမှကျေနပ်တယ်။ ဒါက အသေးအဖွဲ့ကိစ္စလေးတွေမှာ သည်းမခံကြတဲ့အမှုတွေပါ။ ဒါတွေကိုကြည့်ခြင်းအားဖြင့် လူသားတွေဟာ အတ္တဖုံးလွှမ်းနေတတ်ကြပါတယ်။

ဓမ္မဟောင်းကာလ မောရှေလက်ထက်မှာဆိုရင်လည်း မောရှေကို ဘုရားသခင်က သူ့ရဲ့လူမျိုးတော်တွေဖြစ်တဲ့ ဣသရေလတွေကို ကျွန်ခံရာအဲဂုတ္တုပြည်ကနေ နို့နဲ့ပျားရည်စီးတဲ့ခါနာန်ပြည်ကို သွားဖို့ဦးဆောင်ခိုင်းတယ်။ သူ့ရဲ့လူမျိုးတော်တွေလိုက်နာဖို့အတွက် ပညတ်တော်ကိုပေးဖို့ သိနာတောင်ပေါ်ကိုခေါ်လိုက်တယ်။ တောင်ပေါ်ကနေပြန်ဆင်းလာတဲ့အခါ စည်းကမ်းပျက်ပြားနေတဲ့လူထုကိုတွေ့မြင်တော့ သူ့ရဲ့ဒေါသစိတ်တွေ ဖုံးလွှမ်းသွားပြီး ဘုရားသခင် အသေအချာစီမံပေးလိုက်တဲ့ ပညတ်တော်ကျောက်ပြားနှစ်ချပ်ဟာလည်း ကျကွဲခဲ့ရပါတယ် (ထွက် ၃၂)။ နွေရာသီကျမ်းစာသင်တန်းက သီချင်းလေးတစ်ပုဒ်ကိုတောင် သတိရမိသေးတယ်။ မောရှေအကြောင်းစပ်ဆိုထားတာပါပဲ။ "လူမျိုးတော်ကိုကယ်ထုတ်ဖို့ မောရှေကိုအသုံးပြုခဲ့တယ်။ ခါနာန်ပြည်ကိုဝင်စားရတဲ့အခါမှာ မောရှေမပါဝင်ခဲ့ပါဘူး။ သူဘဝင်မြင့်နေလို့ပါတဲ့။ လူမျိုးတော်တွေ ရေငတ်တော့ ဘုရားသခင်က ကျောက်ကိုတို့လိုက်ပါလို့ပြောတယ်။ ဒါပေမဲ့ စိတ်ဆိုးပြီး ကျောက်ကို တောင်ဝှေးနဲ့ ရိုက်လိုက်တယ်" စသည်ဖြင့် စပ်ဆိုထားတယ်။ ယေ်စဉ်ကဆိုခဲ့ပေမယ့် အဓိပ္ပာယ်ကိုသေချာနားမလည်ခဲ့ပါဘူး။ တကယ်တမ်းလူ့ဘောင်လောကထဲကို အခြေပြုစလှမ်းလာတဲ့အခါမှာ တဖြည်းဖြည်း ဆင်ခြင်ရင်းနဲ့ နားလည်လာခဲ့ပါတယ်။ ထိန်းသိမ်းထောင်ပေါင်းများစွာသောလူအုပ်ကြီးကို ဦးဆောင်ရတာဟာ အလွန်ကို တာဝန်ကြီးမားလှပါတယ်။ ပြီးတော့လည်း ဘုရားသခင်ခိုင်းတဲ့အရာတွေကိုလည်း သူအကောင်းဆုံး ဆက်ကပ်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ပြည်တော်ကို အမွေမခံခဲ့ရပါဘူး။ ဘာကြောင့်လဲဆိုရင် ဘဝင်မြင့်တဲ့စိတ်၊ သည်းမခံတတ်တဲ့စိတ်တွေကြောင့် သူ ကောင်းချီးမခံစားခဲ့ရပါဘူး။

**(၂) သည်းခံခြင်းရှိသောအသက်တာ၏အကျိုးကျေးဇူး**

ကျမတို့ ဓမ္မဟောင်းကျမ်းထဲမှာဆိုရင် (က ၃၅) မှာ ယောသပ်အကြောင်းကိုတွေ့ရမှာဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက မောင်နမထဲမှာ ဖခင်ရဲ့မေတ္တာကို ထူးခြားစွာကတည်းက မောင်နမတွေရဲ့ မနာလိုမုန်းတီးမှုကိုခံစားရကတည်းက မောင်နမတွေရဲ့ မနာလိုမုန်းတီးမှုကို ခံစားရကတည်းက ...

ဖတ်ရှုမှတ်သားရပါတယ်။

(သုတ္တံ ၁၆း၁၈-၁၉) "မာနသည် ပျက်စီးခြင်းအရင်၊ ထောင်လွှားသောသဘောသည် ရှုတ်ချခြင်းအရင် ဥနေရာကျတတ်၏။ စိတ်နှိမ့်ချသောသူတို့နှင့် ပေါင်းဘော်၍ စိတ်နှိမ့်ချခြင်းသည် မာနကြီးသောသူတို့နှင့် ဆက်ဆံ၍ လုယူသော ဥစ္စာကို ဝေမျှခြင်းထက် သာ၍ ကောင်း၏" လို့ ဖော်ပြထားပါတယ်။

ဓမ္မသစ်ကျမ်းထဲမှာဆိုရင် သခင်ယေရှုရဲ့အသက်တာကို ဖတ်ရှုဆင်ခြင်နိုင်ပါတယ်။ စုံစမ်းနှောင့်ယှက်ခြင်းမှန်သမျှကို သည်းခံခွင့်လွှတ်လျက် နှုတ်ကပတ်တော်အားဖြင့် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့တာကို တွေ့ရပါတယ်။ နောက်ဆုံး ကားစင်တင်ပြီး နာကျင်တဲ့ဝေဒနာကြားက "အိုအဖ ဤသူတို့မသိဘဲ ပြစ်မှားမိသောအပြစ်ကို ခွင့်လွှတ်ပါ" တဲ့။ သူ့ကို နှိပ်စက်ခဲ့တဲ့လောကလူသားတွေအတွက် ခွင့်လွှတ်ပေးဖို့ သူ့ရဲ့ ခမည်းတော်ဘုရားထံမှာတောင်းလျှောက်ပေးခဲ့တယ်ဆိုတာ တွေ့ရပါတယ်။

ကျမတို့ တစ်ယောက်နဲ့တစ်ယောက် ပဋိပက္ခဖြစ်ရင် ပြောလေ့ပြောထရှိတတ်တဲ့စကားတစ်ခွန်းရှိပါတယ်။ အဲဒါကတော့ "သည်းခံလိုက်ပါကွယ်၊ သည်းခံပေးပါကွယ်"။ အဲဒီအခါမှာ အပြောခံလိုက်ရတဲ့သူက စိတ်မသက်မသာနဲ့ ခံစားပြီး ကျန်ခဲ့ရမှာပါ။ ဘာသာပြန်ဝတ္ထုထဲကအဖြစ်အပျက်လေးကို ပြန်လည်ဝေမျှလိုပါတယ်။ အဲဒီထဲက ဇာတ်ကောင်က ကုန်တိုက်တစ်ခုက မန်နေဂျာတစ်ယောက်။ သူ့ရဲ့အလုပ်က သူ့ကုန်တိုက်မှာလာတဲ့သူတွေနဲ့ အရောင်းစာရေးတွေနဲ့ အခြားဝန်ဆောင်မှုတွေမှာ ပြေလည်မှုမရှိရင် ဝယ်သူတွေကျေနပ်အောင် ဖြေရှင်းပေးရတယ်။ တစ်နေ့ သူ့ကုန်တိုက်ဖွင့်ချိန်မရောက်သေးလို့ အပြင်မှာ လူတွေတန်းစီနေပြီ။ ဂိတ်စောင့်ကလည်း ကိုးနာရီမထိုးသေးလို့ မဖွင့်ပေးနိုင်ဘူးလို့ ပြောတယ်။ အချိန်လည်းကျရော တိုးဝှေ့နေတဲ့လူအုပ်ကြီးကို အသိမပေးဘဲ တံခါးကိုဖွင့်လိုက်တဲ့အခါမှာ အမျိုးသမီးတစ်ယောက်က လဲကျပါလေရော။ အဲဒီမှာ အမျိုးသမီးက ထုံးစံအတိုင်း ရန်ထောင်တော့တာပေါ့။ ဂိတ်စောင့်ကလည်း ရိုင်းရိုင်းစိုင်းစိုင်းပြန်ပြောတဲ့အခါမှာ အကြီးအကျယ်စကားများပြီး နောက်ဆုံးမန်နေဂျာဆီရောက်သွားတယ်။ ဒါနဲ့ပဲ မန်နေဂျာက သည်းခံပေးပါဗျာ။ နောင်ကို ဒါမျိုးမဖြစ်စေရပါဘူး။ သူ့အနေနဲ့ နောင်ကိုဆင်ခြင်နိုင်အောင် အပြစ်ပေးပါ့မယ်လို့တောင်းပန်တော့မှ အမျိုးသမီးလည်းထွက်သွားတယ်။ ဒါနဲ့ သူလည်း သက်ပြင်းရှည်ကြီးကိုချပြီး ထိုင်လိုက်ချိန်မှာပဲ သူ့ဆီကို ဖုန်းဝင်လာတယ်။ အသံရှင်ကလည်း ရင်းနှီးနေကျအသံမဟုတ်။ ဖုန်းထဲမှာ သူ့ကိုဘာပြောလဲဆိုတော့ ခင်ဗျားဒီလောက်ကောင်းတဲ့အိမ်ကြီးကို ဘာလို့ရောင်းပစ်တာလဲ။ ခင်ဗျားရောင်းမယ်ဆိုတာသိရင် ကျွန်တော်ဝယ်မှာပေါ့ဗျာလို့ ဆိုတယ်။ ဒါနဲ့ သူက ခင်ဗျားမဟုတ်







F-10A

တာတွေ မပြောနဲ့။ ကျွန်တော့်အိမ်ကို ရောင်းရလောက်အောင် ကျွန်တော်မမွဲဘူးဗျလို့ ဒေါသနဲ့ ပြန်ဖြေတယ်။ တစ်ဖက်ကလည်း ဟုတ်ပ့ါမလား။ ဒါဆိုရင် အခု ခင်ဗျား အိမ်ကို ဘာလို့လာဖျက်နေကြတာလဲလို့လည်း ပြောရော သူမျက်လုံးပြူးသွားတယ်။ နောက်ဆုံး သူကပဲ ဒေါသနဲ့ ကျုပ်အလုပ်ရှုပ်နေတယ်။ ကျုပ်ကို မနှောင့်ယှက်ပါနဲ့လို့ ပြောပြီး ဖုန်းချလိုက်တယ်။ နောက်ပြီး သူ့အိမ့်ကို ပြန်ပြေးသွားတယ်။ အိမ်ရောက်တယ်ဆိုရင်ပဲ သတင်းရထားတဲ့အတိုင်း သူမြင်ရတော့ အရမ်းဒေါသထွက်သွားပြီး တစ်ဆက်တည်းမှာပဲ "ရပ်ကြစမ်း မင်းတို့ ငါ့အိမ်မှာ ဘာလုပ်ကြတာလဲ" လို့မေးလိုက်တယ်။ အဲဒီအချိန်မှာ တစ်ဖက်ကလည်း ကျွန်တော်တို့ကုမ္ပဏီရဲ့အကြွေးမပေးနိုင်လို့ လာသိမ်းတာလို့ဆိုပြီး အကြွေးစာရင်းတွေထုတ်ပြတယ်။ အဲဒါနဲ့ သူက မင်းတို့လိပ်စာက ဘယ်မှာလဲလို့မေးတော့ သူတို့က လိပ်စာကိုပြောတော့ လိပ်စာမှားနေတယ်။ မင်းတို့သိမ်းရမယ့်အိမ်က ဒီအိမ်နဲ့သုံးလုံးကျော်မှာရှိတဲ့အိမ်ကွလို့ ဒေါသတကြီးနဲ့ ပြောလိုက်တယ်။ ဒါနဲ့ အဲဒီလူတွေကလည်း ကုမ္ပဏီကိုဖုန်းဆက်ပြီး မန်နေဂျာလိုက်လာတဲ့အခါ အဲဒီအိမ်ပိုင်ရှင်ကို ကျေနပ်တဲ့အထိ တောင်းပန်တယ်။ ပျက်စီးသွားတဲ့အရာတွေကိုလည်း အစားထိုးအသစ်ပြုပြင်ပေးတယ်။ ဒါပေမဲ့ သူက မကျေနပ်နိုင်ဘဲ မင်းတို့ကုမ္ပဏီကို တရားစွဲမယ်။ ငါ့ကိုအသရေဖျက်မှုနဲ့ မင်းတို့ကို တရားစွဲမယ်ဆိုပြီး ဒေါသတကြီးထွက်သွားပြီး အဲဒီအိမ်ကိုလည်းပြန်မလာဘဲ ဟိုတယ်မှာပဲ ငှားနေတော့တယ်"တဲ့။ ဒီ ဇာတ်လမ်းလေးကိုကြည့်ရင် လူသားဖြစ်တဲ့အားလျော်စွာ တစ်ယောက်နဲ့တစ်ယောက်တော့ အလျှော့သင့်သလို သည်းခံတတ်ဖို့ ခွန်အားပေးတတ်ကြပါတယ်။ ကိုယ်ကိုယ်တိုင်ကြုံတွေ့လာတဲ့အခါမှာတော့ သည်းခံဖို့မပြောနဲ့ ပြေလည်အောင်တောင်မဖြေရှင်းချင်ကြတော့ပါဘူး။ ဒေါသထွက်ခြင်း၊ စိတ်တိုခြင်း၊ စိတ်မြန်ခြင်း ဆိုတာတွေက စိတ်ကိုပင်ပန်းစေတဲ့အရာတွေဖြစ်သလို အောင်မြင်ခြင်းလမ်းစတွေကို ပိတ်ဆို့တဲ့ အမှိုက်တွေပါပဲ ဆိုတာကို နားလည်ရပါတယ်။

**(၃) သည်းခံတတ်အောင်ဘယ်လိုကျင့်ဆောင်ကြမလဲ**

လူသားတွေသုံးတတ်ကြတဲ့ စကားတစ်ခွန်းရှိပါတယ်။ "သည်းမခံနိုင်တော့ဘူး။ ဘယ်အတိုင်းအတာအထိ သည်းခံရမှာလဲ" စသည်ဖြင့်ပေါ့။ အကြောင်းအရင်းကတော့ လူတွေက အတ္တတွေဖုံးလွှမ်းနေကြတယ်။ ငါဆိုတဲ့ မာန်မာနတွေ တက်နေကြတယ်။ ဒီအရာတွေပိတ်ဆို့နေတော့ သူတို့ရဲ့သည်းခံခွင့်လွှတ်နိုင်စွမ်း ဘယ်မှာရှိနိုင်တော့မလဲ။ (သုတ္တံ ၁၆း၅) မာနကြီးသောသူအပေါင်းတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏လို့ ဖော်ပြထားပါတယ်။

သည်းခံခွင့်လွှတ်လျက် အောင်မြင်မှုတွေကို ရယူပိုင်ဆိုင်ခဲ့သူတွေရဲ့အသက်တာမှာ ဘုရားသခင်ကို ဦးထိပ်ထားပြီး တွေ့ကြုံရတဲ့အခက်အခဲတွေမှာ နှုတ်ကပတ်တော်ကိုဆင်ခြင်နှလုံးသွင်းလျက် ကျော်ဖြတ်ခဲ့တယ်ဆိုတာ ဖတ်ရှုတွေ့ရှိရပါတယ်။ ဒီတော့ ကျမတို့အနေနဲ့ "သည်းမခံနိုင်တော့ဘူးကွာ" လို့ညည်းတွားလိုက်ခြင်းက ကျမတို့ရဲ့အသက်တာမှာ ဘုရားမရှိတော့ဘူးလို့ဆိုလိုက်ခြင်းပါပဲ။ မဿဲ ၅း၁၆ ထဲမှာလို "သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့အလင်းကိုလင်းကြလော့"လို့ ဖော်ပြထားပါတယ်။ ကျမတို့ရဲ့ ပြောဆိုကျင့်ကြံ၊ လုပ်ဆောင်မှုတွေဟာလည်း ကိုယ်တစ်ဦးတစ်ယောက်အတွက်မဟုတ်ဘဲ မိမိရဲ့လုပ်ဆောင်မှုအားဖြင့် ဘုရားသခင်ရဲ့ဘုန်းတော်ကို ထွန်းလင်းစေမှာမို့ သတိပြုလုပ်ဆောင်ရန်လိုအပ်ပါတယ်။

ဒါကြောင့် လုပ်ဆောင်ခြင်း၊ ပြောဆိုပြုမူခြင်းတွေမှာ ကောလောသဲ ၃း၂၃ မှာလိုပဲ ပြုလေသမျှတို့၌ စေတနာစိတ်နှင့်ပြုမူဆောင်ရွက်ကြရပါမယ်။တွေ့ကြုံရတဲ့အခက်အခဲပြဿနာတွေကို ထာဝရဘုရားထံ ခိုလှုံကိုးစားလျက် ငြိမ်သက်ခြင်းရယူတတ်ခြင်းအားဖြင့် ထာဝရဘုရားထံမှ ငြိမ်သက်ခြင်းရယူနိုင်ဖို့ကို (ဖိ ၄း၆-၇) မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် ကျမတို့ရဲ့ဘဝအသက်တာအသီးသီးမှာ ထာဝရဘုရားထံ ခိုလှုံနှီးစားလျက် နှုတ်ကပတ်တော်ရဲ့လမ်းညွှန်ချက်အတိုင်း နှိမ့်ချခြင်း၊ သည်းခံခြင်းပြည့်ဝသောအသက်တာများဖြင့် ထာဝရဘုရား၏ဘုန်းတော်ကို ထွန်းလင်းဖို့ရန် ပါဝင်ဆက်ကပ်ကြပါစို့။ ❖



F-10B



# လက်ဝါးကပ်တိုင်တော်ခေတ်

ဟာသတစ်ခုပြောပြမယ်။
God is Love
Love is blind
So, God is blind

ဖတ်သမျှမှတ်မိတာလေးပြောပြမယ်။


ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ပြီး ဆိုလိုတာက အာရုံငါးပါးနဲ့ခံစားနိုင်တဲ့အရာတွေထဲကတစ်ခုကို အချစ် လို့သတ်မှတ်လိုက်ရင် အဲဒါဟာ အချစ်ပဲတဲ့။

အချစ်ဆိုတာဘာလဲ လို့မေးခဲ့ရင် အဖြေက မေးတဲ့သူဆီမှာရှိတယ်တဲ့။

ဒါပေမဲ့ ဘုရားသခင်က အချစ်ကို လူသတ္တဝါက အချစ်ကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုခဲ့တယ်။ လက်ဝါးကပ်တိုင်နဲ့ ဖော်ပြခဲ့တယ်။

ဒီနေ့ခေတ်က သတင်းအချက်အလက်နည်းပညာခေတ်တဲ့။ ကမ္ဘာကြီးက ရွာတစ်ရွာဖြစ်လာပြီတဲ့။ လူတွေကြည့်လိုက်ရင်လည်း ဟိုသင်တန်းတက်၊ ဒီသင်တန်းတက်၊ လက်ကိုင်ဖုန်းတကားကား။ လူငယ်တွေမတွေ့လိုက်နဲ့၊ တွေ့လိုက်ရင် ဝေ့နေကြတာ အင်တာနက်။

အိုင်တီခေတ်က လူတိုင်းအတွက်မဟုတ်သေးဘူးဗျ။ ငွေရှိမှ အိုင်ပြီးရင် တီလို့ရတာ။



ဒါပေမဲ့ ကျေးဇူးတော်ခေတ် (လက်ဝါးကပ်တိုင်ခေတ်) ကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက လူတိုင်းအတွက်ဖြစ်နေပါပြီ။ ဘုရားသခင်ရဲ့တုနှိုင်းမရတဲ့မေတ္တာအားဖြင့် ရရှိတဲ့ခေတ်ဖြစ်ပါတယ်။

"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" (ရှင်ယောဟန်ခရစ်ဝင် ၃း၁၆)။

စောကြည်ဖြူ



# အတွေ့ရဲ့နိဂုံး

ရာသီတွေ အလီလီပြောင်းပေမယ့် ခံစားရတဲ့ ဝေဒနာဟာ မနေ့တစ်နေ့ကလိုပဲ။ ဝေဒနာကို အချိန်က ကုစားတယ်ဆိုပေမယ့် မေ့ဖျောက်လို့မရတဲ့အရာက ဘယ်တော့မှ မေ့ဖျောက်လို့မရဘူးဆိုတာ ကိုယ့်ကိုယ်ကိုပဲ သိတာပေါ့။ တစ်ချိန်က ကိုယ့်ရဲ့အတ္တ၊ ကိုယ့်ရဲ့မာနကို ဦးထိပ်ထားပြီး ဘာမဆို ငါလုပ်ရင်ရတယ်။ ငါ့အတွက်သာ အရေးကြီးဆုံး၊ ဘယ်သူတွေ ဘာပဲဖြစ်ဖြစ်၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့စိတ်နဲ့ အသက်ရှင်တုန်းကပေါ့။ ပြန်တွေးမိတိုင်း၊ တွေးမိတိုင်း မနေ့တစ်နေ့ကလိုပါလား။ ဟိုးတစ်ချိန် အထက်တန်းကျောင်းတုန်းက ‥



“မေမေ… သမီးကျောင်း သွားတော့မယ်။ မုန့်ဖိုးပေးဦးလေ”

“သမီးရယ် ဒီနေ့ မောင်လေးရဲ့ကျောင်းလခ ပေးလိုက်တာ မေမေ့မှာပိုက်ဆံမရှိတော့ဘူး။ နောက်နေ့မှ ယူတော့နော်။”

“ဟင် မေမေကလည်း ဒီလိုကြီးပဲ။ သမီးမှာ ပိုက်ဆံမရှိတော့ဘူး ဆိုတာ မေမေသိရက်သားနဲ့။ သမီးအတွက်ဆိုရင် ဘယ်တော့မှအဆင်သင့်မရှိဘူး။”

“တော်ပြီကွာ။ ကျောင်းတက်ရတာလည်း အလကားပဲ။ မုန့်ဖိုးတောင်မရှိဘဲနဲ့။ (၁၀) တန်းအောင်တော့လည်း ဘာမှလုပ်စားလို့ရမှာမှ မဟုတ်တာ။အခုကတည်းက ကျောင်းဆက်မတက်တော့ရင် မေမေတို့အတွက်လည်း အလုပ်ပိုမဖြစ်တော့ဘူးပေါ့။”

“သမီးကြီးကလည်း မေမေက ဒီနေ့မယူပါနဲ့လို့ပြောတာ။ နောက်နေ့ကျတော့ မေမေမပေးဘဲနဲ့ နေမှာမှ မဟုတ်တာ။”

“ပြောတာတော့ ဟုတ်တာပေါ့ မေမေရဲ့။ သူငယ်ချင်းတွေက မုန့်စားနေပြီး ကိုယ့်ဆီမှာ တစ်ကျပ်မှမပါရင် ဘယ်လောက်မျက်နှာငယ်ရလဲဆိုတာ မေမေမသိပါဘူး။”

“ကိုယ့်ဝမ်းနာ ကိုယ်သာသိရတယ်သမီးရဲ့။ သူများနဲ့ယှဉ်လို့ရတဲ့ အခြေအနေမှမဟုတ်တာ။ လူဆိုတာ ကိုယ့်ဘဝကိုယ်သိပြီး ကြိုးစားဖို့ပဲလိုတယ်။”

“မလိုချင်ဘူးကွာ။ မေမေ တကယ်မပေးဘူးဆိုရင် သမီး ဒီနေ့ ကျောင်းမသွားတော့ဘူး။”

“ဟာ…ဒီကလေးမလေးနဲ့ တော့ ဒုက္ခပါပဲ”

ကျွန်မနဲ့ မေမေတို့ပြောနေတာကို အစအဆုံးကြားနေရတဲ့ မောင်လေးက ကျွန်မတို့ကြားကို ဝင်ရပြီပေါ့။

“မမ . . . ဒီနေ့ မုန့်ဖိုးယူသွားလိုက်လေ။ ဒီနေ့မှ လကုန်တာဆိုတော့ ကျောင်းလခကို နောက်နေ့မှ ပေးလို့ရပါတယ်။ သားတို့ဆရာမက သဘောကောင်းတယ်မေမေရဲ့။ မမကို မုန့်ဖိုးပေးလိုက်မယ်နော်။”

ဒေါ်အက်စတာတစ်ယောက် ဘာမှပြောချိန်၊ ဆုံးဖြတ်ချိန်တောင်မရှိလိုက်ဘူး။ ထူးအယ်က သူ့အစ်မကို ပိုက်ဆံပေးပြီးသား။

“ဟား‥ အဲဒီလို အလိုက်သိတတ်တဲ့မောင်လေးကို မမကလည်း ချစ်ရတာပေါ့။ မင်းရဲ့ကျေးဇူးတွေ မမ မမေ့ပါဘူး။ မောင်လေးရာ ‥နော့။”

အရာရာမှာသိတတ်လွန်းတဲ့ သားငယ်နဲ့ ဘယ်သူ့အတွက်မှမကြည့်ဘဲ ကိုယ့်အတွက်ကိုယ်သာကြည့်တတ်တဲ့ သမီးကြီးတို့ရဲ့ သဘောထားကိုကြည့်ပြီး သားငယ်အတွက် ပီတိမျက်ရည်ဖြာရပေမယ့် သမီးကြီးအတွက်ကတော့ ရင်ပူလွန်းလှတယ်။ အမေဖြစ်သူစိတ်မကောင်းဖြစ်နေတာကိုကြည့်ပြီး ထူးအယ် တစ်ယောက် စိတ်မကောင်းဖြစ်ရပြန်တယ်။

“မေမေ ဒီနေ့ကျောင်းလခ မပေးနိုင်သေးတဲ့ သားရဲ့သူငယ်ချင်းတွေ အများကြီးရှိပါသေးတယ် မေမေရယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့”

“အေးပါ‥သားလေးရယ်”

“ဒါဆို သားလည်း ကျောင်းသွားတော့မယ်။”

“အေး … အေး”

သမီးနဲ့သား ကျောင်းသွားတာကိုကြည့်ပြီး စိတ်ထဲမကောင်းဖြစ်ရတယ်။ အို‥ ငါဒီလိုနေလို့ ဘာမှဖြစ်မှာ မဟုတ်ဘူး။ ခြံထဲဆင်းပြီး အလုပ်သွားလုပ်တာပဲကောင်းပါတယ်။ ကိုယ့်ဘာသာအားထည့်ရင်း ခင်ပွန်းဖြစ်သူကိုကူဖို့ ခြံထဲဆင်းလာခဲ့တယ်။

“ကိုလှခင်ရယ်‥ ရှင့်သမီးလည်း ရှင်ဆုံးမပါဦး”

“သမီးကြီးက ဘာဖြစ်နေတာလဲကွ။ မင်းသမီးကြီးက ဉာဏ်ကောင်းပြီး သူလုပ်ရမယ့်စာ သူလုပ်နေတာပဲ”

“အဲဒါတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ဒီမနက် ကျောင်းသွားခါနီး ကျွန်မဆီမှာ မုန့်ဖိုးတောင်းတယ်။ သားငယ်အတွက် ကျောင်းလခပေးထားတော့ သူ့အတွက်မရှိတော့တာကိုသောင်းကျန်းတယ်လေ။ မောင်ဖြစ်သူက မနေနိုင်ဘဲ ကျောင်းလခမယူဘဲနဲ့ အစ်မဖြစ်သူကို ပိုက်ဆံပေးလိုက်တယ်။ မောင်ဖြစ်သူက အလျှော့ပေးတာကို ရှင့်သမီးက နေရာတကာ အခွင့်ကောင်းယူနေတယ်လေ။”

“ကလေးတွေက သူတို့ဉာဉ်နဲ့သူတို့ ရှိကြတာပဲ။ သူတို့အသိစိတ်နဲ့သူတို့ပြင်ရမှာ။ ငါတို့ဆုံးမနေလည်း ပြောင်းချင်မှပြောင်းမှာ။ ဘာပဲ

ဖြစ်ဖြစ် ဘုရားလက်ကို အပ်ထားပါကွာ။ သူ ပြောင်းလဲလာမှာပါ။"

"သူပြောင်းလဲလာမယ့်နေ့ကို ဘယ်အထိတောင် စောင့်ရဦးမလဲ မသိဘူး။ ကျွန်မကတော့ ဘုရားသခင် သူ့စိတ်နှလုံးကိုထိတွေ့ဖို့ပဲ ဆုတောင်းပေးရတော့မှာပေါ့။"

နေရာတကာ ဗိုလ်ကျပြီး အနိုင်ယူလွန်းတဲ့ ကျွန်မကို ဖေဖေရော မေမေရော ဥပေက္ခာပြုပြီးနေပေမယ့် ဘုရားကတော့ ကျွန်မကို အမြဲ စောင့်ကြည့်နေတယ် ထင်တယ်။ ကျွန်မ (၁၀) တန်းအောင်တဲ့နှစ်မှာပဲ ကျွန်မတို့မိသားစုရဲ့ စီးပွားရေးအခြေအနေက ဆိုးသထက်ဆိုးလာခဲ့တယ်။ ကျွန်မ ဆက်နေနိုင်ဖို့တောင် အနိုင်နိုင်ဖြစ်လာတယ်။ ဒါကိုသိတဲ့ ကျွန်မရဲ့မောင်လေးက အသက်ကြီးပြီဖြစ်တဲ့ ဖေဖေနဲ့မေမေကိုငဲ့ပြီး ကျောင်းဆက်မနေတော့ဖို့ ပြောလာတယ်။ ဒါပေမဲ့ ဖေဖေနဲ့ မေမေကလည်း သူတို့ရဲ့ပေးနိုင်တဲ့တစ်ခုတည်းသောအမွေက "ပညာ" ပဲရှိတော့ ကျောင်းဆက်တက်စေချင်တယ်။ ဘာပဲဖြစ်ဖြစ် (၁၀) တန်းအောင်အောင်တက်ပြီး ဘွဲ့လေးတစ်ခုခုတော့ ရစေချင်တာပေါ့။ မိဘတွေရဲ့သားသမီးတွေပေါ်မှာထားတဲ့ မကုန်ခမ်းနိုင်တဲ့ မေတ္တာတွေပဲပေါ့။ ဒါပေမဲ့ မောင်လေးကလည်း မရမကပြောပြီး ကျောင်းထွက်ခဲ့သည်။ သူ့ရဲ့တစ်ခုတည်းသော အကြောင်းပြချက်ကတော့ စာမလိုက်နိုင်ဘူးတဲ့လေ။ မေမေဆိုရင် မောင်လေးကိုကြည့်ပြီး စိတ်မကောင်းလွန်းလို့ မျက်ရည်တွေကျခဲ့ရတယ်။ ဖေဖေကတော့ ဘာမှမပြောပေမယ့် မျက်နှာတော့ ညှိုးနေတာပေါ့။ ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ကျွန်မရဲ့ရှေ့ရေးအတွက်ပဲ စဉ်းစားခဲ့တယ်။ ဆယ်တန်းအောင်ပြီဆိုတော့တက္ကသိုလ်ဆက်တက်ချင်တယ်။ တက္ကသိုလ်တက်ဖို့ ကျွန်မပြောတော့ မေမေက "သမီးကြီးရယ် စာပေးစာယူပဲတက်ပါလား"တဲ့။ ကျွန်မပဲလေ သိတယ်မဟုတ်လား။

"မေမေရယ် စာပေးစာယူတက်ရင် ဘွဲ့ရတာပဲရှိမယ်။ အခွင့်အရေး ဘာမှသိပ်ရှိတာမဟုတ်ဘူး။ Day ပဲ တက်ချင်တယ် မေမေရယ်"

မောင်လေးက . .

"မေမေကလည်း မမ Day ပဲ ဆက်တက်ပါစေ။ စာပေးစာယူက ဘာမှပြန်သုံးလို့ရမှာမဟုတ်ဘူး။ မမက တော်ပါတယ် မေမေရဲ့။ မမ Day ပဲ ဆက်တက်"

ဒီလိုနဲ့ ကျွန်မ တက္ကသိုလ်ဆက်တက်ဖြစ်ခဲ့တယ်။ တက္ကသိုလ်ကျောင်းသူတစ်ယောက်ရဲ့ အလှအပအတွက် အဝတ်အစားဖိုး၊ ပျော်ပါးဖို့အတွက် ကုန်တဲ့ငွေတွေက သောက်သောက်လဲပေါ့။

မောင်လေးကတော့ ဖေဖေရဲ့ဥယျာဉ်ခြံကိုပဲ ဆက်ပြီးလုပ်ခဲ့တယ်။ လုပ်အားရှိထားတော့ သူ့ဘာသာပြန်ပြီး လည်ပတ်နိုင်ခဲ့တာပေါ့။ အိမ်မှာ ဘယ်လောက်ထိ ကြိုးစားရှာထားပြီး ရတဲ့ငွေတွေလည်းမသိ။ အိမ်ကပို့တဲ့ငွေတွေကို ဖောဖောသီသီသုံးတဲ့ ကျွန်မကို အခြားကျောင်းသူတွေက ပိုက်ဆံရှိတဲ့လူလို့ပဲ ထင်ကြတာပေါ့။ အဲဒါကိုမှ ကျွန်မကလည်း အကျေနပ်ကြီး ကျေနပ်ခဲ့တယ်။ ထင်ထားတဲ့အတိုင်း ကျွန်မဂုဏ်ထူးတန်း ဆက်တက်ခွင့်ရတယ်။ တစ်နေ့ ကျွန်မတို့အဆောင်မှာ သူငယ်ချင်းတွေနဲ့ ပေါ်လာဝါးလားလုပ်နေတုန်း ဦးလေးဝင်း ရောက်လာခဲ့တယ်။ အဲဒီနေ့ဟာ ကျွန်မရဲ့အတွက်၊ ကျွန်မရဲ့ သူတစ်ပါးအပေါ်မှာငဲ့ညှာမှုမရှိဘဲ နေနိုင်ခဲ့တာကို ဘုရားက အပြင်းဆုံး ဆုံးမပေးခဲ့တဲ့နေ့တစ်နေ့ဆိုတာကို ကျွန်မသိလိုက်ရတယ်။

အဆောင်မှူးအန်တီက၊

"မုဒီရေ . . သမီးရဲ့ဦးလေးတဲ့။ သမီးကိုတွေ့ချင်လို့ လာတာတဲ့။"

"ဟုတ်ကဲ့ အန်တီ၊ လာပါပြီ"

"ဟာ ဦးလေးဝင်း ပါလား။ လာလည်တာလား။ ဒါမှမဟုတ် မုန့်ဖိုး လာပေးတာထင်တယ်။"

"မဟုတ်ဘူး မုဒီရဲ့၊ ထူးအယ်က နင့်ကိုတွေ့ချင်လို့ လာခေါ်ခိုင်းလိုက်တာ"

"မနေ့က မောင်လေး ထူးအယ်၊ ကျွန်မဆီကို ဖုန်းဆက်ပါသေးတယ်။ အိမ်မှာ အဆင်ပြေတယ်တဲ့။ ဒီနှစ် နှင်းဆီစိုက်မလို့ နေရာတွေရှင်းနေတယ်လို့တောင် ပြောသေးတယ်။"

"အေး . . . ဟုတ်တယ်။ အခု အရေးကြီးတယ် မုဒီရဲ့။ မြန်မြန်လေးလုပ်စမ်းပါ"





"ဘာဖြစ်လို့လဲ ဦးလေးဝင်းရဲ့ ထူးအယ် ဘာဖြစ်လို့လဲ"

"နင် အိမ်ရောက်ရင် သိရမှာပေါ့"

"ဦးလေးဝင်းရယ် ကျွန်မစိတ်ထဲ တစ်မျိုးကြီးပဲ။"

"အေးပါဟာ၊ ပြန်ရအောင်လာခဲ့"

ဦးလေးဝင်းနောက်က ရင်တမမနဲ့ လိုက်လာခဲ့တယ်။ ခေါင်းထဲမှာ အတွေးပေါင်းများစွာနဲ့ပါ။ မြို့နဲ့ သိပ်မဝေးလှတဲ့ရွာကို အချိန်သိပ်မကုန်ဘဲ ပြန်ရောက်လာခဲ့တယ်။ ရွာထဲရောက်လို့ အိမ်ရှေ့ရောက်တယ်ဆိုရင်ပဲ လူတွေရှုပ်ရှုပ်နဲ့ ဘာများဖြစ်နေပါလိမ့်။ ကျွန်မ စိုးရိမ်လာသည်။ အိမ်ထဲရောက်တာနဲ့ မေမေက ကျွန်မကိုပြေးဖက်ပြီး "သမီးကြီးရယ် မေမေ့သားကိုကြည့်ပါဦး။ သားငယ်ကိုကယ်ပေးပါဦး။ မေမေ့ရင်ကျိုးရပါပြီ သမီးကြီးရယ်။"

"ဘာတွေဖြစ်ကုန်တာလဲ။ သမီးကိုလည်း ပြောပြကြပါဦး"

ဖေဖေလည်း မျက်ရည်မဆည်နိုင်တော့ဘူး။ ကျွန်မကိုကြည့်ပြီး ချုံးပွဲချငိုပါတော့တယ်။

"သမီးကြီးရယ် မောင်လေး ဒီမနက်ပဲ ဥယျာဉ်ထဲမှာ ပိုးထိလို့။ အဆိပ်က အရမ်းပြင်းတော့ ဖေဖေတို့ ဘယ်လိုမှ အချိန်မမီနိုင်တော့ဘူး ဖြစ်သွားတယ်။ သူ့ကို သွားတွေ့တဲ့အချိန်မှာ အဆိပ်က တစ်ကိုယ်လုံးပျံ့နှံ့နေပြီလေ။"

ဖေဖေပြောမှ ထူးအယ်ကို လှမ်းကြည့်မိတော့ တစ်ကိုယ်လုံးမှာ ပြာနှမ်းနေပြီ။ ပြီးတော့ ကျွန်မကို ကြည့်ပြီး နှုတ်ခမ်းလေးတွေ လှုပ်လာတယ်။

"မ . . မ"

ပီပီသသမဟုတ်ပေမယ့် မုဒီကိုခေါ်နေမှန်း အားလုံးသိကြတယ်လေ။ မုဒီလည်း အနားပြေးကပ်ပြီး။

"မမရှိတယ်။ မောင်လေး ဘာပြောချင်လို့လဲ ပြောလေ။"

တိုးတိုးလေးသာ ထွက်လာတဲ့ လေသံကို မနည်း နားထောင်ယူရတယ်။

"မမ . . ဖေဖေနဲ့မေမေကို ကြည့်နော်"

စကားတစ်ခွန်းပြောထွက်ဖို့ မနည်းအားထုတ်လိုက်ရလို့ ထင်တယ်။ နှမ်းချည်မြင့်ချည်ဖြစ်လာတဲ့ ရင်အုံကိုကြည့်ပြီး အသက်ကို ကြိုးစားရှူနေရတယ်။ ပြီးတော့ မုဒီကို ပြုံးပြုံးလေးကြည့်နေပြီး ငြိမ်သက်သွားရှာတယ်။

"မောင်လေး . . ထူးအယ်"


"ဖေဖေ . . . မေမေ မောင်လေး ကိုခေါ်လို့မရတော့ဘူး။ မေမေ ထူးအယ်ကိုကြည့်ပါဦး။ ဟီးဟီး မောင်လေးရယ် အဖြစ်ဆိုးလှချည်လားကွယ်။ မေမေရယ် မောင်လေး သမီးတို့ကိုထားသွားခဲ့ပြီပေါ့နော်။ မောင်လေးရယ် အားလုံးဟာ မမရဲ့အမှားတွေပါ။ မောင်လေးသာ ကျောင်းဆက်နေရမယ်ဆိုရင် ဒီလိုဖြစ်လာမှာမဟုတ်ဘူး။ အခုတော့ အားလုံးဟာ မမရဲ့အမှားတွေပဲပေါ့နော်။ မမကို ခွင့်လွှတ်ပါမောင်လေးရယ် . ."

ဒီအဖြစ်တွေက ကြာတော့လည်း အတော်ကြာခဲ့ပါပြီ။ ကြာပြီဆို သားငယ်လေးတောင် အခု (၁၀) တန်းကျောင်းသားကြီး ဖြစ်နေပြီလေ။ အမြဲ အစိမ်းရောင်လေးနဲ့ ကျောင်းသွားဖို့ ထွက်လာတဲ့သားငယ်လေးကို ကြည့်မိမှ သတိပြန်ရတော့တယ်။ သားသမီးတွေ ကိုယ့်လို ယူကျုံးမရတဲ့အဖြစ်ဆိုးမျိုး မကြုံရအောင်လို့ တစ်ယောက်နဲ့တစ်ယောက် မျှမျှတတနဲ့ နေတတ်အောင်၊ တစ်ဖက်သားကို နားလည်တတ်အောင် အိမ်ရာဝင်ပုံပြင်လေးအဖြစ် ဒီအဖြစ်အပျက်တွေကို အမြဲ ဥပမာပေးပြီး သင်ပေးခဲ့တယ်။ နောင်လာမယ့် ကိုယ်ရဲ့မြေး၊ မြစ်တွေကို ဒီအရာကိုလက်ဆင့်ကမ်းပြီး သင်ပေးဖို့မှာထားရဦးမယ်။ နောင်တ ဆိုတဲ့အရာက နောင်မှတရတဲ့အရာဆိုတော့ မဖြစ်ခင်ကြိုတင်ကာကွယ်နိုင်အောင် သူတို့လေးတွေကို ဆုံးမပေးရမှာပေါ့။

"မောင်လေးရယ် မမကို ခွင့်လွှတ်ဖို့ မမဆုတောင်းသလို အဘရဲ့ရင်ခွင်မှာ ငြိမ်သက်စွာ နားနေစေဖို့ ဆုတောင်းပေးပါတယ်။" ❑

ဟေမန်

ချစ်သောမောင်နှမများထံသို့ . .



# မျှော်လင့်လျက်ပါမောင်







အချိန်ရာသီတွေ တရွေ့ရွေ့ ကုန်ဆုံးသွားပေမယ့် ကဗျာ့နှလုံးသားရဲ့ကြေကွဲလွမ်းဆွတ်မှုတွေက အရှိန်မလျော့သေးပါဘူး။ တွေးမိတိုင်း လွမ်းဆွတ်မှုတွေက အတိုင်းမသိတိုးပွားလာပြီး ကဗျာ့နှလုံးသားက ကြေကွဲစွာ ငိုကြွေးနေပါတယ်မောင်။ ဘာကြောင့် ရယ်မှန်းမသိ၊ မောင့်ကို အချိန်တိုင်း မဟုတ်တောင် တိုက်ဆိုင်မှုလေးတွေ ရှိတိုင်း သတိရနေမိတယ် မောင်ရယ်။ မောင် ဘာ့ကြောင့်များ နှုတ်မဆက်ဘဲ ကဗျာ့ကိုထားခဲ့တာလဲဟင်။ လောကကြီးက မတရားတာလား။ ဒါမှမဟုတ် အလိုတော်ပဲလား။ အတွေးတွေရဲ့နှိပ်စက်မှုတွေကြောင့် နှစ်မြိုက်စွာ အိပ်မပျော်နိုင်က မေကဗျာ။

◆◆◆

"ကဗျာရေ. . . ကဗျာ"

"ဟုတ်ကဲ့ လာပါပြီ"

"ဒီနေ့မှာ ငါတို့တွေ သင်တန်းတက်ရအောင် နင့်ကိုလာတိုင်ပင်မလို့"

ခေါ်သံနှင့်အတူ ရောက်လာကြသူတို့မှာ ကာရန်နှင့် အလင်္ကာ။ အထက်တန်းကျောင်းသားဘဝကတည်းက အမြဲတမ်း တတွဲတွဲရှိနေကြသူတွေမို့ တစ်ခုလုပ်မယ်ဆိုရင် သုံးယောက်သား ညီညွတ်ပြီးသားလေ။ အခုလည်း Final ကျောင်းသူ ကျောင်းသားတွေ ဖြစ်နေတာတောင်မှ တစ်ယောက်က ဒါလုပ်မယ်ဆိုရင် နောက်နှစ်ယောက်က အော်တိုပါလာပြီးသားပဲ။ မိဘတွေကလည်း သားသမီးတို့ရဲ့အခွင့်အရေးတွေမို့ ပိတ်ပင်တားဆီးမှုတွေမရှိ။ သုံးယောက်စလုံးက English မေဂျာနဲ့ ကျောင်းပြီးတော့မှာမို့ ကျောင်းပိတ်ရင် ဘာလုပ်မလဲဆိုတာကို လမ်းကြောင်းရှာနေကြပြန်တယ်။

"ဘာသင်တန်းတက်မှာလဲ"

"ငါတို့ အခု ကျောင်းပြီးတော့မှာဆိုတော့ အင်္ဂလိပ် Diploma ထပ်တက်ရင်ကောင်းမလားလို့။ ပြီးတော့ ငါတို့ LCCI တက်ရင်ကောင်းမလားလို့"

"အလင်္ကာက Account ကို ပိုစိတ်ဝင်စားတော့ အဲဒါကိုပဲ အရင်တက်မယ်။"

"ကာရန်ကရော"

"ငါကတော့ Diploma ဆက်တက်ဖို့ စဉ်းစားထားတယ်။ ပြီးရင် ရှေ့ဆက်တက်နိုင်ဖို့ အင်္ဂလိပ်စာကို လုံးဝပိုင်ဖို့ အရေးကြီးတယ် မဟုတ်လား။"

"အေး ကဗျာလည်း နှစ်ခုစလုံးတော့ စိတ်ဝင်စားတယ်။ ဒါပေမဲ့ အင်္ဂလိပ်စာကို ပိုစိတ်ဝင်စားတော့ Diploma ပဲ အရင်တက်ရင်ကောင်းမှာပေါ့နော်။"

အခုတော့ ဘဝအတွက် ကိုယ့်လမ်းကိုယ်ရွေးချယ်ရတော့မှာမို့ အတွေ့အကြုံရလာတာနဲ့အမျှ စိတ်ဝင်စားမှုတွေက ပြောင်းလာတတ်တာပဲလေ။ အိမ်နီးချင်းလည်းဖြစ်၊ ဝါသနာတူချင်းလည်းဖြစ်တဲ့ ကဗျာနဲ့ကာရန်တို့က အတူတူတက်ဖြစ်တယ်။ အလင်္ကာတစ်ယောက်ပဲ စာရင်းကိုင်သင်တန်းကို တက်ဖြစ်ကြတယ်။ ကဗျာတို့သုံးယောက် နဂိုလို အချိန်တိုင်း မတွေ့နိုင်ကြတော့ပေမယ့် တနင်္ဂနွေဆိုရင်တော့ ဘုရားကျောင်းမှာ အမြဲဆုံဖြစ်ကြတယ်။ ညနေ C.E ပြီးရင် တစ်ပတ်တာအတွင်း တွေ့ကြုံရတာကိုပြောကြ ဆိုကြ ရယ်မောကြရင်း ပျော်ရွှင်တဲ့ဘဝလေးကို ရယူခဲ့ကြတယ်။

◆◆◆

ကျေးဇူးတော်ကြောင့် မေမေ့ သူငယ်ချင်းတို့ မီဒီယာအလုပ်မှာ အတွေ့အကြုံရအောင် ကဗျာအလုပ်ဝင်လုပ်ခွင့်ရတယ်။ ကာရန်ကတော့ ကျောင်းချိန်လွတ်တဲ့အချိန် သူ့အသိအဆက်နဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်တယ်။ အလင်္ကာကတော့ သူ့အဖေရုံးမှာ အလုပ်ဝင်လုပ်တယ်။ အားလုံး အလုပ်နဲ့အကိုင်နဲ့ဆိုတော့ ကဗျာနဲ့ကာရန်က ကျောင်းချိန်သာတွေ့ရတယ်။ အလင်္ကာကိုတော့ တနင်္ဂနွေနေ့မှပဲ တွေ့ရတယ်။ ဒီလိုနဲ့ တစ်နေ့မှာ အလင်္ကာတစ်ယောက် အိမ်ရောက်လာတယ်။

"ကဗျာ တို့အဖေ နယ်ပြောင်းရတော့မှာမို့ အလင်္ကာတို့ပါ လိုက်သွားရမယ်။ အဲဒါ အလင်္ကာ သင်တန်းဆက်မတက်နိုင်တော့ဘူးကွာ"

"မင်း ဒီမှာကျန်ခဲ့လို့မရဘူးလား"

"အဖေက အကုန်လုံးလိုက်စေချင်တယ်ကွ။ ပြီးတော့ ဒီမှာ ငါကျန်ခဲ့ရင်လည်း ငါတစ်ယောက်တည်းလေ။ အဲဒီတော့ ငါ့ကို သူတို့ဘယ်စိတ်ချမလဲ ဟယ်။"

"အေးပေါ့ဟာ ဘယ်တတ်နိုင်မှာလဲ။ ကာရန်ရော သိပြီးပြီလား"

"သူနဲ့မတွေ့ရသေးဘူး။ ဒီတစ်ရက်နှစ်ရက်အတွင်း သွားရတော့မှာမို့ ငါနဲ့မတွေ့ဖြစ်ရင် ငါနှုတ်ဆက်တယ်လို့ ပြောပေးနော်။ ငါ ဟိုရောက်ရင် နင်တို့ဆီကို ဖုန်းပြန်ဆက်မယ်နော်။ ငါသွားတော့မယ်နော်"

စိတ်မကောင်းစွာနဲ့ ပြန်သွားတဲ့ အလက်ာကိုကြည့်ပြီး ကဗျာတွေဝေသွားမိတယ်။ ဘာကြောင့်များခွဲသွားကြရလဲ။ လောကကြီးက အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေကို ဘာကြောင့်များ တစ်နယ်စီခွဲပေးရတာလဲ။ သူမတရားဘူးထင်တယ်နော်။ အင်း ဒါ အလိုတော်ကြောင့်လား။ ကာရန်သိရင်လည်း စိတ်ကောင်းမှုမဟုတ်ဘူး။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ခွဲရကြတော့ရုံပေါ့။

◆◆◆

ဘာလိုလိုနဲ့ အလက်ာ ခွဲသွားတာ သုံးလတောင်ကျော်သွားပြီ။ ကာရန်တစ်ယောက်လည်း ပျောက်နေလိုက်တာ တနင်္ဂနွေတောင် ဝတ်ပြုချိန်ပဲ တွေ့ရတယ်။ ပြီးတာနဲ့ ပျောက်သွားရော။ တစ်ရက်မှာတော့ ကာရန်အိမ်ကိုရောက်လာတယ်။

"ကဗျာ . . ကဗျာရှိလား"

"ရှိတယ်သားရဲ့။ ဝင်လာခဲ့လေ။ သမီးရေ မောင်ကာရန် လာတယ်။"

"ဟုတ်ကဲ့ လာပြီ မေမေ"

"ဟယ် ကာရန် နင်နဲ့မတွေ့ရတာ အတော်ကြာပြီနော်။ နင် ဘယ်ပျောက်နေတာလဲ။"

"အေးဟ ငါလည်း နောက်အလုပ်တစ်ခုပြောင်းဖို့ ပြင်ဆင်နေရတာနဲ့ နင်နဲ့မတွေ့ဖြစ်တာပါ။"

"ကဲ အခု လာရင်းကိစ္စက"

"ငါတို့ အပြင်မှာ တစ်ခုခုသွားစားပြီးပြောကြရအောင်"

"ကောင်းပြီလေ"

ကာရန်နဲ့ ကဗျာတို့ ထိုင်နေကြလမ်းထိပ်ကလက်ဖက်ရည်ဆိုင်ကိုသွားတော့ အလက်ာ့ကိုသတိရနေမိတယ်။ ခါတိုင်းသုံးယောက်ထိုင်နေကြ။ အခုတော့ နှစ်ယောက်ထဲဆိုတော့ တစ်ခုခုလိုနေသလိုခံစားနေမိတယ်။

"ကဗျာ ဘာတွေတွေးနေတာလဲ၊ ငါခေါ်တာနှစ်ခါရှိပြီ"

"အင်း . . အလက်ာကို သတိရလို့ပါ"

"ကာရန် နင် ငါ့ကို ပြောစရာရှိတယ်ဆို"

"အေး ငါနိုင်ငံခြားကို သွားဖို့ ဆုံးဖြတ်ထားတယ်။ အဲဒါ ငါနင်နဲ့ခွဲသွားရတော့မှာမို့ နင့်ကို ငါစကားတစ်ခွန်းလောက်ပြောချင်တယ်။ နင်ငါ့စကားကို လက်ခံပေးပါနော်။ ကဗျာ နင့်ကို ငါသိပ်ချစ်တယ်။ ငါ့အချစ်တွေကို နင်လက်ခံပေးနိုင်မလား။ ငါမသွားခင် နင့်ဆီက တိကျတဲ့ အဖြေတစ်ခုကို ငါလိုချင်တယ် ကဗျာ"

စကားဝိုင်းလေးက ခဏတာမျှ ငြိမ်သက်သွားသည်။ နှစ်ယောက်စလုံးက မှာယူထားတဲ့ လက်ဖက်ရည်ပန်းကန်ဆီသို့ မျက်နှာပုံအပ်ထားလျက်။ ခဏကြာမှ

"ကဗျာ စကားမပြောတော့ဘူးလား"

"အင်း ကဗျာ့ကို စဉ်းစားခွင့်မပေးတော့ဘူးလား"

"အဲဒါဆိုရင် ရှေ့လထဲမှာ ငါ့မွေးနေ့ရှိတယ်။ အဲဒီနေ့မှာငါ့အတွက် ပျော်ရွှင်စရာမွေးနေ့ဖြစ်အောင် နင်ဖန်တီးပေးဖို့ ငါမျှော်လင့်နေမယ်နော်"

"ဟုတ် . . ."

◆◆◆

ရုတ်တရက် ကာရန်ပြောလာသောစကားကို ကဗျာဘယ်လိုတုံ့ပြန်ရမလဲတောင်မသိတော့။ ဒီလောက်အထိလည်း ကဗျာမမျှော်လင့်ခဲ့မိဘူး။ အမှန်အတိုင်းဝန်ခံရရင်တော့ ကဗျာ သူ့ကိုစိတ်ဝင်စားနေမိတယ်။ အခု သူနိုင်ငံခြားသွားဦးမယ်ဆိုတော့ သူနဲ့ ခဏတာဝေးနေရဦးမှာပေါ့နော်။ အင်း ဝေဒနာတွေထပ်ပွားလာဦးမှာပေါ့။

တစ်ယောက်အကြောင်း တစ်ယောက်နောကြေအောင်သိနေကြသူတွေပဲလေ။ ဘာကြောင့် ချက်ချင်းပြန်မဖြေပေးတာလဲ။ ကိုယ့်ကိုယ်ကို စိတ်တိုနေမိတယ်။ တစ်ဖက်ကလည်း ငါက မိန်းကလေးလေ။ ကိုယ့်သိက္ခာကိုတော့ ထိန်းရဦးမှာပေါ့။ ဒါပေမဲ့ သူ့မွေးနေ့ကျရင်တော့ သူ့အတွက် အကောင်းဆုံးဖြစ်အောင် ငါလုပ်ပေးမယ်။

အတွေးများတွေနဲ့ ပီတိဖြာနေတဲ့ ကဗျာတစ်ယောက် ရှေ့လဆိုတဲ့ ဧပြီလကိုသာ အမြန်ရောက်လာဖို့ စောင့်ကြိုနေမိတယ်။ ဖြစ်နိုင်ရင် အမြန်ရောက်လာအောင် ဆွဲယူထားလိုက်ချင်ရဲ့။

◆◆◆







ဒီနေ့ ကာရန်အတွက် အပျော်ဆုံးနေ့ဖြစ်မယ်လို့ ကာရန်တစ်ယောက် မျှော်လင့်ကောင်းမျှော်လင့်နေမှာပါ။ ကဗျာတစ်ယောက်လည်း မိမိချစ်သူအတွက် အကောင်းဆုံးအဖြေပေးဖို့ အကောင်းဆုံးလက်ဆောင်ပေးဖို့၊ သူ့ကို တစ်နေကုန်အချိန်ပေးမယ်ဆိုပြီး အတွေးတွေနဲ့ ပျော်နေသူကဗျာတစ်ယောက် တေးသွားလေးတွေ ဆိုညည်းကာ အလုပ်ရှုပ်နေလေရဲ့။

အပေါ်ထပ်တက်လိုက်၊ အောက်ဆင်းလိုက်နဲ့ စိတ်က ကဏှာမငြိမ်။ ခေါ်သံကြားလို့ အိမ်ရှေ့ကို အံပြေးလေးထွက်သွားမိတယ်။ အိမ်ရှေ့ရောက်တော့

"ဟင် အရဏ် ပြာပြာသလဲနဲ့ နင်ဘာဖြစ်လာတာလဲ"

မျှော်နေသူက ကာရန်၊ ရောက်လာသူ သူ့ညီ အရဏ်၊ ဘာတွေ လွဲသွားပြီလဲ။

"ကဲ ပြောပါ လာရင်းကိစ္စပြောပါဦး"

"ဟုတ်ကဲ့ မ . . . မ။ အစ်ကိုကား Accident ဖြစ်လို့ ခေါင်းထိသွားတယ်။ သူအခုထိသတိမရသေးဘူး။ နှုတ်ကလည်း မကဗျာကိုပဲ ခေါ်နေတယ်။ အဲဒါနဲ့ အစ်မကို ကျွန်တော်လာခေါ်တာ။"

"ဟင် ဟုတ်လား။ အခု ဘယ်မှာလဲဟင်"

"ရန်ကုန်ဆေးရုံကြီး ပို့ထားရတယ်။ အစ်မလိုက်ခဲ့ပေးလို့ရမလားဟင်"

"အေး အခုပဲလိုက်ခဲ့မယ်။ မေမေ သမီးဆေးရုံကို လိုက်သွားဦးမယ်နော်။ ကာရန် ကား accident ဖြစ်လို့တဲ့"

အပြေးတစ်ပိုင်းနှင့် မေမေ့ကို လှမ်းအသိပေးခဲ့ပြီး အိမ်ပေါ်ကနေ ကဗျာဆင်းလာခဲ့တယ်။

"ကဲ အရဏ် အမြန်မောင်းပေးပါနော်" "ဟုတ်ကဲ့ အစ်မ"

◆◆◆

ကဗျာ့ဆီကိုလာဖို့ ကားနဲ့အထွက် လမ်းပေါ်ကို ပြေးထွက်လာသော ကလေးအားရှောင်ရင်း တစ်ဖက်ကလည်း ဆိုက်ကားရှိနေတာကြောင့် ဘယ်ဘက်ကို အမြန်ချိုးကွေ့လိုက်တာ အရှိန်များသွားပြီး ဓာတ်တိုင်ကိုဝင်တိုက်မိတာလို့ အရဏ်ပြောပြလို့သိလိုက်ရတယ်။

ဒီလိုနေ့မျိုးကို မောင့်အတွက် ရရှိလိမ့်မယ်လို့ ကဗျာတစ်ခါမှ မစဉ်းစားမိသလို မောင်လည်း စဉ်းစားမိမှာမဟုတ်ဘူး။ ဒီနေ့ "မောင်" လို့ခေါ်ပြီး သူတောင်းထားတဲ့အဖြေကို ပေးမယ်လို့ကြံကာရှိသေး။ အခုတော့ မောင့်ကို ဘယ်လိုပုံနဲ့မြင်တွေ့ရတော့မှာလဲဟင်။ စိတ်ကမောင့်ဆီကိုအရမ်းရောက်ချင်နေလို့ ကားရဲ့အရှိန်ကနှေးနေတယ်လို့ထင်နေမိတယ်။ ဆေးရုံကိုရောက်တော့ ပတ်တီးအဖွေးသားနဲ့ မောင့်ကို တွေ့လိုက်ရတယ်။ သတိရတစ်ချက် မရတစ်ချက်နဲ့ ပါးစပ်ကလည်း တစ်စုံတစ်ခုကို ရေရွတ်နေလေရဲ့။

ကဗျာ သူ့နားရောက်ချိန်မှာတော့ သူ့အသက်ကို လုရုန်းနေရတယ်။

"က . . ဗျာ"

"ကိုကို မကဗျာရောက်နေပြီ။ စိတ်အေးအေးထားပြီးနားနေနော်"

ကဗျာ သူ့လက်ကို ကိုင်ထားပေးရုံကလွဲလို့ ကဗျာနှုတ်ဆိတ်နေမိတယ်။ ရင်ထဲမှာလည်း တင်းကြပ်လွန်းသလိုခံစားနေရတယ်။ ကံကြမ္မာကိုအပြစ်တင်ရတော့မှာလား။ မောင်ရယ် မောင့်အတွက် ကဗျာ အားလုံးပြင်ဆင်ထားပြီးပြီ။ မောင် ဘယ်လိုပျော်နိုင်တော့မှာလဲ။

သတိတစ်ချက်ရလာချိန်မှာတော့ သူ ကဗျာ့လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားတယ်။ အသက်ကို လုရုန်းရင်း သူပြောချင်သောစကားများကို လေသံပျော့လေးနဲ့ လုပြောနေရှာတယ်။

"က . . ဗျာ . . ကို . . ချစ် . . . တယ်။ ငါ့ . . အတွက် . . ."

"မောင်"

ရုတ်တရက် ခေါ်လိုက်မိသောစကားလုံးကြောင့် သူမျက်လုံးတစ်ချက်ဝင်းလာပြီး ပြန်မှိတ်သွားပြီ။ သူ ကဗျာချစ်တာကိုသိသွားလို့လားမသိ။ ခဏကြာတော့ ကဗျာ့လက်ကို တင်းကြပ်စွာဆုပ်ကိုင်ထားရင်းက ငြိမ်သက်သွားသလို အသက်ရှူသံတိုးသွားပြီ။ သူ ဘာဖြစ်သွား . . .

"မောင် . . ."

ခေါ်သံကို မောင်မကြားနိုင်တော့ဘူး။ ကဗျာ့နှလုံးသားမှာ နေရာယူပြီးမှ ဘာကြောင့်များ အမြန်ဆုံးခွဲခွာသွားရတာလဲဟင်။ မြားနတ်မောင်လေးရယ် အခွင့်သာရှိနေဦးမယ်ဆိုရင် မောင့်ကို ပြောပေးပါနော်။ ကဗျာ မျှော်လင့်နေပါတယ်လို့။□

# ကျွန်တော်ရဲ့ကောင်းကင်ဘုံလေး

စောချစ်ခိုင်

အိပ်မက်ကနိုးလာပြီးနောက် ဘာကြောင့်မှန်းမသိ၊ ကျွန်တော်သည်းထန်စွာ ငိုမိသည်။ အချိန်ကိုကြည့်မိတော့ မိုးလင်းလုပြီ။ ဒီကနေ့အလုပ်နှစ်ခုကို အပြီးသတ်ရမည်။ လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ကြိုတင်ခန့်မှန်းထားသည့်အချိန်ထက် နောက်ကျပြီးမှ လက်စသတ်နိုင်ခြင်းဖြစ်သည်။ ယခုလို အလုပ်များ၊ စိတ်ဖိစီးမှုကြီးမားသောအချိန်တွေမှာသည်လိုပဲ အိပ်မက်မက်တတ်သည်။ ပြီး … အခုလိုပဲ ငိုကြွေးမိတတ်သည်။ အဘိုးကို အိပ်မက်ခြင်းဖြစ်သည်။ ကျွန်တော့်ကိုချစ်သော၊ ကျွန်တော်ကလည်း အလွန်ချစ်သော အဘိုးကိုအိပ်မက်ခြင်းဖြစ်သည်။ အဘိုးကို မနက်တုန်းက ဖျတ်ခနဲ သတိရလိုက်သေးသည်။ မုန့်ဟင်းခါးစားနေရင်းက ဖြစ်သည်။ အစစအရာရာ ဈေးနှုန်းများကြီးမြင့်နေသည့်မို့ မုန့်ဟင်းခါးတစ်ပွဲစားပြီးနောက် နံနက်စာကို လက်စသတ်လိုက်သည်။ စိတ်ကတော့ မဝချင်သေး။ "အဘိုးနဲ့တုန်းကဆိုရင် …" ဟု စိတ်မှာတွေးမိသည်။ အဘိုးမရှိတော့ပါ။ ကွယ်လွန်သွားခဲ့ပြီးဖြစ်သည်။ သို့သော် ကျွန်တော်၏ ငယ်ဘဝပုံရိပ်များနှင့်အတူ လှပသော အတိတ်ပန်းချီကားချပ်တို့သည် အဘိုးနှင့်အတူ အသက်ဝင်နေဆဲပင်။







၁၉၈၀ ပြည့်လွန်နှစ်များက ဖြစ်သည်။

နံနက် ဝေလီဝေလင်းအချိန်မှာ ကျွန်တော်တို့စီးလာသောသင်္ဘောသည် ဥဩသံပေးလျက် မြောင်းမြဆိပ်ကမ်းဆီသို့ ချဉ်းကပ်နေသည်။ ယခုမြင်နေရသောစကြိန္ဒစေတီတော် ကျော်လွန်ပြီးနောက် မြစ်ကွေ့လွန်လျှင် မြောင်းမြဆိပ်ကမ်းရောက်ပြီ။ အထုပ်အပိုးများသိမ်းဆည်းပြီးနောက် ကျွန်တော်တို့မိသားစု သင်္ဘောပေါ်မှဆင်းရန် အဆင်သင့်ဖြစ်နေပြီ။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ခရီးသည်တင် နှစ်ထပ်သင်္ဘောသည် မြောင်းမြဆိပ်ကမ်းကို ဆိုက်ကပ်ပြီ။ ကျွန်တော်တို့မောင်နှမများ (ကျွန်တော်နှင့် အစ်မနှစ်ဦး) တက်ကြွပျော်ရွှင်နေကြသည်။ သိပ်မကြာမီမှာ အဖိုး၊ အဘိုးတို့ရဲ့အိမ်သို့ရောက်တော့မည်။ အတန်းတင်စာမေးပွဲကြီးဖြေဆိုပြီး၍နွေကျောင်းပိတ်ပြီမို့ ကျွန်တော်တို့မိသားစု အဘိုးအဘွားများထံ အလည်အပတ်လာရောက်ကြခြင်း ဖြစ်သည်။ ကျွန်တော့်ဖခင် (အပါး) ၏မိဘများမှာ မရှိကြတော့။ ကွယ်လွန်သွားကြပြီ။ ယခု ကျွန်တော်တို့ အလည်လာသော အဖိုး၊ အဘိုးက အမိုး (ကျွန်တော့်မိခင်) ၏မိဘများဖြစ်သည်။ အဘိုးက အငြိမ်းစား ကျောင်းအုပ်ဆရာကြီးဖြစ်သည်။ အဖိုးက ကျောင်းဆရာမ လုပ်ဖူးသော်လည်းနောက်ပိုင်းတွင် အလုပ်မှထွက်၍ သားသမီးများကို ကျွေးမွေးပြုစုသော အိမ်ရှင်မအဖြစ်သာ နေတော့သည်။ အဘိုးတို့နေထိုင်သည်က ရေဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ သင်္ဘောကုန်းကြီးအုပ်စု၊ ရေတွင်းရေကန်ရွာ ဖြစ်သည်။

ဆိပ်ခံဗောတံတားလွန်လာပြီး ကမ်းနားလမ်းမရောက်သောအခါ ညာဘက်ချိုးပြီး ကားဂိတ်ရှိရာသို့ ကျွန်တော်တို့ လျှောက်သွားကြသည်။ လက်ထဲမှ အထုပ်အပိုးများကို လေးလံသည်ဟုမထင်မိ။ ကားဂိတ်ရောက်တော့ မြောင်းမြ-ကုန်းသာ (မြောင်းမြမြို့ဟောင်းဘက်) ပြေးဆွဲသော ခရီးသည်တင်ကားပေါ် တက်လိုက်ကြသည်။ ကားဂိတ်တွင်ရပ်ထားသော ကားများက အမျိုးအစားစုံလင်သည်။ ဒေါ့ဂျစ်၊ ဂျစ်ကား၊ အမျိုးအမည်မသိကား (ကားကိုယ်ထည်ကို မိမိဖာသာတည်ဆောက်ထား၍ ကားအမျိုးအစားခွဲပြရန် မတတ်နိုင်ပါ) စသည်ဖြင့် …။ သည့်နောက် ကားစထွက်၊ မြို့ထဲမှလွန်လျှင် တောင်ကုန်းတစ်ကုန်း စတက်ရသည်။ ပြီးနောက် တောင်ကုန်းဆင်းလမ်းအတိုင်း အတန်ငယ်ဆက်မောင်းလျှင် စစ်တပ် (ခလရ ၉၃) ရှေ့ရောက်ရှိသည်။ စစ်တပ်ရှေ့မှာ ဈေးကလေးတစ်ခု ရှိသည်။ (ကျွန်တော်နှင့်အဘိုး မနက်တိုင်းလမ်းလျှောက်ထွက်သည့်အခါ ဒီဈေးကလေးအထိရောက်၊ မုန့်ဟင်းခါးစား၊ အဖိုးအတွက် ဈေးဝယ်ပြီးမှ လှည့်ပြန်ကြသည်။) စစ်တပ်လွန်လျှင် တောင်ကုန်းတစ်ခု (ဘုရားလေးကုန်း) တက်ရပြန်သည်။ စစ်တပ်နှင့်တစ်ဆက်တည်းတွင် လေယာဉ်ကွင်းဟောင်းရှိသည်။ ကမ္ဘာစစ်အတွင်းကမူ ၎င်းလေယာဉ်ကွင်းကို အသုံးပြုခဲ့ဟန်ရှိသည်။ တောင်ကုန်းကိုထပ်ဆင်း၊ အတန်ငယ် ဆက်မောင်းပြီးနောက် လမ်း၏ဘယ်ဘက်တွင် ကျမ်းစာကျောင်းလမ်းပေါက်ဝ ရောက်ပြီ။ ရေတွင်းရေကန်ရွာရောက်ပြီ။ ရွာတွင်အစိုးရအထက်တန်းကျောင်း (အ-ထ-က- ၂) ရှိပြီး ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ မြောင်းမြသာသနာနယ်၏ "ဖူးစောဘု" ကျမ်းစာကျောင်းလည်းရှိသည်။ ကားဆက်မောင်းသွားပြီး နောက်ထပ်တောင်ကုန်းတစ်ခု (စက်ကလေးကုန်း) တက်ပြီးမှ ကားကိုရပ်တန့်ခိုင်းပြီး ကျွန်တော်တို့ ကားပေါ်မှဆင်းကြသည်။ အဖိုး၊ အဘိုးတို့အိမ် ရောက်တော့မည်။ မြောင်းမြမြို့ထဲမှဆိုလျှင် (၃) မိုင်ခန့် ဝေးသည်။

တောလမ်းလေးအတိုင်း ကျွန်တော်တို့ လျှောက်သွားကြသည်။ အပြေးတစ်ပိုင်းနှင့်ဖြစ်သည်။ ရောက်လိုလှပြီ၊ လှည်းလမ်းလေးအတိုင်း ဖြစ်သည်။ အချို့နေရာများတွင် လှည်းဘီးရာက နစ်ပေခန့်အထိ နက်သည်။ နွေကာလမှာပင် သစ်ပင်ထက်မှ နှင်းရည်ပေါက်တို့ပင်ခြေရှိသစ်ရွက်ခြောက်တို့အပေါ် တဖောက်ဖောက်ကျသည်။ သစ်ပင်အောက် မြေကြီးပေါ်ရှိ သစ်ရွက်ခြောက်ထုကလည်း ဆယ်လက်မခန့်ရှိသည်။ နင်းလျှောက်လိုက်တိုင်း တကြွပ်ကြွပ် မြည်သည်။ အုံ့ဆိုင်းနေသော တောတောင်သစ်ပင်များကို မှန်းဆမြင်ယောင်ကြည့်နိုင်ပါသည်။

"ရှူး …. တိုးတိုး" ကျွန်တော်တို့မောင်နှမများ တစ်ယောက်ကိုယ်တစ်ယောက် သတိပေးကြသည်။

လူတက်နင်းသောအခါ မြည်သောသစ်ရွက်ခြောက်သံက ကျယ်လောင်လွန်းသည်။ အဖိုး၊ အဘိုးတို့ သိရှိရိပ်မိသွားမှာစိုးရသည်။ သူတို့ကို အံ့ဩဝမ်းသာစေချင်သည်။ ဟော .. ရောက်ပါပြီ။ တောင်ကုန်းစောင်းမှနေ၍ အဖိုး၊ အဘိုးတို့ရဲ့အိမ်ခေါင်မိုးကိုလှမ်းမြင်ရပြီ။ အိမ်ကလေးက (ကျွန်တော့်စိတ်ထဲ) အလွန်နေချင့်စဖွယ် လှပသည်။ တောင်ကုန်းစောင်းနားလေးမှာ ကပ်လျက် ဆောက်ထားသည်။

"ကဲ ... တစ် .. နှစ် .. သုံး"

"အဖိုး အဘိုးရေ ..."

"အဖိုး အဘိုးရေ ..."

"ဝူး .." ပြန်ထူးသံကြားပြီးနောက် အထုပ်အပိုးများကို အမိုးအပါးတို့လက်ထဲထားခဲ့ပြီး တောင်ကုန်းဆင်းလမ်းလေးအတိုင်း ပြေးဆင်းသွားလိုက်သည်။ အဖိုး အဘိုးတို့အိမ် ရောက်ပြီ။

❖

အဖိုးနှင့်အဘိုးတွင် (ကျွန်တော့်မိခင်အပါအဝင်) သားသမီး (၇) ယောက်ရှိသည်။ မြေးက (၂၄) ယောက်ရှိသည်။ အဖိုးနှင့်အဘိုးမှာ ရေတွင်းရေကန်ရွာရှိ သည်ခြံကြီးထဲမှာ နှစ်ယောက်တည်း နေထိုင်ကြခြင်းဖြစ်သည်။ နွေကျောင်းပိတ်ရက်များတွင် သားသမီးအိမ်ထောင်များ လာရောက်လည်ပတ်နေထိုင်ကြသည်။ မိသားစုဆွေမျိုးများ ဆုံတွေ့ကြသည်။ ကျွန်တော်တို့မိသားစုမှာ နှစ်စဉ် ရောက်ဖြစ်သည်။ ကျန်အချိန်များမှာတော့ အဘိုးကြီး၊ အဖွားကြီး နှစ်ဦးတည်းသာ။ ခြောက်ကပ်ကပ်ကြီး ဖြစ်နေပေမည်။ အဘိုးက မနက်တိုင်း လမ်းလျှောက်၊ အပြန်တွင် ဈေးဝယ်လာ၊ အဖိုးက ချက်ပြုတ် အိမ်မှုကိစ္စလုပ်၊ အိမ်ဥမွေးမြူထားသောကြက်များအား အစာကျွေး၊ ဒီလိုနဲ့ တစ်ရက်ပြီး တစ်ရက်ကုန်ဆုံးသွားသည်။ ညဝတ်ပြုခြင်းတွင် သားသမီးအိမ်ထောင်များအတွက် တစ်ဦးချင်းစီ၏နာမည်တပ်ကာ အားလုံးအတွက် နေ့စဉ် ဆုတောင်းပေးသည်။ နှစ်စဉ် အဖိုးအဘိုးတို့ထံ မိသားစုအလည်လာရာတွင် ကျွန်တော်က မိသားစုနှင့်အတူ ပြန်မလိုက်ဘဲ ရွာတွင် ကျန်နေရစ်သည်။ နွေကျောင်းပိတ်ရက်တောက်လျှောက် အဖိုး အဘိုးနှင့်အတူနေ၊ ကျောင်းဖွင့်ကာနီးမှ ပြန်လာသည်။ ကျွန်တော်က အဘိုးကို ပိုချစ်သည်။ အဘိုးကလည်း အခြားမြေးများထက် ကျွန်တော့်ကို ပိုချစ်သည်ဟု ကျွန်တော်ထင်မိသည်။

ကျွန်တော့်ကို မြောင်းမြမြို့ ရွှေဒါးကုန်းရပ်တွင် မွေးဖွားသည်။ သို့သော် မြို့ထဲမှာ ကျွန်တော် မပျော်၊ အဘိုးတို့ရှိရာ ရေတွင်းရေကန်ရွာမှာပဲ ပျော်သည်။ မနက်မိုးမလင်းမီ အဘိုးက ကျွန်တော့်ကိုခေါ်နှိုးသည်။ မျက်နှာသစ်ပြီးနောက် မြေးအဖိုးနှစ်ယောက် လမ်းလျှောက်ထွက်ကြသည်။ ကတ္တရာလမ်းအတိုင်း မြောင်းမြမြို့ဘက်လျှောက်ကြခြင်းဖြစ်သည်။ လမ်းမှာတွေ့သော လူအများက အဘိုးကိုနှုတ်ဆက်ကြသည်။ ကျောင်းအုပ်ဆရာကြီးမို့ လူသိများသည်ထင့်။ စစ်တပ်ရှေ့ ဈေးကလေးရောက်လျှင် အဘိုးက ဦးကြွက်နီတို့ဆိုင်မှာ ကျွန်တော့်ကို မုန့်ဟင်းခါးကျွေးသည်။ အင်မတန်အရသာရှိသော မြောင်းမြမုန့်ဟင်းခါးဖြစ်သည်။ ကျွန်တော်က ဘူးသီးကြော်နှင့် မုန့်ဟင်းခါးနှစ်ပွဲအမြဲစားသည်။ အဘိုးက "စား ... စားကွ၊ စားနိုင်ကိုယ့်ဖို့ကွ" ဟု ပြုံးလျက်ပြောလေ့ရှိသည်။ အဘိုးမှာ ပိုက်ဆံရှိရဲ့လား၊ ကျွန်တော်မသိပါ။ အဲဒီကိစ္စတွေ နားမလည်သေးသောအရွယ်ပေကိုး။ ပြီးမှ ဈေးကလေးမှာ ဈေးဝယ်၊ အဖိုးအတွက် ဆတ်တားတံဆိပ်မုန့်ကြွပ်၊ ဆီ၊ သကြား၊ ထန်းလျက်၊ ဟင်းချက်စရာ စသည်ဖြင့် ဝယ်ပြီး မြေးအဖိုးနှစ်ယောက် ပြန်လာကြသည်။ အိမ်ပြန်ရောက်လျှင် မီးဖိုချောင်မှာ အဖိုး ထမင်းကြော်ထားသည်ကို ထပ်စားလိုက်သေးသည်။ လမ်းလျှောက်ပြန်လာရ၍ ဗိုက်ပြန်ချောင်သွားပြီကိုး။

❖

အဘိုးတို့အိမ်က ထရံကာ၊ ပျဉ်ခင်း၊ ခြေတံနှင့်အိမ်ဖြစ်သည်။ ထရံကို ရေနံဝအောင်သုတ်ထားသည်။ ခြံက တောင်ကုန်းမြင့်တစ်ဝက်၊ မြေပြန့် (ကွင်း) တစ်ဝက်ဖြစ်သည်။ အိမ်ကို တောင်ကုန်းကိုကျောကပ်ပြီး ကွင်းဘက်မျက်နှာမူကာ ဆောက်ထားသည်။ အိမ်ရှေ့လှေကားမှ





ဆင်းလျှင် အိမ်ရှေ့မှာ မြက်ခင်းပြင်ကျယ်ရှိသည်။ အလုံးကြီးပြီး အသားထူသော အမျိုးကောင်း အုန်းပင်များကို ခြံနယ်နိမိတ်တစ်လျှောက်နှင့် ခြံတွင်းနေရာအချို့မှာ စိုက်ပျိုးထားသည်။ အိမ်ရှေ့မြက်ခင်းပြင်အလွန်တွင် ရေတွင်းရှိသည်။ ရေပုံးကိုကြိုးတပ်ရန်ပင်မလို၊ ဆွဲပုံးယူပြီး ငုံ့ကာခပ်ယူနိုင်သည်အထိ ရေနီး၊ ရေအောင်သည်။ အိမ်ရှေ့နားတွင် သီဟိုပင်အိုကြီးတစ်ပင် ရှိသည်။ အဲဒီအပင်အောက်မှာ ကျွန်တော်တို့ မြေးအဖိုးနှစ်ယောက် လွှဆွဲ၊ ထင်းပေါက် လုပ်ကြသည်။ အိမ်၏ညာဘက် ဘေးကပ်ရက်တွင် အလွန်ချိုပြီး အရသာရှိသည့် အိမ်မာအမျိုးအစား ပိန္နဲပင်တစ်ပင်ရှိသည်။ မလှမ်းမကမ်းမှာ အမျိုးကောင်း သံပုရာပင်နှင့်ရှောက်ပင် ရှိသည်။ တောင်ကုန်းတစ်လျှောက်တွင် နာနတ်ခင်းကို စနစ်တကျ အကွက်ချစိုက်ပျိုးထားသည်။ အမျိုးအလွန်ကောင်းသော နာနတ်ပင်များဖြစ်သည်။ ရှဥ့်များက ၎င်းတို့အလွန်ကြိုက်နှစ်သက်သော နာနတ်သီးများကို လာရောက်ကိုက်ဖောက်စားကြသည်။ တောင်ကုန်းပေါ် မြေမြင့်ပိုင်းမှာတော့ တောအုပ်သဖွယ်ဖြစ်သွားပြီ။ ဝါးတောကြီးရှိသည်။ ထီးရိုးဝါး၊ ဝါးနက်၊ တရက္ကူဝါး၊ ဝါးပိုးဝါး၊ ဝါးယား စသည်ဖြင့် ဝါးအမျိုးအစားစုံလင်လှသလို အိမ်တိုင်၊ အခင်း၊ အကာပျဉ်သုံးရန် လွှဆွဲနိုင်သည့်သစ်ပင်ကြီးများလည်းရှိသည်။ သီဟို၊ ကနစိုး၊ တညင်း၊ မဏိဩယပင်များလည်းရှိသည်။ မြေပြန့်ကွင်းစပ်မှာက ဇရစ်ရိုး၊ ဒမင်းနွယ် စသည့် တို့စရာပင်များ ပေါများလှသည်။ ဇရစ်ရိုး နုနုထွားထွားကြီးများကို တို့စရာအတွက် ကျွန်တော် အားပါးတရ ခူးလေ့ရှိသည်။ စားလို့မကုန်မီမှာပင် နောက်ထပ် ဇရစ်ရိုးအနုများက အလုအယက် ထပ်ထွက်လာကြသည်။

တစ်မိုးတွင်းလုံး သုံးစွဲရန်အတွက်ထင်းကို ကျွန်တော်တို့ မြေးအဖိုးနှစ်ယောက် နွေကာလတွင် ပြင်ဆင်ကြသည်။ ထင်းအတွက် သစ်ပင်ကို ဦးစွာ ရွေးချယ်ခုတ်လှဲသည်။ ပြီးလျှင် အဘိုးကတစ်ဖက်၊ ကျွန်တော်ကတစ်ဖက်၊ လွှဆွဲဖြတ်တောက်ကြသည်။ ကျွန်တော် ငယ်ရွယ်သေးလင့်ကစား၊ အဘိုးက ကျွန်တော့်ကို လေ့ကျင့်ပေးသည်။ သစ်ကိုင်းငယ်များကိုခုတ်ဖြတ်ရန် ဓားကိုင်နည်းကို အဘိုးက သင်ပေးသည်။ ဖြတ်တောက်ထားသော သစ်တုံးများကို ထင်းခွဲခြမ်းများအဖြစ် ခွဲစိတ်နိုင်ရန် ပုဆိန်ကိုင်၊ ပေါက်နည်းကိုလည်း အဘိုးကသင်ပေးသည်။ အသက်ကြီးသည့်တိုင် အဘိုးသည် ကြွက်သားများဖြင့် တောင့်တင်းကြံ့ခိုင်ဆဲဖြစ်သည်။ "မင်း ... ကောင်ပျော့လေးမဖြစ်စေနဲ့ကွ" ဟု အမြဲပြောသည်။ နေ့လည်နေ့ခင်း နားနေချိန်များ၊ ညအိပ်ရာဝင်ချိန်များမှာ ပုံပြင်များ ပြောပြသည်။ သီချင်းဆိုပြသည်။ အဘိုး၏လက်မောင်းသည် ကျွန်တော့်အတွက် ခေါင်းအုံးပင်ဖြစ်သည်။ ကျောင်းတွင် သင်ကြားရသော "ရတနာကျွန်း" (Treasure Island) ပုံဝတ္ထုကို အဘိုးပြောပြ၍ ကျွန်တော် ငယ်စဉ်ကပင် ကျွမ်းဝင်ပြီးဖြစ်သည်။ ညတိုင်း ဝတ်ပြုခြင်းကို မပျက်မကွက်လုပ်ပြီး အလှည့်ကျဆုတောင်းစေခြင်းဖြင့် လေ့ကျင့်ပေးသည်။ တနင်္ဂနွေနေ့ဆိုလျှင် အလုပ်နားပြီး အဘိုးဦးဆောင်ကာ ဘုရားကျောင်းသွားသည်။ ကရင်လူမျိုးတို့ဖြတ်သန်းခဲ့သောသမိုင်းကြောင်း၊ လက်ရှိအခြေအနေ၊ အနာဂတ်တွင် ကျွန်တော်တို့ထမ်းရွက်ရမည့်တာဝန် စသည်ဖြင့် ပြောပြပြီး မှန်ကန်သောအသိအမြင်ရှိဖို့ လမ်းကြောင်းပေးသည်။

❖

၂၀၀၂ ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် အဘိုး ကွယ်လွန်သည်။ အလုပ်များနေ၍ အဘိုး၏ဈာပနသို့ ကျွန်တော် မရောက်နိုင်ခဲ့။ နောက်မှ တွေးရင်းဝမ်းနည်းမိသည်။ မိမိကိုယ်မိမိ အလုပ်များသူဟု ယူဆသည်ကိုး။ ယခုတွင် ပို၍ပင် အချိန်ပို၊ အားလပ်ချိန် ရှားပါးလာသည်။ ကောင်းကင်ဘုံအကြောင်းကို စဉ်းစားသောအခါ ကောင်းကင်ဘုံသည် ကျွန်တော့်အဘိုးခြံကဲ့သို့သော ဝန်းကျင်နှင့် ခံစားမှုမျိုးဖြစ်လိမ့်မည်ဟုထင်မိသည်။ "ကိစ္စများမြောင်လူတို့ဘောင်" ဝယ် ကျွန်တော့်ရဲ့ကောင်းကင်ဘုံလေးက ဖျတ်ခနဲ ပေါ် .. ပေါ်လာတတ်သည်။ လောကဓံကြောင့် ခက်ထန်ကြမ်းတမ်းလာသော ကျွန်တော့်နှလုံးသားကို အဘိုးကိုသတိရလွမ်းဆွတ်၍ ကျသောမျက်ရည်များက နူးညံ့သိမ်မွေ့မှုရှိစေရန် ပြုပြင်ပေးနေတော့သည်။ ❖

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

# စိန်ရတုဓမ္မသဘင်ပွဲတော်ကြီး

(၁၉၃၅-၂၀၁၀)

ပြုလုပ်မည့်နေ့ရက်။ ။ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ

ပြုလုပ်မည့်နေရာ။ ။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
၁၀၄၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။

စီမံအုပ်ချုပ်ရေးကော်မတီ
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

ရှာလုမ် ၈၈



တတိယနှစ်ကျောင်းသူ ကျောင်းသားများ



စတုတ္ထနှစ်ကျောင်းသူ ကျောင်းသားများ



HOLY CROSS THEOLOGICAL COLLEGE
2007-2008 ANNUAL MAGAZINE

graphic d'zai: jonathan(era)